

## ပျဉ်းမနားမောင်နီသင်း

ကျောင်းဆရာရင်ထဲမှကဗျာတစ်ပုဒ်နှင့်

# ပညာရေးစာတမ်း

ဆောင်းပါးများ

(ဒုတိယအကြိမ်)

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်သူ – ဒေါ်ခင်နှင်းလွင် (၀၀၁၄၉)
ရွှေဟသာ်ပုံနှိပ်တိုက်
အမှတ် (၃၁)၊ ဦးရွှေဂွန်းလမ်းတို၊
(၇) ရပ်ကွက်၊ ပုဇွန်တောင်၊ ရန်ကုန်။

ထုတ်ဝေသူ – **ဒေါ်စန်းစန်းအေး (၀၀၀၂၀)**
**စိန်တိုက်စာပေ**
၂၃၁/က၊ တပင်ရွှေထီးလမ်း (မဟာမြိုင်)၊
ဥဿာမြို့သစ်၊ ပဲခူးမြို့။

ပုံနှိပ်ပြီးစီးသည့်လ – အောက်တိုဘာလ၊၂၀၁၈ ခုနှစ်
အုပ်ရေ – ၅၀၀
တန်ဖိုး – ၂၅၀၀ ကျပ်

ဖြန့်ချိရေး – **စိန်တိုက်စာပေ**
၂၃၁/က၊ တပင်ရွှေထီးလမ်း (မဟာမြိုင်)၊
ဥဿာမြို့သစ်၊ ပဲခူးမြို့။
ဖုန်း–၀၅၂ ၃၀၅၁၈၊ ၀၉ ၅၄၁၀၉၃၈၊
၀၉ ၃၁၄၂၆၉၃၅
Email:sansanaye.lyc@gmail.com

၅၀၀

မောင်နီသင်း ၊ ပျဉ်းမနား
ပညာရေးဆောင်းပါးစာတမ်းများ/ပျဉ်းမနားမောင်နီသင်း၊ ရန်ကုန်။
စိန်တိုက်စာပေ၊ ၂၀၁၈။
၁၅၇ – စာ ၊ ၁၃.၅ x ၂၁ စင်တီ။
(၁) ပညာရေးဆောင်းပါးစာတမ်းများ

# မာတိကာ

ပျဉ်းမနားမောင်နီသင်း၏ အမှာစာ
ထုတ်ဝေသူ၏ အမှာစကား
ပန်းတစ်ပွင့်၏ ကျေးဇူးစကား

| စဉ် | ပထမပိုင်း | စာမျက်နှာ |
|---|---|---|
| ၁။ | ကျောင်းဆရာရင်ထဲက ကဗျာတပုဒ် | ၁ |
| ၂။ | နေခြည်ထဲက သူတို့ရွာ | ၆ |
| ၃။ | အလွမ်းနာ | ၁၃ |
| ၄။ | အမိသို့ | ၁၇ |
| ၅။ | မုန်တိုင်းထဲက နှင်းဆီတပင် | ၂၁ |
| ၆။ | ဒုတိယမြောက်အမိ | ၂၅ |
| ၇။ | ဘီလူးမင်းသား | ၃၀ |
| ၈။ | ဖူဂျီယာမတောင်ခြေ၌ | ၃၅ |
| ၉။ | အားသစ် တာဝန်သစ် | ၃၉ |

## ဒုတိယပိုင်း


၁။ ကလေးများချစ်ခင်ကိုးစားသောကျောင်းဆရာ ၄၄
၂။ ကလေးရေးသောစာ ၅၉
၃။ ကလေးပြဇာတ် ၈၃
၄။ ပုံပြင်နှင့် ကလေးပညာရေး ၁၀၄
၅။ ကလေးကဗျာသင်ကြားနည်း ၁၁၁
၆။ ကလေးနှင့် ဂီတရသခံစားမှု ၁၁၆
၇။ စာဖတ်ရန် အသင့်ဖြစ်ခြင်း ၁၂၂
၈။ ကလေး၏ ဘာသာစကားဖွံ့ဖြိုးမှု ၁၃၀
၉။ မြန်မာစကားမပြောသော တိုင်းရင်းသား
ကလေးများအတွက် မြန်မာစာသင်ကြားမှု ၁၃၄
၁၀။ စည်းကမ်းနှင့်စာရိတ္တဖွံ့ဖြိုးမှုပြုစုလေ့ကျင့်ရေး ၁၄၆
၁၁။ လူငယ်နှင့် ဘက်စုံဖွံ့ဖြိုးမှု ၁၅၄


❑

# အမှာစာ

ပညာလောကစာစောင်၊ ပညာတန်ဆောင်မဂ္ဂဇင်းနှင့် ပညာရေး တက္ကသိုလ် မဂ္ဂဇင်းနှင့် အခြားမဂ္ဂဇင်းတို့တွင် ဖော်ပြထည့်သွင်းခဲ့သော ဆောင်းပါးများအနက် သင့်နိုးရာ တို့ကို စုစည်း၍ ဤစာအုပ်တွင် ဖော်ပြထားပါသည်။

ဤစာအုပ်ပါ စာတမ်းနှင့် ဆောင်းပါးများ ရေးသားဖြစ် အောင် တိုက်တွန်းအားပေးခဲ့သော ဆရာ-ဆရာမများနှင့် ထည့်သွင်း ဖော်ပြပေးခဲ့သော စာစောင်တို့၏ ကျေးဇူး ကို အထူးအောက်မေ့ပါကြောင်း လေးစားစွာ ဖော်ပြပါ သည်။ ။

**ပျဉ်းမနားမောင်နီသင်း**

# ထုတ်ဝေသူ၏ အမှာစကား

ပျဉ်းမနားမောင်နီသင်းကို အမျိုးသားစာပေဆုများရှင်လို့ အများက သိကြတယ်။ ဒါပေမဲ့ ပညာရေး ပညာရှင်တစ်ယောက် လည်း ဖြစ်တယ်လို့ သိသူရှားပါတယ်။ ဒီစာအုပ်ကိုဖတ်ဖူးသူတွေပဲ သူ့ကို ပညာရေး ပညာရှင်တစ်ယောက်ဖြစ်တယ်၊ နိုင်ငံအတွက် ပညာရေးသုတေသနလုပ်ငန်းတွေ လုပ်ခဲ့တယ်ဆိုတာ သိကြပါတယ်။

အစ်ကို မောင်နီသင်း ကွယ်လွန်ပြီး (၁) နှစ်ပတ်လည်လောက် မှာ အစ်ကို့ရဲ့ ချစ်လှစွာသောဇနီး အစ်မကြီး ဒေါ်ရီရီမြင့်က ကျွန်တော်တို့ထုတ်ပေးခဲ့ဖူးတဲ့ "စာစီစာကုံး အတွေးနှင့်အရေး" စာအုပ် ထပ်ထုတ်ပေးဦးမလားလို့ မေးလာခဲ့ပါတယ်။ ကျွန်တော် က "အဲဒီစာအုပ်တော့ ထပ်မထုတ်တော့ဘူး၊ အစ်ကို့ အမျိုးသား စာပေဆု စရခဲ့တဲ့ 'ကောက်ရိတ်ချိန်' စာအုပ်ကို ထုတ်ပေးချင်တယ်" လို့ ပြောတော့ အစ်မကြီးက သဘောတူတယ်။ ဒါပေမဲ့ ကျွန်တော် တို့လက်ထဲမှာ အဲဒီစာအုပ်မရှိလို့ ဒီစာအုပ်ဟာ စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်မှာ ပါတာကြောင့် စာပေဗိမာန်စာကြည့်တိုက် ကို သွားရှာခဲ့တယ်။ မရခဲ့ပါဘူး။ အတော်စိတ်မကောင်းစရာ ဖြစ်ခဲ့ ရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ စာကြည့်တိုက်လောကမှာ အားအထားရဆုံးလို့ ယူဆလောက်တဲ့ စာကြည့်တိုက်ရဲ့ စာအုပ်များ ထိန်းသိမ်းထားရှိမှု အားနည်းချက်ကိုတော့ ပြုပြင်သင့်ပါပြီ။

ထုတ်ပေးချင်တဲ့စာအုပ်မရလို့ စိတ်ပျက်နေချိန်မှာဘဲ ရန်ကုန်ပညာရေးတက္ကသိုလ်က ကိုကိုလင်း (အမေ့အိမ်) က အခုထုတ်လိုက်တဲ့ စာအုပ်ကို ထုတ်ပေးဖို့ အကြံပြုပါတယ်။ အကြံကောင်းဖြစ်လို့ လက်ခံလိုက်ပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ အစ်မကြီး ဒေါ်ရီရီမြင့်ကလည်း ထုတ်ဝေပေးဖို့ ပြောလာတာကြောင့် ဒီစာအုပ်ကို ထုတ်ပေးလိုက်ပါတယ်။ ကွယ်လွန်သူ့ဇနီးရဲ့ ဆန္ဒအရ စာအုပ်ကို ပထမအကြိမ်ရိုက်စဉ်ကအတိုင်း သတ်ပုံသတ်ညွှန်းများကို မပြုမပြင်ဘဲ ထားလိုက်ပါတယ်။ စာဖတ်သူတို့အနေနဲ့လည်း ၁၉၆၀ ဝန်းကျင်တစ်ဝိုက်က သတ်ပုံမတည်ငြိမ်သေးပုံကိုလည်း လေ့လာနိုင်မယ်လို့ မျှော်လင့်မိပါတယ်။ စာဖတ်သူတို့အဖို့ သုတ၊ ရသ စွယ်စုံရနိုင်တဲ့ ပညာရေးစာအုပ်လေး ဖြစ်ပါတယ်။ အထူးသဖြင့် အခြေခံပညာက ဆရာ/ဆရာမ များအတွက် လက်စွဲစာအုပ်ဖြစ်လိမ့်မယ်လို့ ထင်မြင်မိပါတယ်။

**စိန်တိုက်စာပေ**

# ပန်းတစ်ပွင့်၏ ကျေးဇူးစကား

(၁)

"ပန်းကလေးများ ပွင့်တော့မည်
ဖူးတံ ဝင့်လို့ချီ
နေခြည်မှာ ရွှေရည်လောင်း
ငါတို့ စာသင်ကျောင်း"

ကျွန်တော်တို့ ငယ်စဉ်က "တို့ကျောင်း" ကဗျာလေးကို ပျော်ရွှင်မြူးထူးစွာ ရွတ်ဆိုခဲ့ကြပါ၏။ ကိုယ်ခန္ဓာလေးတွေ ယိမ်းကာ နွဲ့ကာဖြင့် သောကဗျာပါဒကင်းစွာ ရွတ်ဆိုခဲ့ကြပါ၏။ ရင်ထဲနှလုံးထဲ၌ လည်းစာကို ချစ်စိတ်၊ အပေါင်းအသင်းကို ချစ်စိတ်၊ ဆရာကို ချစ်စိတ်၊ ပညာကို ချစ်စိတ်တို့ တဖြည်းဖြည်း တိုးတက်လာခဲ့ရ၏။ ကဗျာသရုပ်ဖော်လေးကလည်း ထိုခံစားချက်ကို အမိအရ လှုံ့ဆော်ပေးနေပြန်၏။ နံနက်ခင်း နေခြည်ဖျန်းစ၊ အလံတိုင်ထိပ်ရှိ နိုင်ငံ တော်အလံကလေထဲမှာ တလူလူ လွင့်လို့၊ ယိမ်းလို့ နွဲ့လို့၊ လွယ် အိတ်ကလေးများကိုယ်စီလွယ်ထားကြသည့် သနပ်ခါးပါးကွက်လေး များက ရွှင်ပြုံးစွာကျောင်းသို့ ချီတက်လာကြ၏။ ပန်းဥယျာဉ်တွင်းမှ ရောင်စုံပန်းလေးတွေက လှလှပပ ကြွကြွရွရွ။ အနာဂတ်ကို အလှဆင်နေကြသည့် နိမိတ်သင်္ကေတန်များဟု ဆိုရပေမည်။ ထိုသို့ ကျွန်တော်တို့ ကလေးဘဝ၌ ကျောင်းနေပျော်အောင် ထိုကဗျာလေးကို ရေးဖွဲ့ပေးခဲ့သူ၏ကျေးဇူးကား ကြီးမားလှပါဘိ။

ငယ်စဉ်ကတော့ ကဗျာစာဆိုကား မည်သူဟူ၍ မသိခဲ့ရပါ။ သို့သော် နောင်အခါတွင် ကဗျာစာဆိုရှင်ကား **ဆရာပျဉ်းမနား မောင်နီသင်း** ဟု သိရ၏။ ယခု ကျောင်းသင်ရိုး၌ စာဆိုရှင်တို့၏ အမည်ကို ဂုဏ်ပြုဖော်ပြပေးထားသဖြင့် မျိုးဆက်သစ်တို့သည် ကျွန်တော်တို့ကဲ့သို့ ကိုယ့်ကျေးဇူးရှင်ကို နှစ်ပေါင်းများစွာတိုင် သိခွင့် မရခဲ့ရှာသည့် ခံစားချက်မျိုးကို မရရှိတော့ပေ။ စာဆိုတို့၏ အမည် များကို ဖော်ပြခွင့်ရအောင် အားထုတ်ပေးခဲ့ကြသူများကိုလည်း ကျေးဇူးတင်ရပါ၏။ ဩော် ကလေးငယ်တို့သည် "တို့ကျောင်း" ကဗျာ လေးကို ရွှင်ရွှင်ပြုံးပြုံးဖြင့် ရွတ်ဆိုနေကြသည်ကို မြင်တွေ့ ကြားရတိုင်း စာဆိုရှင်ကို ပို၍ တမ်းတ လွမ်းဆွတ်မိပါတော့၏။

(၂)

ကျွန်တော့်ဘဝ၏ ကံကောင်းခြင်းများထဲတွင် ကိုယ်ချစ်ခင်မြတ် နိုးမိသူများနှင့် ဆုံတွေ့ခွင့်ရခဲ့ခြင်းသည်လည်း တစ်ခု အပါအဝင် ဖြစ်၏။ ကျွန်တော် ပညာရေးတက္ကသိုလ်မှာ ဆရာပေါက်စပြန်ဖြစ် ပြီး စာပေအသိုင်းအဝိုင်းထဲ ခြေလှမ်းခါစ၌ ဆရာပျဉ်းမနားမောင်နီ သင်းနှင့် ကြုံတောင့်ကြုံခဲ ဆုံခဲ့ရပါသည်။ ထိုဆုံတွေ့ခဲ့ရသည့် တဒင်္ဂ လေးသည် ကျွန်တော့်ဘဝအတွက် ဂုဏ်ယူစရာ အခိုက်အတန့်များ လည်း ဖြစ်ပါ၏။ ကျွန်တော်တို့ မျိုးဆက်သစ်လေးတွေကို ကျောင်း နေပျော်အောင် ကလေး ကဗျာလေးတွေ ဖန်တီးပေးခဲ့သော သူ၏ စာပေကျေးဇူးကို တစ်သက်မမေ့နိုင်ပါ။ ကျွန်တော်တို့၏ နောက်မျိုး ဆက်များကလည်း သူ့ကဗျာလေးကို ရွတ်ကြသီကြနေဦးမည်သာ ဖြစ်ပေ၏။

ဆရာနှင့် ဆုံတွေ့ခဲ့ရပုံလေးကို ပြန်သတိရမိပါ၏။ ဆရာကြီး ဒေါက်တာမောင်မောင်က ခေါ်၍ လိုက်သွားခဲ့ခြင်း ဖြစ်ပါ၏။ ၂၀၁၇ ခုနှစ်၊ မေလလောက်က ဖြစ်မည်ထင်၏။ ထိုအခါက ကျွန်တော်က မဂ္ဂဇင်း၊ ဂျာနယ်များ၌ စာတိုပေစလေးများ စရေးဖြစ်နေ၏။

ထို့ကြောင့် ဆရာပျဉ်းမနားမောင်နီသင်းနှင့် တွေ့ဆုံရမည့် မဟာအခွင့်အရေးကို ကျွန်တော် အမိအရ ဖမ်းယူခဲ့၏။ ဆရာကြီးဒေါက်တာမောင်မောင်က မြန်မာစာသင်ရိုးပြဌာန်းရေး၌ အဖွဲ့ဝင်အဖြစ် ပါဝင်နေလေရာ "အောင်ဆန်းဇာနည်" ကဗျာ၏ စာဆိုအမည်ကို အတည်ပြုဖို့ ဆရာပျဉ်းမနားမောင်နီသင်းဆီ သွားမေးဖို့ဖြစ်၏။ ဆရာပျဉ်းမနားမောင်နီသင်းသည် ယခင်က မြန်မာစာသင်ရိုးပြုစုရေး၌ ပါဝင်ခဲ့သဖြင့် ယခုကိစ္စအတွက် ကိုးစားနိုင်သောသက်ရှိပုဂ္ဂိုလ်လည်း ဖြစ်နေပြန်၏။ သို့နှင့် သူရှိရာ ကမာရွတ်မြို့နယ်ထဲက ပြည်ရိပ်မွန်အိမ်ရာသို့ သွားရောက်ခဲ့၏။

ကျွန်တော်တို့ ရောက်တော့ ဆရာပျဉ်းမနားမောင်နီသင်းက အိပ်ရာထက်က မထနိုင်ရှာပြီ။ မှတ်မှတ်ရရ ဆရာသည် သင်ဖြူးဖျာလေးထက်၌ လဲလျောင်းရင်း ကျွန်တော်တို့ကို ပြုံးပြနှုတ်ဆက်ရှာ၏။ ဆရာကြီး ဒေါက်တာမောင်မောင်က သိလိုသည်တို့ကို မေးမြန်း၏။ မူလကဗျာစာဆို၏ "အောင်ဆန်းဇာနည်" ကဗျာကို ဆရာဂျမ်း (ဆရာကြီးတင်မိုး) က တည်းဖြတ်ပြီး သင်ရိုး၌ ပြဌာန်းပေးခဲ့သည်ဟု ဆိုသည်။ ကျွန်တော်တို့သည် ဟိုဟိုသည်သည် ပြောကြဆိုကြပြီးနောက် ပြန်ဖို့ဖြစ်လာ၏။ ထိုစဉ် "ကျွန်တော့်ပန်းကလေးတွေ ပွင့်ပြီလားဆရာ" ဟူသော သူ၏ စကားလေးက ကျွန်တော့်ရင်ထဲ ခံစားရစေ၏။ ဩော်. . . ပန်းကလေးတစ်ပွင့်က ဆရာ့ရှေ့မှောက် ရောက်နေခဲ့ပြီလေ။ ပန်းဥယျာဉ်မှ ပန်းပေါင်းများစွာ ပွင့်ခဲ့ပါပြီကော။ နောင်လည်း ပွင့်ပေလိမ့်ဦးမည်တကား။

ကျွန်တော်တို့ ရောက်ပြီး တစ်လအကြာ၌ ဆရာ့နာရေးသတင်းကို တွေ့ရလေတော့၏။ ဆရာနှင့် တွေ့ခဲ့ရသည့် တစ်ခေါက်ကကျွန်တော့်အတွက် ထာဝရနှုတ်ဆက်ဖို့များ ဖြစ်နေရော့သလား မသိပေ။ နေ့မြင်ညပျောက်ဟူသည့် မတည်မြဲခြင်းသဘောကိုများ ဖော်ပြသွားနေသလား မသိပေ။

(၃)

"ကိုကိုလင်းရေ. . . ဆရာပျဉ်းမနား မောင်နီသင်းရဲ့ အမျိုး သား စာပေဆုရ ကဗျာစာအုပ်လေး ရှာပေးပါဦး။ ပြန်ထုတ်ပေးချင် လို့" ဆိုပြီး ဆရာကြီးဦးမြင့်လွင် (စိန်တိုက်စာပေ) က အကူအညီ တောင်း လာပါသည်။ နောက်ဆုံးမှာ ကျွန်တော်က ခု "ကျောင်းဆရာ ရင်ထဲ က ကဗျာတပုဒ်နှင့် ပညာရေးစာတမ်းဆောင်းပါးများ" ကို ထုတ်ဖို့ အကြံပြုလိုက်ပါသည်။ သို့နှင့် ဆရာ၊ ဆရာမများအတွက် ယခု စာအုပ်လေးကို ပြန်လည်ထုတ်ဝေဖြစ်ခြင်း ဖြစ်ပါ၏။ ထို့အတွက် လည်း ကွယ်လွန်သူ ဆရာပျဉ်းမနားမောင်နီသင်း၏ ဇနီးနှင့် ထုတ် ဝေပေးသူ ဆရာကြီးတို့ကို အထူးကျေးဇူးတင်မိပါ၏။

ဆရာပျဉ်းမနားမောင်နီသင်းသည် ၁၉၇၁ ခုနှစ်တွင် ပညာရေး တက္ကသိုလ်မှ ပညာရေးဘွဲ့ (B.Ed.) ရခဲ့၏။ ၁၉၈၄ ခုနှစ်တွင် မဟာ ပညာရေးဘွဲ့ (M.Ed.) ရခဲ့၏။ ဆရာကြီး ဦးမြင့်လွင်သည် ၁၉၇၇ ခုနှစ်၊ (နိုဝင်ဘာ) တွင် ပညာရေးဘွဲ့ရခဲ့၏။ ကျွန်တော်သည် ၂၀၁၁ ခုနှစ်တွင် ပညာရေးဘွဲ့၊ ၂၀၁၅ ခုနှစ်တွင် မဟာပညာရေးဘွဲ့ရခဲ့ ၏။ ထို့အတူ ဆရာပျဉ်းမနား မောင်နီသင်း၏ ဇနီးသည်လည်း ပညာရေးတက္ကသိုလ် ကျောင်းဆင်းတစ်ဦးဖြစ်ကြောင်း သိရပါ၏။ ထို့ကြောင့် ဤစာအုပ်သည် အမိတက္ကသိုလ်၏ အမိုးတစ်ခုတည်း အောက်တွင် ပညာသင်ယူခဲ့သော သားသမီးတို့၏ ဆုံဆည်းရာ သဖွယ်လည်း ဖြစ်နေသည်က ထူးခြားမှုတစ်ခု ဖြစ်သည်ဟု ခံယူမိ ပါ၏။

ဆရာပျဉ်းမနားမောင်နီသင်းကို လက်ာဆရာ၊ ကဗျာစာဆိုဟု သာ လူသိများကြပါ၏။ ရသစာတမ်းဆရာအဖြစ် သိသူ ရှား၏။ သူသည် ကျောင်းဆရာဘဝ တွေ့ကြုံခံစားရသည်တို့ကို ကဗျာဖွဲ့ သလို ရသစာတမ်းလည်း ရေးဖွဲ့ပါ၏။ အမိတက္ကသိုလ် နှစ်လည် မဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း၊ တက္ကသိုလ်ပုံနှိပ်တိုက်မဂ္ဂဇင်းတို့တွင် ရေး သားခဲ့ပါသည်။ ကျောင်းဆရာတစ်ဦး၏ ရင်တွင်း ဝေဒနာတို့ကို

လက်ာသမားပီပီ နုနုလှလှ ရေးဖွဲ့ထားသည်မှာ ဖတ်၍ မငြီးနိုင်အောင်ပေ။ လက်က မချနိုင်ပေ။ သူ့ရသစာတမ်းများက ကျောင်းဆရာဘဝ၏ မွန်မြတ်သန့်စင်ခြင်း၊ ရိုးရှင်းလှပခြင်းတို့ကို ဖော်ကျူးပြထားပေ၏။ "ကျောင်းဆရာရင်ထဲက ကဗျာတပုဒ်" တွင် လူနာခုတင်ပေါ်၌ သေမင်းနှင့် စစ်ခင်းနေရရှာသော အမိအတွက် ပူပန်သောက ဝေနေရသော ကျောင်းဆရာ ဉယျာဉ်မှူးတစ်ဦးသည် တပည့်သူနာပြုမလေး၏ ကျေးဇူးသိတတ်မှုတို့ကြောင့် ကြည်နူးပီတိဖြစ်ရပုံကို ခံစားမိစေ၏။ "နေခြည်ထဲက သူတို့ရွာ" ၌ "အ" သုံးလုံးလှုပ်ရှားမှု အတွေ့အကြုံကို အခြေခံ၍ ကျေးလက်နေပြည်သူတို့၏ ရိုးသားမှု၊ ဖြူစင်မှုအလှတို့ကို ခံစားမိစေပြန်၏။ "အလွမ်းနာ" ၌ စာရင်းဇယားများနှင့် အလုပ်လုပ်နေရသော ဆရာသည် သူ၏ ကာမိန်မြစ်ကမ်းက ကျောင်းကလေးနှင့် တပည့်များကို ပြန်လည်လွမ်းဆွတ်နေပုံကို ဖော်ကျူးထား၏။ ကျောင်းဆရာတစ်ယောက်၏ ရင်တွင်းခံစားချက်ကို ပေါ်လွင်စေပါ၏။ "အမိသို့" တွင် လုပ်ငန်းခွင်တွင်း ရောက်ရှိသွားသော ဆရာက အမိပညာရေးတက္ကသိုလ်၏ ဂုဏ်ကျေးဇူးတရားတို့ကို ပြန်လည်အောက်မေ့သတိရနေပုံ၊ ဒံပေါင်းအဖော်များကို လွမ်းဆွတ်သတိရနေပုံတို့ကို တွေ့ရပါသည်။ အဝေးရောက်သားတစ်ယောက်၏ ရင်တွင်းဝေဒနာကို ပီပီပြင်ပြင် ခံစားရစေ၏။ "မုန်တိုင်းထဲက နှင်းဆီတပင်" ကလည်း အတွေးသစ်အမြင်သစ်များကို ချန်ထားခဲ့နိုင်ပြန်၏။ တယုတယနှင့် ပြုစုထားသည့် နှင်းဆီပင်လေးသည် မုန်တိုင်းမိ၍ အကိုင်းအခက်များ၊ အဖူးအပွင့်များ ကျိုးကြေသွားရှာ၏။ ဆရာသည် နှင်းဆီပင်လေးအတွက် နှမြောတသဖြစ်မိရှာသလို ခြံစည်းရိုး၌ ဖွေးဖွေးလှုပ် ဖူးပွင့်နေရှာသည့် ပိုင်ရှင်မဲ့ အမည်မသိပန်းကလေးများအတွက်လည်း မုဒိတာပွားပေးနေပြန်၏။ သူ၏ ခံစားချက်အား ဖော်ပြပုံလေးကို ကြည့်ပါ။

"ကျွန်တော်သည် မုန်တိုင်းထဲ၌ မပွင့်ရဲရှာခဲ့သော နှင်းဆီပင်လေးကို ကောင်းစွာ ဆောက်တည်သောစိတ်ဖြင့် ကြည့်ရင်း အမျှဝေလိုက်ပါတော့သည်။ တစ်ဆက်တည်းပင် မုန်

တိုင်းထဲ၌ ပွင့်လာကြသော အရှင်မရှိ၊ အမည်မသိ ပန်းကလေးများကိုလည်း ကောင်းစွာ သန့်စင်သောစိတ်ဖြင့် ကြည့်ရင်း သာခုခေါ် လိုက်ပါတော့သည်"

အတွေးသစ်များကို ပေးစွမ်းနိုင်သော သူ၏ အဖွဲ့အနွဲ့အောက်တွင် ကျွန်တော်သည် တွေးစရာများဖြင့် ကျန်ရစ်ခဲ့ရပါ၏။ မုန်တိုင်းထဲ၌ ပွင့်ရဲအောင် ကျွန်တော် ကိုယ့်ကိုယ်ကိုယ် လေ့ကျင့်ရပေဦးမည်။ ထို့အတူ ကျွန်တော်တို့ မျိုးဆက်များကို ထိုသို့ လောကဓံတရား၏ အထုအရိုက်များကို ကြံ့ကြံ့ခံနိုင်၍ ပွင့်ရဲစွင့်ရဲအောင် ပျိုးထောင်ရပေဦးမည်ဟု ကျွန်တော် ခံယူမိလိုက်ပါသည်။

"ဒုတိယမြောက်အမိ"၌ ဆရာသည် "ဝလုံး" လေးတွေ ဝိုင်းအောင် လေ့ကျင့်သင်ကြားပေးလိုက်သော ငယ်ဆရာများနှင့် စာသင်ကျောင်းတို့၏ ကျေးဇူးတို့ကို ဖော်ကျူးထား၏။ "ဘီလူးမင်းသား" သည် လူ့လောကကို သရော်ပြထား၏။ ကိုယ့်မျက်စိရှေ့တွင် ဒုက္ခရောက်နေသူကို မကူညီဘဲ ရပ်ကြည့်နေသူတွေကို ဆရာသည် ရှုံ့ချ၍ ဘီလူးမင်းသား ကိုဒတ်သ၏ ကူညီတတ်မှုကို ချီးကျူးဂုဏ်ပြုထား၏။ လက်ပိုက်ရပ်ကြည့်နေမိသူ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်လည်သတိပေးဆုံးမထား၏။ "ဖူဂျီယာမတောင်ခြေ၌" သည် ဆရာဂျပန်ရောက်ခိုက် ဖူဂျီတောင်နှင့် ချယ်ရီပန်းတို့မြင်မိ၍ အမိမြေကပုပ္ပားတောင်တော်နှင့် စကားဝါပန်းတို့ကို လွမ်းဆွတ် တသနေပုံကို ဖော်ကျူးထား၏။ ကိုယ့်မြေကိုယ့်ရေကို ချစ်ခင်တွယ်တာလို စိတ်တို့ကို ပေါ်ပေါက်လာစေသော ရသစာတမ်း တစ်ပုဒ်ဖြစ်၏။ "အားသစ် တာဝန်သစ်" သည် အတွေးဆန်းသစ်သော ရသစာတမ်းကောင်းတစ်ပုဒ်ဖြစ်၏။ အရေးအဖွဲ့ လှပသေသပ်၏။ အတွေးသစ်နှင့်အတူ ရသခံစားမှုကို ချန်ထားပေးနိုင်၏။ ဆရာကြီး မင်းသုဝဏ်က ပျဉ်းမငုတ်တိုကြီးကိုကြည့်၍ လူသားအားမာန်ကို ဖွဲ့၏။ ဆရာပျဉ်းမနားမောင်နီသင်းကမူ မန်ကျည်းငုတ်တိုကြီးကို ကြည့်ကာလောကအတွက် မန်ကျည်း မျိုးစေ့များ ချပေးနိုင်ခဲ့ပုံ၊ ထိုမျိုးစေ့များက

ဆန်အိုးသည်လည်းကောင်း၊ ဆီအိုးသည်လည်းကောင်း၊ ပောက်ပက်ဖြစ်ရှာတော့မည်ဟု အမိသည် မကြာခဏတွေး၍ ငါ့အတွက်ကြေကွဲလျက်ရှိခဲ့ရှာ၏။

အို. . . အမိ။ ငါ၏အိမ်မှ ဆန်အိုးနှင့် ဆီအိုးမပြည့်ဖြိုးစေကာမူ ငါ၏ ရင်တွင် အမိအတွက် အချစ်မေတ္တာစေတနာတို့ ပြည့်ဖြိုးလျက်ရှိပါ၏။ အညတရကျောင်းဆရာဘဝက ငါစုခဲ့သော ငွေပြား ကြေးပြားတို့ ကုန်ဆုံးခဲ့သော်လည်း အညတရ ကျောင်းဆရာဘဝက ငါရခဲ့သော အချစ်အကြင်နာတို့သည် ယနေ့ထိ တိုးပွားရှင်သန်ဆဲဖြစ်ပါ၏။ လက်ထဲ၌ ခြူးတပြားမျှ မရှိသည့်တိုင် ကျောင်းဆရာ၏ဘဝ၌ အချစ်အကြင်နာတို့ဖြင့် ကြွယ်ဝနိုင်ပါ၏။

ထို့ကြောင့် အညတရကျောင်းဆရာဘဝက စိုက်ပျိုးခဲ့သော အပင်ဟောင်းတို့မှ ယနေ့တိုင် ပွင့်သစ်ဆဲဖြစ်သည့် အချစ်အကြင်နာတို့ဖြင့်လည်း ငါသည် အမိခြေရင်း၌ ယခုပူဇော်ပါ၏။ ငါ၏ ပူဇော်မှုကို အမိခံယူနိုင်ပါစေသော်ဟု ငါဆုတောင်းမိစဉ် ငါ၏ မျက်လုံးအစုံမှ မျက်ရည်တို့သည် ဝေ့လည် ဝေ့လည် စီးကျ၍ လာလေသတတ်။

ထိုအခိုက်မှာ၊ ငါ့ဆီလာ၍
"ဆရာ ကျွန်မ၊ မှတ်မိစ" ဟု
ချိုမြငြိမ့်လေး၊ သံအေးအေးဖြင့်
မေးလာသူသည်၊ ထဘီနီနှင့်
ချစ်ကြည်ဖွယ်ရာ ဆရာမ။
ရုတ်တရက်မူ
မည်သူဖြစ်သည်၊ သူမသည်ဟု
အမည်မသိ၊ မမှတ်မိလည်း
မှတ်မိသည်မှာ၊ သိသည်မှာကား
တာပိန်မြစ်ကမ်း၊ စာသင်ခန်း၌

ပန်းများပျိုးချ၊ ပြုစုရစဉ်
ဆုံရခဲ့သည့် တပည့်ဟောင်း။
အမည်မသိ၊ ထိုတပည့်သည်
အမိထံပါး ကပ်၍သွားလျက်။
ခြေဆုပ်လက်နယ်၊ သမီးငယ်၏
တွယ်တာဂရု၊ ကြင်နာမှုဖြင့်
ပြုစုရှာသည်၊ ငါမြင်သည်၌
ဝေ့လည်ဝေ့လည်၊ အို. . . မျက်ရည်သည်
ငါ့ဆီဘယ်က၊ စီးလေစွ။ ။

ပညာရေးတက္ကသိုလ်မဂ္ဂဇင်း၊
၁၉၇၈-၇၉။

❑

မန်ကျည်းပင်ပျိုတန်းများ ဖြစ်နေကြပုံတို့ကိုဖွဲ့၏။ အတွေးသစ် အမြင်သစ်ပါပေ၏။ ရင်ထဲ၌ မန်ကျည်းငုတ်တိုကြီး၏ တာဝန်ကျေပွန်မှုကို လေးစားဦးညွှတ်မိသလို မျိုးဆက်သစ် မန်ကျည်းပင်ပျိုတို့အတွက်လည်း လက်ခုပ်သြဘာပေးမိပြန်၏။ လောကအလှ အနာဂတ်သည် မန်ကျည်းပင် ပျိုတို့လက်မှာ မဟုတ်ပါလား။

ဤစာအုပ်၏ ပထမပိုင်းက ဆရာပျဉ်းမနားမောင်နီသင်းသည် ရသစာတမ်းသမားဖြစ်ကြောင်းကို သက်သေပြခဲ့၍ ဒုတိယပိုင်းက ဆရာပျဉ်းမနားမောင်နီသင်းသည် ပညာရေးသုတေသီ တစ်ဦးဖြစ်ကြောင်းကို ညွှန်းဆိုနေပြန်ပါသည်။ သူ၏ ပညာရေး သုတေသနစာတမ်း (၁၁) ပုဒ်ကို လေ့လာလိုက်လျှင် ဆရာသည် ကလေးကဗျာဆရာပီပီ ကလေးငယ်တို့၏ ပညာရေးအတွက် အလေးထားဆောင်ရွက်သူဖြစ်ကြောင်း သတိပြုမိပါ၏။ "ကလေးများ ချစ်ခင်ကိုးစားသော ကျောင်းဆရာ" ၌ ကလေးများ ချစ်ခင် ကိုးစားတတ်သော ဆရာတစ်ယောက်၏ ကိုယ်အမူအရာ၊ စိတ်အမူအရာတို့ကို တွေ့ရနိုင်ပါသည်။ "ကလေးရေးသောစာ" ၌ ကလေးသူငယ်များ၏ ဖန်တီးရေးသားမှုစွမ်းရည် တိုးတက်အောင် လေ့ကျင့်သင်ကြားနိုင်သော နည်းလမ်းများကို ဖော်ပြထားသဖြင့် မြန်မာစာသင်ကြားသူ ဆရာတို့အတွက် အဖိုးထိုက်တန်လှပါ၏။ "ကလေးပြဇာတ်"၊ "ပုံပြင်နှင့် ကလေးပညာရေး"၊ "ကလေးကဗျာသင်ကြားရေး"၊ "ကလေးနှင့် ဂီတရသခံစားမှု"၊ "စာဖတ်ရန် အသင့်ဖြစ်ခြင်း" နှင့် "ကလေး၏ ဘာသာစကားဖွံ့ဖြိုးမှု" ဟူသော သုတေသန စာတမ်းများ၌ ဆရာ၏ ကလေးသူငယ်တို့အပေါ်ထားရှိသော စေတနာ အထုအထည်ကြီးမားပုံနှင့်တကွ ခေတ်မီပညာရေး အတွေးအမြင်များကို လေ့လာတွေ့ရနိုင်ပါသည်။ တစ်ဖန် "မြန်မာ စကားမပြောသော တိုင်းရင်းသား ကလေးများအတွက် မြန်မာစာသင်ကြားမှု" တွင် မြန်မာစကား မပြောသော တိုင်းရင်းသားညီအစ်ကို မောင်နှမတို့အတွက် မြန်မာစာကို စနစ်တကျ လေ့ကျင့်သင်ကြားပေးနိုင်မည့် နည်းလမ်းများကို

ဆွေးနွေးတင်ပြပေးထား၏။ "စည်းကမ်းနှင့် စာရိတ္တဖွံ့ဖြိုးမှု ပြုစုလေ့ကျင့်ရေး" နှင့် "လူငယ်နှင့် ဘက်စုံဖွံ့ဖြိုးမှု" တို့တွင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း ထောက်ပြဆွေးနွေးထားသည်မှာ ဆရာ၊ ဆရာမများ၊ ပညာရေးမှ တာဝန်ရှိသူများအတွက် အကျိုးများပြားစေပါ၏။

(၄)

ကျွန်တော်သည် ဆရာပျဉ်းမနားမောင်နီသင်းကို ကလေးကဗျာစာဆို၊ ရသစာတမ်းသမား၊ ပညာရေးသုတေသီအဖြစ် စာဖတ်သူတို့ သိစေလိုပါ၏။ ထို့အတူ ကလေးဘဝက သူ့ကဗျာတေးဖြင့် ကျောင်းနေပျော်ခဲ့ရသော ကျွန်တော်သည် ဤစာအုပ်ဖြစ်မြောက်ရေး၌ တစ်တပ်တစ်အား ပါဝင်ခွင့်ရခဲ့သည်ကိုလည်း ကျေနပ်ဂုဏ်ယူမိပါ၏။ သူ့ကျေးဇူးကို အောက်မေ့မိရင်း **"တို့ကျောင်း"** ကဗျာလေးကို ကျွန်တော် တိုးတိုးလွှလွှ ရွတ်ဆိုမိလိုက်ပါတော့သည်။

**"ပန်းကလေးများ ပွင့်တော့မည်**
**ဖူးတံ ဝင့်လို့ချီ**
**နေခြည်မှာ ရွှေရည်လောင်း**
**ငါတို့ စာသင်ကျောင်း"**

*(ဆရာပျဉ်းမနားမောင်နီသင်းသို့ အမှတ်တရ . . .)*

**ကိုကိုလင်း(အမေ့အိမ်)**
၆-၁၀-၂၀၁၈

ပျဉ်းမနားမောင်နီသင်း

# ပညာရေးဆောင်းပါးစာတမ်းများ

## ကျောင်းဆရာရင်ထဲက ကဗျာတပုဒ်

ထိုရက်သည် နွေ၏ အပူဆုံးရက်တရက်ဖြစ်ပေသည်။ ဆေးရုံ အပြင် ဘက်၌ နေရောင်တို့တရဲရဲ၊ တံလျှပ်တို့ တဝင်းဝင်း။ ရွက် ခြောက်တို့ တဝဲဝဲ။ သို့သော် အပြင်ဘက်က ထိုပူပြင်းမှု၊ ထိုလောင် မြိုက်မှု၊ ထိုခြောက်သွေ့မှုသည် ငါ၏ ရင်ထဲတွင် ခံစားနေရသော ပူပြင်းလောင်မြိုက် ခြောက်သွေ့မှုနှင့်စာလျှင် သေးငယ်ပေစွ။

အကြောင်းမှာ ငါသည် ငါ၏ရှေ့မှောက်ရှိ ခုတင်ပေါ်၌ သတိ မရတချက် ရတချက်ဖြင့် ဝေဒနာခံစားနေရသော အမိမျက်နှာကို၊ ကြည့်မြင်နေရသောကြောင့် ဖြစ်၏။ အမိ၏လက်၌ ပိုက်သည် တန်းလန်း။ နှာခေါင်း၌ ပိုက်သည် တန်းလန်း။ အမိ၏ ပြင်းထန်သော အသက်ရှူသံသည် ဖိုထိုးသကဲ့သို့မြည်ကာ ငါ၏ရင်ဝကို မီးပူဖြင့် ထိုးသကဲ့သို့ရှိ၏။ အမိ၏ ညည်းညူသံသည် လေပူကဲ့သို့ ဝေ့လာကာ ငါ၏ရင်ဝကို မီးဖြင့် တိုက်လာသကဲ့သို့ရှိ၏။

အို. . . အမိ၊ ငါချစ်သောအမိသည် ဝေဒနာဖြင့် ပင်ပန်းလှ ပေစွတကား။ အမိ၏ ပင်ပန်းမှုကို ရှုရသော ငါ့အတွက်မူ ပို၍ ပင်ပန်းလှပါပေ၏တကား။

ငါ့ဆွေ ငါ့မျိုးတို့သည် အားငယ်လျက် ရှိကြပြီ။ မျက်ရည်ဝဲ၍ နေကြပြီ။ ဆို့နစ်လျက် ရှိကြပြီ။ ငါသည်လည်း ဆောက်တည်ရာမရ ဖြစ်လျက်ရှိပြီ။

ခုတင်ပေါ်၌
အင်အော်ညည်းညူ ဖျားသွေးပူ၍
သဲပူပူမှာ၊ တင်နေရှာသည့်
ပမာငါး၏၊ ပင်ပန်းဘိသို့
အမိဆင်းရဲရှာသည်တကား။
အိပ်ယာထက်မှာ၊ ဝေဒနာနှင့်
ရောဂါစီးဖိ၊ ငါ့အမိကား
ကြွေမည့်ရွက်ဝါ၊ လေအလာကို
အခါစောင့်လင့်၊ နေသည်သို့။
ငါချစ်ပေသည့်၊ ငါ့အမိတိ
မကြည့်ရက်ပေ၊ မြင်လျက်နေလည်း
မြင်နေပါလျက်မကြည့်ရက်ခဲ့။
ငါ့လောကမှာ၊ အကြင်နာနှင့်
မေတ္တာချမ်းမြ၊ ဟူသမျှတို့
ကွယ်ပရွှေ့လျော့၊ တော့မည်လောဟု
တွေ့သောအခါ၊ လောင်မြိုက်ပါသည်
ရင်မှာမီးကျီရဲသို့တည်း။

ထိုအခိုက် 'အမိမရှိတော့လျှင်' ဟူသော အတွေးသည် ငါ့ကို ပြင်းထန်စွာ နှိပ်စက်ဘိ၏၊ ငါ့အမိသည် ငါ၏ ပူပြင်းခဲ့သော ဘဝ တလျှောက်လုံးတွင် ငါ့ကို အရိပ်ပေးခဲ့၏။ ထို့အပြင် ငါ့အမိသည် ငါ့ကိုသာ ထာဝစဉ် အားကိုးခဲ့ပါ၏။ သို့ဖြစ်၍ အမိ၏ဝေဒနာခံစား

နေရပုံကို မကြည့်လိုသော်လည်း ငါသည် မည်သို့ မျက်နှာလွှဲနိုင်ပါအံ့။ လမ်းမသိသော တောကြီးမျက်မည်း ကန္တာရခရီး၌ နေမင်း၏ အလင်းရောင်ကိုသာ အားကိုးပြု၍ ခရီးသွားနေရသော ခရီးသည်သည် နေမင်းကြီးဝင်တော့မည်ကိုကြည့်ယင်း အားငယ်ရသကဲ့သို့ ငါသည်လည်း အားငယ်ပါဘိ အိုအမိ။

ထိုအခိုက် ငါ့အား "ဆရာ" ဟူ၍ ချိုသာစွာ နှုတ်ဆက်သော အသံကို ကြားမိသဖြင့် အသံရှင်ကို လှည့်ကြည့်မိပါသည်။ အသံရှင်သည် ထဘီနီနှင့် သူနာပြုဆရာမလေးဖြစ်၏၊ ထိုသူနာပြု ဆရာမလေး၏ အမည်ကို ရုတ်တရက် ငါမသိ။ မှတ်လည်း မမှတ်မိ။ သို့သော် လွန်ခဲ့သည့် ခြောက်နှစ်ခန့်က တာပိန်မြစ်ရိုးတွင် ကျောင်းဆရာဖြစ်စဉ်က ငါစာသင်ပေးခဲ့သော တပည့်မလေး ဖြစ်သည်ကိုကား ချက်ချင်းပင် သတိရမိပါ၏။ ငါသည် ထိုတပည့်မလေးကို နှုတ်ဝယ်ချိုပျား၊ မပြုမိသော်လည်း၊ တပည့်မလေးသည် ငါ၏ ညှိုးငယ်သော မျက်နှာကိုကြည့်ကာ သက်ပြင်းကြီးငယ် ချရှာလေ၏။

ထို့နောက် တပည့်မလေးသည် တာဝန်ကျဆရာမကို ခွင့်ပန်၍ အမိ ခြေစုံကို ဆုတ်နယ်ကြည့်ရှာလေသည်။ ထို့နောက် အမိလက်၌ ထိုးထားသော ပိုက်ကို စမ်းသပ်ကိုင်တွယ်ကြည့်ရှာလေသည်။ ထို့နောက် အမိဘေး၌ထိုင်ကာ အမိမျက်နှာ၌ စို့နေသော ချွေးစက်တို့ကို သုတ်ပေးရှာလေသည်။ ထို့နောက် ငါ၏ ပင်ပန်းပူပင်မှုအတိုင်း ပူပင်ဟန်ရှိသော တပည့်ငယ်မသည် အမိခြေရင်း၌ ညှိုးငယ်စွာ ရပ်ရှာလေသည်။

ငါသည် အမည်ပင် မမှတ်မိတော့သော တပည့်ဟောင်းတဦးထံမှ ရုတ်တရက် ရရှိသော ကြင်နာမှုကို ခံစားလိုက်ရပါ၏။

အို. . . အမိ။ ငါသည် အမိ၏ ဝေဒနာကို ပျောက်စိမ့်သောငှာ နေ့မအား ညမအား ကြိုးစားခဲ့ပါ၏။ ရှိသမျှအင်အားဖြင့်လည်း ကြိုးစားခဲ့ပါ၏။ အမိအတွက် ဆေးဝါးဖိုးရှာယင်းဖြင့် ငါ၏အိမ်မှ

# နေခြည်ထဲက သူတို့ရွာ

ထိုနေ့က ခရီးသွားရသည်ကို ကျွန်တော်မမေ့နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုနေ့က ခရီးသွားရသည်မှာ အပူဆုံးနွေ၏ အပူဆုံးရက်တရက်၏ အပူဆုံး အချိန်နာရီတွင် တံလျှပ်တဝင်းဝင်း သဲပူတငွေ့ငွေ့ကြား၌ ခရီးသွားခဲ့ရသောကြောင့် ဖြစ်ပါသည်။ တကိုယ်လုံးကို ဖျမ်းပက်တိုက်ခတ်နေသော လေကလည်း လေပူ၊ ခြေထောက်အောက်၌နင်းထားရသော မြေကလည်း မြေပူ။ ဦး ခေါင်းထက်က ရဲရဲတောက်နေသော နေကလည်း နေပူ။ ကျွန်တော်တို့ ခရီးသွားတို့မှာ အပေါ်မီးအောက်မီးမုန့်နှင့်ပင် တူလေစွ။

ကျွန်တော်တို့ ခရီးသွားတစုမှာ စာတတ်မြောက်ရေး လှုပ်ရှားမှုအတွက် အညာရှိ ကျေးရွာတရွာသို့ ခရီးထွက်ခဲ့ခြင်းဖြစ်ပါ၏။ ချွေးတရွှဲရွှဲ၊ ဖုတ်တလိမ်းလိမ်း၊ သဲတလူးလူးနှင့် ကျွန်တော်တို့မှာ ပျော်ပျော်ရွှင်ရွှင် ခရီးထွက်ခဲ့ခြင်း ဖြစ်ပါ၏။ ယိုသောချွေးကို သုတ်ကာ၊ စူးသောဆူးကို ထွင်ကာဖြင့် ကျွန်တော်တို့မှာ သီချင်းတအေးအေးဖြင့် သွားခဲ့ကြခြင်း ဖြစ်ပါ၏။ စာမတတ်သူ ဒို့ဝိုင်းကူဟူသော စေတနာသည် ကျွန်တော်တို့ရင်ထဲမှာ အပြည့်ရှိပါ၏၊ ဤအပူကိုပင် ခွဲဝေယူရန် ကျွန်တော်တို့ လာခဲ့ကြသည် မဟုတ်ပါလော။

ယခုအခါ၊ ဤနေရာ၌
တို့သာပူသည် မဟုတ်ပြီ။
ခုမှတွေ့ရ၊ ကျွမ်းကြရမည့်
မိဘအများ၊ ပြည်သူများ၏
လှုပ်ရှားခဲ့ရ၊ ရုန်းကန်ရသည့်
ဘဝတို့ကား၊ ချွေးသံကြားနှင့်
လေကြားနေကြား၊ တံလျှပ်ကြား။
တို့သွေးတို့သား၊ တို့ဆွေများနှင့်
ခံစားအတူ၊ အေးအပူကို
ဝေယူကြဘို့၊ ယူကြစို့။

ဤသို့ဖြင့် ဤရွာလေးတွင် ကျွန်တော်တို့ တနွေလုံး စာသင်ပေးခဲ့ကြပါ၏။ အစသော် သင်တန်းသူတို့သည် ရှက်စိတ်ဖြင့် စာသင်ခန်းကို ရှောင်ရှားလိုသော်လည်း လုပ်အားပေး ဆရာလေးများကို ခင်မင်စိတ်ဖြင့် စာသင်ခန်းထဲသို့ ဝင်ခဲ့ကြပါ၏။ စာသင်ခန်းဆိုသော်လည်း ခမ်းကြီးနားကြီး စာသင်ခန်းမဟုတ်ပါ။ သင်တန်းသားနှင့် စေတနာဆရာလေးတို့ တွေ့ဆုံနိုင်သော နေရာတိုင်းသည် စာသင်ခန်း သင်တန်းနေရာဖြစ်ပါတော့၏။ ထို့ကြောင့် ထနောင်းပင်ရိပ်၌လည်း ဝ ထ က လ သ။ မောင်းစင်ထဲမှာလည်း ဝ ထ က လ သ။ မြစ်ဆိပ် လှေဆိပ်၌လည်း ဝ ထ က လ သ၊ ရွာလယ် ဇရပ်၌လည်း ဝ ထ က လ သ။ ရွာဦးကျောင်းအောက်၌လည်း ဝ ထ က လ သ။ နေထွက်မှ-နေဝင်၊ နေဝင်မှ-နေထွက် အနေ့နေ့အရက်ရက်၌ တရွာလုံးတွင် ဝ ထ က လ သ ဟူသော စာဆိုသံ စာဖတ်သံတို့သည် မင်္ဂလာရှိစွာဖြင့် ချိုအေးလွင့်ပျံ့လျက်ရှိခဲ့ပါ၏။

ဤသို့ဖြင့် တနေ့လုံး စာသင်ပေးခဲ့ကြရာ စာမတတ်ခဲ့သေးသော ရွာသူ ရွာသား အတော်များများ စာဖတ်စာရေး တတ်ခဲ့ကြပြီ။ စေတနာ လုပ်အားပေးကာလပင် ကုန်ပေတော့မည်။ စာသင်သားများဖြစ်သော ဒေါ်ညိုပတုန်း၊ ဒေါ်တီ၊ မမယ်မြ၊ မငြိမ်းရှင်တို့ကား သတင်းစာဟောင်းများကို ဒေါက်ဒေါက်ဖတ်နိုင်အောင် ထူးချွန်တတ်မြောက်လျက်ရှိပြီ။

ကျွန်တော်တို့မှာလည်း စာသင်သော အချိန်မှလွဲလျှင် ကျန်သော အချိန်၌ စပါးကြိတ်ထိုးရာတွင်လည်း ကူ။ ပြောင်ဆွတ်ရာတွင်လည်း ကူ။ ရေခပ်ရာတွင်လည်း ကူ။ ဆီကြိတ်ရာ၌လည်း ကူ။ နွားစာစဉ်းရာတွင်လည်း ကူ။ ဤသို့ သူတို့အား ကျွန်တော်တို့က သားရင်း သမီးရင်းများပမာ ကူညီကြသဖြင့် တရွာလုံးမှာ ရွှင်ပြုံးလျက် ရှိခဲ့ပါ၏။ သက်ကြီးရွယ်ကြီးများက ကျွန်တော်တို့အား သားရင်း၊ တူရင်း၊ သမီးရင်း၊ တူမရင်းသို့ ချစ်ခင်မှု။ သက်တူရွယ်တူတို့က ကျွန်တော်တို့အား ငယ်ပေါင်းကြီးဖော် မောင်ရင်း နှမရင်းကဲ့သို့ ချစ်ခင်မှုတို့သည် ကျွန်တော်တို့အတွက် ကြီးမြတ်သော ဆုလာဘ် လက်ဆောင်ပင် မဟုတ်ပါလော။

ကျွန်တော်တို့သည် ပြန်ရမည့်ရက် ရောက်ခဲ့ပြီ။ စေတနာဆရာလေးများ ပြန်ကြတော့မည်ဟူသော သတင်းစကား ကြားကတည်းက တရွာလုံး၏မျက်နှာမှာ နေထိသည့်ပန်းသို့ ညှိုးလျခဲ့ကြပြီ။ ဤသို့ဖြင့် ပြန်ရမည့်နေ့ရက်သို့ တိုင်ခဲ့၏။ မနက်ခင်းစောစော၌ ဤရွာလေးမှ ခွဲကြရတော့အံ့။ ထို့ကြောင့် တညလုံး၌ ကျွန်တော်တို့ စကား ဆိုကြ၏။ ငိုသံတပါပါ၊ မျက်ရည်တဝဲဝဲနှင့် သီချင်းဆိုသူဆိုကြ၏။ တော်တော်နှင့် မအိပ်ဖြစ်ကြ၊ ကျေးလက်လူထုသည် သူတို့၏ နဖူးမှ ယိုသောချွေးကို ကူသုတ်ပေးခဲ့ကြသော ယနေ့လူငယ်တို့ကို သူတို့ မေ့ပစ်နိုင်မည်မဟုတ်ကြ။ ကျွန်တော်တို့ကိုယ်တိုင်လည်း ဆင်းရဲမှု၊ မသိမှု၊ မကျန်းမာမှုဟူသော သံသရာဝယ် ဝဲလည်နေကြ

သော ကျေးလက်လူထု၏ ဖြူစင်ရိုးသားမှုနှင့် အားမာန်ကို မေ့ပစ်နိုင်မည် မဟုတ်ကြ။

ဤသို့ဖြင့် ကျွန်တော်တို့သည် တညလုံး စကားပြောခဲ့ကြပြီ။ တမှေးအိပ်လိုက်ရာ ဘုန်းတော်ကြီးကျောင်းမှ တုန်းမောင်းခေါက်မှ ကျွန်တော်တို့ နိုးမိပါ၏။ တုန်းမောင်း ခေါက်သော်ငြားလည်း ရွာကလေးကား အေးချမ်းငြိမ်သက်လျက်ပင်။

တုန်းမောင်းခေါက်လည်း
မိုးသောက်ချိန်ဝေး၊ မှုန်ဝါးထွေး၍
အေးဆေးငြိမ်သက် သူတို့ရွာ။

ကျွန်တော်တို့ရှေ့၌ အငွေ့တထောင်းထောင်းနှင့် ပြင်ဆင်ပြီးသား ထမင်းပွဲကြီးကို တွေ့ရပါ၏။ ထမင်းပူပူ ဟင်းပူပူ ကျွေးနိုင်အောင် ဘယ်အချိန်က သူတို့ထ၍ ချက်ကြပါလိမ့်။ သူတို့၏ ပူနွေး၍ ဖြူဖွေးသော မေတ္တာစေတနာသည်၊ ပူနွေး၍ ဖြူဖွေးနေသော ထမင်းပွဲ၌ ထင်ဟပ်ပေါ်လွင်လျက်ရှိပါ၏။ သို့ကျေးဇူးတင်ဖွယ်ကောင်းလေစွ။ ကြင်နာမှု ကြီးမားလေစွ။

ငါတို့ရှေ့၌
အငွေ့လူလူ၊ ထမင်းဖြူနှင့်
ဟင်းပူချိုမြ၊ ဟူသမျှကို
ဘယ်အချိန်က၊ သူတို့ထ၍
ချက်ကြလေသည် တို့မသိ။

ဘေးဘီ၌လည်း အထုပ်ကြီးငယ် အသွယ်သွယ်ကို တွေ့ရပါ၏။ အချို့အထုပ်တို့ကား မနေ့ညချမ်းက ပေးခဲ့သည့် လက်ဆောင်တို့ဖြစ်၏။ ယခု လက်ဆောင်တို့ ပို၍ များလျက်ရှိပြီ။

"ဒီပုလင်းက ပျားရည်ပုလင်းလေး ဆရာလေးရဲ့။ ဒါကတော့ ချိတ်ကောက်ညှင်း ဆရာရဲ့" ဟူ၍ ပြောကာ ဆိုကာ ငိုသံပါပါဖြင့်

အပ်နှင်းခဲ့သော လက်ဆောင်များအပြင် ကျွန်တော် တမျှေးအိပ် သခိုက် လာ၍ပေးသွားသော လက်ဆောင်များမှာလည်း များလှပါ၏။ အချို့ကို မည်သူပေးခဲ့သည်မသိရ။ သူတို့၏စေတနာကား ဖြူစင် မြင့်မြတ်ပေစွ။

ငါတို့ဘေး၌
ဆန်ဆေးငရုတ်၊ လက်ဆောင်ထုတ်၍
ကြိုးတုတ်ချည်ကာ၊ သပ်ယပ်စွာဖြင့်
ဘယ်ခါကများ၊ သူတို့ထား၍
သွားကြလေသည် တို့မသိ။

ကျွန်တော်တို့သည် ထမင်းဝိုင်းမှာ ထိုင်ခဲ့ကြပြီ။ ထမင်းဝိုင်းမှာ ဟင်းချို ဟင်းဆိမ့် ဟင်းကောင်း ဟင်းမွန်တို့ဖြင့် ပြည့်စုံပါဘိ၏။ သို့သော် ကျွန်တော်တို့၏ နှုတ်ခံတွင်းတို့သည် အချို အဆိမ့် အဖန် အစပ်အပေါ်၌ မကျက်စား။ ယခင်က ထမင်းစားလျှင် ကြားခဲ့ရသော စကားသံတို့ အပေါ်၌သာ ပြန်၍ ကြားယောင်တော့၏။ ယခင်က ဤလို ထမင်းစားလျှင် "ဒါကတော့ စပ်သီးဟင်းလေး ဆရာရဲ့၊ ဒါကတော့ နွားနို့ချက်၊ ဒါကတော့ အမဲဖုတ်။ ဒါကိုစားကြည့်ပါ။ ဒါကိုစားစမ်းပါ" စသည်ဖြင့် ဒေသဟင်းများကို အားရပါးရ ပြောဆို လျက် ကျွန်တော်တို့အား ကျွေးမွေးခဲ့ကြပါ၏။ ဤနေ့၌မူ ဤသို့ လည်း မဆိုကြ။ ဝိုင်း၍အုံ၍လည်း မလာကြ။ လာကြသော်လည်း ငယ်သော ငေးသောမျက်နှာဖြင့် ငိုင်လျက်။

ထမင်းဝိုင်းမှာ၊ သူတို့လာလည်း
စားပါသောက်ပါ၊ မဆိုရှာပဲ
ငါတို့ကိုကြည့် တငေးငေး။

အချို့က စကားပင်မဆိုပဲ အခန်းကြိုကြားသွား၍ ငိုရှိုက်သံကို ကျွန်တော်တို့ ကြားရ၍ ကြေကွဲတုန်လှုပ်မိပါ၏။

အခန်းကြိုကြား၊ တချို့သွား၍
စကားမဆို၊ အမှောင်ခိုလျက်
ငိုကြွယိုကြွ တရှိုက်ရှိုက်။

ကျွန်တော်တို့သည် ကြေကွဲသော ခံစားမှုကို တင်း၍ ဟင်းတို့ကို နှိုက်ပါ၏။ ထမင်းတို့ကို စားပါ၏။ သို့သော် နှုတ်က ဝါးသာဝါး သော်လည်း အချိုကို ချိုမှန်းမသိ။ အခါးကို ခါးမှန်းမသိပဲ ရင်ကြားမှ ဆို့နင့်လာ၍ ပွက်ထသောမျက်ရည်စက်ဖြင့် ပြုံးလျက်ပင် ငိုမိပါတော့ ၏။

တို့စိတ်တင်း၍
ထမင်းဖြူဖြူ ဟင်းပူပူကို
ခပ်ယူကာစား၊ နှုတ်ကဝါးလည်း
ရင်ကြားမှာပွက်၊ မျက်ရည်စက်ဖြင့်
ပြုံးလျက်ငိုမိ တို့တတွေ။

သို့နှင့်ပင် မိုးပင် စင်စင်လင်းခဲ့ပြီ။ ကျေးငှက်တို့လည်း သာလျက် ရှိခဲ့ပြီ။ တလောကလုံး၌ ရွက်နုရွက်သစ်တို့ဖြင့်လည်း စိမ်းလန်း လျက်ရှိခဲ့ပြီ။ အိမ်ရှေ့၌ လှည်းတို့သည် အသင့်ဖြစ်ပြီးပြီ။ အသက်ကြီး သူတို့ကို ကျွန်တော်တို့ ကန်တော့၍ အားလုံးကို နှုတ်ဆက်ကာ၊ သူတို့ရွာလေးမှ ထွက်ခွာခဲ့ကြပါ၏။

အမှောင်ပျောက်၍
မိုးသောက်ပြီးကာ၊ ကျေးငှက်သာမှ
ငါတို့ခွဲခွာ၊ သူတို့ရွာကို
နောက်မှာထားရစ်ခဲ့သော်လည်း

ကျွန်တော်တို့သည် စာပေတတ်မြောက်ခဲ့သော ရွက်နုတဝေဝေ ဖြင့် အလှသစ်ဆင်နေသော သူတို့ရွာလေးကို မမေ့နိုင်ပါ။ နေခြည်

ထဲက သူတို့ရွာလေးသည် ကျွန်တော်တို့နှင့်အတူ ရှေ့သို့ ထက်ကြပ်မကွာ လိုက်ပါ၍နေလျက် ရှိလေသတည်း။

ငါတို့မမေ့၊ ခြေလှမ်းရှေ့၌
ရှေ့၌ပီပီ၊ မြင်နေသည်ကား
နေခြည်ထဲက သူတို့ရွာ။

❑

# အလွမ်းနာ

ငါ၏နားထဲသို့ တဘက်က စာရေးမ အမကြီး၏ လက်နှိပ်စက် ရိုက်သံ တဖြောက်ဖြောက်သည် ဝင်လျက်။ ခပ်လှမ်းလှမ်းက တယ်လီဖုန်းသံ တဂွမ်ဂွမ်သည်ဝင်လျက်။ ခေါင်းပေါ်က ပန်ကာသံ တဝီဝီသည် ဝင်လျက်။

ငါသည် နားထဲသို့ စွတ်၍ဝင်လာသော ဤအသံတို့ကိုမကြား။ ငါကြားနေသည်ကား ငါစာသင်ခဲ့သော တာပိန် မြစ်ကမ်းနဖူးပေါ်ရှိ ငါ၏ကျောင်းမှ ခေါင်းလောင်းသံ တချိုချိုကိုဖြစ်၏။ တပည့်တို့၏ စာအံသံ တညံညံကို ဖြစ်၏။ တပည့်တို့၏ တေးဆိုသံ တအေးအေး ကို ဖြစ်၏။ ဤတွင် ငါ့ရင်ထဲ၌ အလွမ်းနာသည် တစစ်စစ် ကိုက်ခဲ လေသည်။

ထိုအခိုက် စာရေးမကြီးသည် စကားတခွန်းမှမဆိုမူပဲ စာရွက် တပိုက်တထွေးကြီးကို ဖတ်ရှုရန် ငါ့အား ပေးဘိ၏။ ငါကလည်း ဖတ်ရှုပြီးသော စာရွက်တပုံတခေါင်း ကြီးကို စာရေးမကြီးအား ပြန် ပေးဘိ၏။ ထို့နောက် စာရေးမကြီးကား သူ့နေရာသို့ ပြန်မြဲပြန် လေသည်။ ငါလည်း ငါ့နေရာ၌ ထိုင်မြဲထိုင်ရလေ၏။ ကျောင်းဟူ

သောအရပ်နှင့် ရုံးဟူသောအရပ် ကွာခြားစွတကား။ ကျောင်းဟူသောအရပ်၌ မေတ္တာကိုပေးနိုင် ရယူနိုင်သော်လည်း ရုံးဟူသောအရပ်၌ စာရွက်စာတမ်းများကိုသာ ပေးနိုင်ရယူနိုင် တတ်ပေသည်တကား။

ငါသည် ငါ့ရှေ့က စာရွက်များပေါ်၌ လက်မှတ်ထိုးရသောအခါ ရင်ထဲမှ အလွမ်းနာသည် ငယ်ထိပ်သို့ တက်ခဲ့ပြီ။ ငါ့တပည့်တို့သည် သူတို့စာများကို စစ်ဆေးအမှတ်ပေးသောအခါ အနား၌ဝိုင်း၍ တီတီတာလျက် တွတ်တွတ်ထိုးနေကြသည်ကို ငါ တရေးရေးမြင်ပြန်တော့၏။ ကြားပြန်တော့၏။ "အမှတ်ကို အရှည်ကြီးပေးပါ ဆရာရဲ့၊ မှင်နီနဲ့ ထိုးပေးပါဆရာရဲ့၊ နေ့စွဲထိုးပေးပါဆရာရဲ့၊ အမှတ်ကလဲ ရှည်လိုက်တာ ဆရာရဲ့" ဟူသော စကားသံတို့ကို ငါမေ့၍ မရ။

ငါ့တပည့်တို့သည် ငါ၏ဖောင်တိန်ထဲ၌ ငါ့နှလုံးသွေးများနှင့် ထည့်၍ရေးသည်ကို သိကြဟန်တူ၏။ အမှားပေးသည်ဖြစ်စေ၊ အမှန်ပေးသည်ဖြစ်စေ၊ ပြုံးကြည်သော မျက်နှာနှင့်သာ ငါ့ထံမှ ပြန်ကြရှာလေသည်။ ပြုံးကြည်သောမျက်နှာနှင့်သာ ငါ့ထံ လာကြရှာလေသည်။

ငါ့တပည့်တို့ကို လွမ်းသောအလွမ်းနာ တစစ်စစ်ကိုက်နေစဉ် တနေရာမှ ဧည့်သည်တဦး၏ တက်ကြွသော စကားတို့ကို အမှတ်မထင် ကြားမိ၏။ ဘာတဲ့၊ တော်သောတပည့်များအကြောင်း ဆိုပါကလား။ ဂုဏ်ထူးများစွာရသော တပည့်များအကြောင်း ဆိုပါကလား၊ ပွဲတိုင်းကျော်သော တပည့်များအကြောင်း ဆိုပါကလား။ အို. . . ဂုဏ်သရေရှိ ဧည့်သည်များတို့၊ ငါ့ထံလာ၍ ငါ့တပည့်များ၏အကြောင်းကိုမူ အဘယ်ကြောင့် မမေးကြဘိသနည်း။

စာမကြိုးစားပါက စာမေးပွဲကျလိမ့်မည်ဟု သတိပေးသောအခါ စာမေးပွဲကျလည်း ကိစ္စမရှိ၊ လယ်လုပ်စား၊ ပိုက်တန်းစားမည်ဟု ဖြေသောတပည့်၊ ဘလာစာအုပ်ဖိုး လိုအပ်သဖြင့် မိဘရှိရာရွာသို့

ခုနစ်မိုင်ခရီးကို ခြေလျင်လျှောက်သွားပြီးမှ ဆင်ရိုင်းများလိုက်သဖြင့် ပြန်ပြေးလာရသော တပည့်၊ ရေခဲလုဆောင်းကာလတွင်း အနွေး ထည်မဝတ်နိုင်ပဲ စာသင်ခန်းထဲ၌ စာရေးခါနီးမှ လက်များကို ဖယောင်းတိုင်မီးနှင့် ကပ်၍ သွေးနွေးစေသော တပည့်၊ ကျောင်းပြီး လျှင် စားရိတ်ရအောင် နွေရက်များ၌ တောထဲတွင် ပျားအုံလိုက် ဖွပ်ယင်း လက်ကျိုးသောတပည့်၊ တာပိန်မြစ်နှင့် ဧရာဝတီမြစ်ဆုံရာ လှိုင်းဝဲထန်သော နေရာကို လှေကလေးလှော်၍ ဖြတ်လာကာ ကျောင်းတက်လျက် ခုနစ်တန်း သုံးခါကျသောတပည့်။ ဝါးတထောင် ကြိမ်တထောင်ကို နှစ်ရက် အတွင်း ခုတ်ယူဖောင်ဖွဲ့နိုင်သော်လည်း စာမေးပွဲ၌မေးသည့် လုပ်အားတန်ဖိုး ချစ်မြတ်နိုး ဟူသော စာစီ စာကုံး၌ နှစ်မှတ်သာရသဖြင့် စာမေးပွဲကျရသော တပည့်။ စသည် ဖြင့် ငါ့တပည့်များ၏ အကြောင်းများစွာ ငါ့ရင့်၌ သိမ်းဆည်းထား ရှိပါ၏။ လာ၍မေးလိုက မေးကြပါဘိ။

ကျောင်းရှေ့ရှိ ငါနှင့် ငါ့တပည့်တို့ စိုက်ခဲ့ကြသည့် အပင်ပျို အပင်သစ်တို့ စိမ်းလန်းနေမည်ကိုတွေး၍ ပျော်မိသေး၏။ ငါ ရောက်ခါစက တာပိန်မြစ်ရေကို ရွှေကူအိုးလေးနှင့် ခပ်ကာ လာ ကန်တော့သော တပည့်လေးတို့ကို အမှတ်ရ၍ ဝမ်းနည်းမိသေး၏။ "တာပိန်မြစ်ရေနောက်ကျိကျိ သောက်မိက မပြန်နိုင်" ဟူသော အယူစကားအရ ငါမပြန်နိုင်အောင် တာပိန်ရေလာတိုက်ကြသည်ကို ငါပြန်တွေးမိ၍ ဆွေးမိသေး၏။ တပည့်တို့နှင့်အတူ တပည့်တို့၏ မိဘများနှင့်အတူ သာမှု နာမှုကို လက်တွဲနေခဲ့စဉ်က "မွေးကတည်း က တွေ့ခဲ့ကြ၍ ချစ်ရခင်ရ ကျွမ်းခဲ့ရလျှင် မည်မျှကောင်းစွာ ငါတောင့်တ" ဟု ဝမ်းသာလှိုက်လဲ ငါဆိုနိုင်ခဲ့သည်ကို တွေး၍ ကျေနပ်မိသေး၏။

ဟော. . . လူများ လှုပ်လှုပ်ရွရွဖြစ်ကုန်ကြပြီ၊ နာရီကိုမော့ကြည့် သောအခါ လေးနာရီထိုးပြီ။ ဤတွင် ငါ့ရင်သည် ပေါက်ကွဲတော့အံ့

ထင်ရသည်။ အို. . . အလို ထိုအခိုက် ငါ့နှုတ်မှ ရုတ်တရက် ပွင့်အံ ထွက်သော စေးတစကား တခြားမဟုတ် "မင်္ဂလာပါ တပည့် တို့" ဟု ဖြစ်လေသည်။

ပညာရေးတက္ကသိုလ်မဂ္ဂဇင်း၊
၁၉၇၅။

❑

# အမိသို့

နွေဦး၏ တခုသော နံနက်ခင်း၌ ဥဩ-ဥဩဟူသော တွန်ကြူး သံကို ငါ ကြားရ၏။ ထိုအခါ ငါသည် ခေါင်းရင်းရှိ ပြူတင်းကိုဖွင့်၍ အပြင်သို့ မျှော် ကြည့်မိသည်။ သို့သော် ငါကြားရသော ဥဩသံကား နဝဒေးဆောင်ရှေ့ရှိ ငုရွှေဝါပင်ပေါ်မှ ဥဩ၏တွန်သံမဟုတ်။ ငါ ကျောင်းဆရာအဖြစ် ရောက်ရှိ၍ စာသင်ပေးနေသော ကျောင်းရှေ့ရှိ သစ်တော့သီးပင်အုပ်ဆီမှ ကြားရသည့် ဥဩတွန်သံသာ ဖြစ်ပေ သည်။

ယခုအခါ ငါ့စားပွဲပေါ်၌ရှိသော စာအုပ်များကား တက္ကသိုလ် ပိဋကတ်တိုက်မှ ငါငှားထားသည့် ပေကျမ်းထူထူ အဆူဆူတို့မဟုတ်။ ငါ့တပည့်တို့၏ သေးစက်သော၊ ကြီးမားသော၊ လှပသော၊ မလှပ သော၊ လက်ရေးအစုံဖြင့် ရေးသားထားသည့် လေ့ကျင့်ခန်းစာအုပ် များသာဖြစ်၏။ ငါ့အား လာ၍ ထိတွေ့သော လေပြေသည် အင်းယားကန်မှလာ၍ ခရေပင်တန်း ပိတောက်ပင်လမ်းကို ဖြတ်သန်းတိုက်ခိုက်ခဲ့သော လေပြေမဟုတ်။ တာပိန်မြစ်ရိုးမှလာ၍ မုရင်းစပါးပင်များနှင့် မြက်ရိုင်းတောများကို ဖြတ်သန်းတိုက်ခတ် လာသော လေပြေသာဖြစ်၏။ ထိုအခါ ငါသည် ရင်ထဲ၌ လှုပ်ရှား

စပြေ၏။ ဤသို့သော နွေဦးခါ၌ ငါပညာယူခဲ့သော အမိတက္ကသိုလ်ရှိ ငုရွှေဝါပင်နှင့် အပင်ညိုညို တွင် ဥဩတွန်သံသည် ချိုမြချိုပေအံ့၊ မြပုရစ်ဖူးတို့သည် နုမြနုပေအံ့။ နွေဦး မြူတို့သည့် ဝေမြဲဝေပေအံ့။ ငါမရှိသော်လည်း ငါ့အမိတက္ကသိုလ်သည် ယခင်ကလို လှမြဲလှ၍ နုပျိုမြဲနုပျိုပေအံ့။

ဤသို့ လွမ်းမိသဖြင့် ငါသည် ဤသို့ ခံစားမိလေသည်။

ငါမမေ့၍

နွေနေ့တရက်၊ ငါမြင်မက်သည်၊

အိပ်မက်ထဲက၊ တက္ကသိုလ်။

ဥဩသံချို၊ တေးသံစို၍

ပင်ဖျိုပင်လှ၊ ပုရစ်မြနှင့်

လှနေပေဆဲ၊ မြူငွေ့ထဲ။

ငါတို့သည် မနေ့က ဆရာတို့၏ တပည့်များသာ ဖြစ်ခဲ့ကြသည်။ ယနေ့ကား ငါတို့ကိုယ်တိုင် တပည့်များ၏ ဆရာဖြစ်ခဲ့ကြပြီ။ ငါတို့သည် မနေ့က ပွဲကြည့်သူများ ဖြစ်ခဲ့ကြသည်။ ယနေ့ကား ငါတို့ကိုယ်တိုင် ပွဲကသူများဖြစ်ခဲ့ကြပြီ။ ငါတို့သည် မနေ့က ပျိုးပင် သစ်များ ဖြစ်ခဲ့ကြသည်။ ယနေ့ကား ငါတို့ ကိုယ်တိုင် ဥယျာဉ်မှူးများဖြစ်ခဲ့ကြပြီ။ ငါတို့သည် မနေ့က သိုးငယ်ငယ်များ ဖြစ်ခဲ့ကြသည်။ ယနေ့ကား ငါတို့ကိုယ်တိုင် သိုးထိန်းလုလင်များ ဖြစ်ခဲ့ကြပြီ။

သို့သော် အမိဟူသောအသံကို ကြားလျှင် အိပ်ပျော်နေသော ကလေးငယ်သည် အိပ်ယာမှနိုးထသကဲ့သို့ 'အမိတက္ကသိုလ်' ဟူသောစကားကို ကြားသောအခါ ငါတို့သည် အတွေးမှ လူးလွန့်ခဲ့သည်။ အမိရင်ခွင်၌ မနုပျိုသောသား ဟူ၍ အဘယ်မှာရှိအံ့နည်း။

ငါတို့ချစ်သော ငါတို့ဆရာတို့လည်း တချို့ကား စာကြည့်တိုက်၌၊ တချို့ကား မာတ်ခွဲခန်း၌၊ တချို့ကား စာသင်ခန်းမ၌ စူးစမ်းလျက်

သုတေသနပြုလျက်၊ ပညာပို့ချလျက်ရှိပေဦးမည်။ တပည့်သစ်တို့က လည်း ဝိုင်းရစ်တီတာ၍ ပညာယူကြပေဦးမည်။ ငါတို့နေရာမကျ လျှင် ဆရာတို့က မိုးကြိုးခြိမ်းသကဲ့သို့ ငါတို့အား ဟိန်းခဲ့ကြိမ်းခဲ့သော အခါ ငါတို့သည် မျက်နှာတငယ်ငယ်နှင့် ရှိခဲ့ကြသည်ကို တွေးယင်း လွမ်းမိသေး၏။ ငါတို့နေရာကျလျှင်လည်း ဆရာတို့က လေပြေဖျန်း သကဲ့သို့ ငါတို့အား အေးခဲ့ထွေးခဲ့သောအခါ ငါတို့သည် မျက်နှာ တပြုံးပြုံးနှင့် ရှိခဲ့ကြသည်ကိုတွေးယင်း လွမ်းမိသေး၏။ ယခုလည်း တပည့်သစ်တို့ကို နေရာမကျ၍ ကြိမ်းလျှင် ဟိန်းလျှင်လည်း ငါတို့ ကဲ့သို့ပင် မျက်နှာတငယ်ငယ်နှင့် ရှိကြရှာပေဦးမည်တကား။ တပည့် သစ်တို့ကို နေရာကျ၍ အေးလျှင် ထွေးလျှင်လည်း ငါတို့ကဲ့သို့ပင် မျက်နှာတပြုံးပြုံးနှင့် ရှိကြရှာပေဦးမည်ပါတကား။ ဆရာနှင့် တပည့် တို့ကြား၌ အချစ်အကြင်နာတို့သည် ပွားသစ် ဝေဆာဆဲ ဖြစ်မည် သာတကား။

ယခုကား ငါတို့သည် အမိတက္ကသိုလ်နှင့် ဝေးကွာခဲ့ပြီ။ သူငယ် ချင်းတို့နှင့်လည်း ဝေးကွာခဲ့ပြီ။

ငါနှင့် ထမင်းစားဖော်ဖြစ်သော အသံဝဲဝဲနှင့် ကရင်သူငယ်ချင်း သည်လည်းကောင်း၊ 'အကိုရေ' ဟု အသံသြသြနှင့်ဆိုတတ်သော ရခိုင်သားသည်လည်းကောင်း၊ 'မန်းစားကြစို့' ဟု လာခေါ် လေ့ ရှိသည့် ထားဝယ်သားသည်လည်းကောင်း၊ 'ကျောင်းဆွားကြမယ်' ဟု လာခေါ်သော အင်းသားသည်လည်းကောင်း အဘယ်မြို့၊ အဘယ် ရွာ၊ အဘယ်ကျောင်းသို့ ရောက်ရှိကြပါသနည်း။ ငါနှင့် ထမင်း စားဖော်တို့ ကျောင်းသွားဖော်၊ အခန်းဖော် ချစ်သောသူငယ်ချင်း တို့သည် အဘယ်၌ တာဝန်ကျကြပါသနည်း။

ငါတို့ သူငယ်ချင်းများသည် တခါတရံ ငြင်းခုန်ခဲ့ကြ၏။ တခါ တရံ သဘောထားကွဲခဲ့ကြ၏။ စိတ်ဆိုးခဲ့ကြ၏။ သို့သော် မိုး ဘဲ လေထဲတွင် ခွဲခဲ့ရာ၌ အမုန်းဖြင့် မခွဲခဲ့ပါချေတကား။

မိုးနေ့တနေ့၊ လမ်းတကွေ့၌
မုန်း၍မခွဲ၊ ချစ်လျက်ခွဲကာ
ခွဲခဲ့ရပေ၊ တို့တတွေသည်
မိုးလေမလာ၊ မြဆည်းဆာတွင်
တခါပြန်၍ ဆုံပါစေ။

ယခုအခါ ငါသည် အမိနှင့်လည်း ဝေးခဲ့ပြီ။ သူငယ်ချင်းတို့နှင့်လည်း ကွဲခဲ့ပြီ။ သို့သော် အမိကိုတမ်း၍ သူငယ်ချင်းတို့ကို လွမ်းလှပေသည်။ မျက်စိထဲ၌ သူငယ်ချင်းတို့ကို ထာဝရမြင်လျက်ရှိ၏။ အမိကို ထာဝရမြင်လျက်ရှိ၏။ သို့ဖြစ်၍ အဝေးမှနေ၍ သူငယ်ချင်းတို့ကိုလည်း နှုတ်ဆက်လိုပေ၏။ အမိတက္ကသိုလ်ကိုလည်း ကန်တော့လိုပေ၏။ ငါ့သူငယ်ချင်းတို့သည် အသက်ရာကျော် ရှည်ကြပါစေသတည်း။

ငါ့အမိတက္ကသိုလ်သည် ပညာတန်ဆောင် ဆီမီးရောင်ဖြင့် ထာဝရ ဝင်းပြောင်နိုင်ပါစေသတည်း။

မြနှင့်နီလာ၊ ငွေရွှေဝါနှင့်
နံ့သာဝတ်မှုန်၊ သင်းပျံ့ထုံသည်
ပန်းရုံထဲတွင်၊ အို-မိခင်ကို
မြင်လေလျှင်တုံ၊ လက်ငယ်စုံသည်
ကြာငုံဖူးခဲ့ တို့ဦးထိပ်။

ပညာရေးတက္ကသိုလ်မဂ္ဂဇင်း၊
၁၉၇၇-၇၈။

❑

# မုန်တိုင်းထဲက နှင်းဆီတပင်

တခါက ကျွန်တော်သည် နှင်းဆီတပင်ကို အိမ်ရှေ့၌ ပျိုးခဲ့မိပါသည်။ နှင်းဆီပင်ကို ပျိုးမိခဲ့သဖြင့် ကျွန်တော့်မှာ ဇောများခဲ့ရပါသည်။ အလုပ်များခဲ့ရပါသည်။ ချွေးကျခဲ့ရပါသည်။ နံနက်စောစောထ၍ ရေလောင်းရပါသည်။ ပေါင်းသင်ရပါသည်။ မြေဩဇာပေးရပါသည်။ ပိုးသတ်ဆေးဖျန်းရပါသည်။ ကြက်ဝင်၍မယက်၊ နွားဝင်၍မနင်းအောင် ရှားသားဖြောင့်ဖြောင့်လေးများကို ခြံကလေးလုပ်၍ နှင်းဆီပင်လေးကို ကာထားရပါသည်။ နေပူကြီးလျှင် အင်ဖက်လေးများမိုး၍ အပူမိုးပေးရပါသည်။ ဤ အပင်လေး ရှင်စေလိုသောဇော၊ ဖူးစေလိုသောဇော၊ ပွင့်စေလိုသောဇောသည် ကျွန်တော့်၌ အရိပ်ကဲ့သို့ ကပ်ခဲ့ပါသည်။ ဤနှစ်ဆွေဦး၌ ဤနှင်းဆီပင်မှ နှင်းဆီပန်းပွင့်တို့ဝေနေအောင် ပွင့်နေသည်ဟုပင် အိပ်မက်ထဲ မြင်နေမိပါသည်။

နံနက်ခင်း၌ ကြည့်လိုက်လျှင် မြရွက်နုတို့နှင့် နှင်းဆီပင်လေးသည် နေခြည်ထဲတွင် ဘုရင်မလေးကဲ့သို့ ဝင့်ကြွားနေတတ်သည်။ ညနေခင်း၌ လေပြည်ထဲတွင် သီချင်းသည်လေးကဲ့သို့ လန်းဆန်းနေတတ်သည်။ ညအခါများ၌ လရောင်ထဲတွင် ဓမ္မရှင်လေးကဲ့သို့ ငြိမ်းအေးနေတတ်သည်။ သို့ဖြစ်ပါ၍ ပျိုးမိခဲ့သော နှင်းဆီပင် ပျိုကို

မြင်တိုင်း အမောသည် ပြေစမြဲ။ ဇောသည် ကြွေစမြဲ ဖြစ်ခဲ့ပါသည်။

ရာသီများ ပြောင်းခဲ့ပါသည်။ ကျွန်တော့် အိပ်မက်တို့သည် နှင်းဆီအိပ်မက်များချည်းသာ ဖြစ်ရပါတော့သည်။ ကျွန်တော့်အာရုံ တို့သည် နှင်းဆီအာရုံများချည်းသာ ဖြစ်ရပါတော့သည်၊ သို့သော် လည်း ကျွန်တော့် နှင်းဆီပင်မှ ပန်းပွင့်မည့်ဟန် မပြသေးပါ။ အဖူး လေးပင် မထွက်သေးပါ။ အငုံလေးပင် မထိုးသေးပါ။ သို့သော် ကျွန်တော်သည် နေ့စဉ်မပျက် ရေသွန်း၍ စောင့်မျှော်ခဲ့ပါသည်။ ပွင့်လာမည်ဟု ယုံကြည်၍ စောင့်မျှော်ခဲ့ပါသည်။

ကြည့်ယင်းကြည့်ယင်းနှင့်ပင် နှင်းဆီပင်လေးမှာ အရွက်ထွက် လာပါသည်။ တသွေးတမွေးဖြစ်လာပါသည်။ အခက်အကိုင်းလေး များနှင့် ဝေလာပါသည်။ ကျွန်တော့်မှာ နှင်းဆီပင် ပြုစုရသည့် အလုပ်အပြင် နှင်းဆီပွင့်စောင့်ကြည့်ရသည့် တာဝန်လည်း ပိုလာပြန် ပါသည်။

တနေ့နံနက်၌ နှင်းဆီပင်ပျိုလေးကို မျှော်လင့်ကြီးစွာ သွားကြည့် ရာ ရင်ထဲတွင် တလှပ်လှပ် ဖြစ်သွားလိုက်မိပါသည်၊ နှင်းဆီပင်၏ အခက်တနေရာ၌ အဖူးလေးတဖူးသည် မိုးနှင်းရည်စိုစို စက်စက်နှင့် လန်းဆန်းနေသည်ကို မြင်ရ၍ ဖြစ်ပါသည်။ ကျွန်တော့်မှာ ခြေ တကြွကြွ၊ ရင်တမမ ဖြစ်လာပါသည်။ ပွင့်လာမည့်ပန်း ကလေးကို တွေး၍မြင်ကာ ပန်းပျိုးသူ၏ ပီတိကို ခံစားရပါသည်။ စေတနာ၏ အလှကို ခံစားရပါသည်။

အဖူးလေးမှာ တနေ့ထက်တနေ့ ကြီးလာပါသည်။ နှင်းဆီပင် ပျို၏ ပွင့်ဦးဖြစ်သဖြင့် အလှကြီးလှပါစေ၊ အမွှေးကြီး မွှေးပါစေဟု ကျွန်တော် ဆုတောင်း တတွတ်တွတ် ဆိုမိပါသည်။ နှင်းဆီပင်လေး သည် ရှားခက်လေးများအား လာမှီနေသည်ကို မြင်ရသောအခါ ကျွန်တော်၏ နှလုံးသားကို နှင်းဆီပင်ကလေးက လာ၍ဖြစ်ညှစ် ဆုပ်ကိုင်သကဲ့သို့ ခံစားရပါသည်။

တညနေဖြစ်ပါသည်။ နှင်းဆီပင်လေးကို ရေမလောင်းရသေးခင် တောင်ကညိုသောမိုးသည် အိုးကြီးသွန်ချသကဲ့သို့ သည်းကြီးမည်းကြီး ရွာပါလေတော့သည်။ ဘယ်ကဆင်လာသည်မသိသော မုန်တိုင်းသည် ပေါက်ကွဲသကဲ့သို့ ဟိန်းဟောက်မြည်ကာ လာပါလေတော့သည်။ မိုးလုံးပတ်လည်၌ မုန်တိုင်းသံတို့သည် တဟိန်းဟိန်း၊ မိုးသံတို့သည် တဂျိမ်းဂျိမ်း၊ လျှပ်စီးတို့သည် တရဲရဲ၊ မိုးကြီးသည် တသည်းသည်း။

ညနက်လေ မုန်တိုင်းထန်လေ။ မုန်တိုင်းထန်လေ မိုးသည်းလေ၊ မိုးသည်းလေ၊ ညဥ့်နက်လေ။ နှင်းအမှောင်တိုက်သာ ကြီးစိုးခဲ့ပါသည်။ လျှပ်ရောင်ပြက်ခိုက်တွင် နှင်းဆီပင်လေးကို လှမ်းကြည့်သောအခါ မိုးထဲ၌ နတ်ဝင်သကဲ့သို့ ယိမ်းထိုးနေရှာသည်ကို မြင်မိ၍ စိတ်မချမ်းမြေ့ ဖြစ်ရပါသည်။ လေထဲ၌ အရှူးမီးဝိုင်းဖြစ်နေရှာ သည်ကို မြင်မိ၍ စိတ်မချမ်းမသာ ဖြစ်ရပါသည်။ ကျွန်တော်လည်း မိုးသံလေသံကြား၌ သက်ပြင်းကြီး၊ သက်ပြင်းငယ်ချ၍ လူးလိမ့်ယင်း တရေးအိပ်ခဲ့ရပါသည်။

နံနက်စောစော၌ ကျွန်တော် အိပ်ရာကနိုးသောအခါ အပြင်ဘက်၌ ငြိမ်သက်နေပါသည်။ ဝင်းလက်နေပါသည်။ ချိုးကူသံကိုပင် ကြားရပါသည်။ မြေသင်းနံ့တို့လည်း ထုံနေပါသည်။ ကျွန်တော် သည် တံခါးဖွင့်၍ နှင်းဆီပင်လေးရှိရာ အပြေးဆင်းခဲ့ပါသည်။

နှင်းဆီပင်လေး၌ အရွက်တရွက်မျှမကျန်တော့ပါ။ အဖူးသည် ဘယ်မှာကြွေ၍ ဘယ်မှာပျောက်သည်မသိပါ။ နှင်းဆီပင်သည် ခေါင်းပင် မဖော်တော့ပဲ မြေပေါ်၌ ဝပ်နေပါသည်။ ကျွန်တော့်ရင်ထဲတွင် ဟာလာဟင်းလင်း ဖြစ်သွားမိပါသည်။ ထိုအခိုက် ခြံစည်းရိုးပေါ်၌ ဖွေးနေအောင် တဝေဝေတဆာဆာ ပွင့်နေသော ပန်းဖြူဖြူလေးများကို ကျွန်တော် ရုတ်တရက် တွေ့လိုက်ရပါသည်။

ဤပန်းလေးတို့ကား အဘယ်မျိုးပေနည်း။ အဘယ်သူ ပျိုးခဲ့လေသနည်း၊ အဘယ်သူ ရေလောင်းခဲ့သနည်း။ ကျွန်တော်ကား ဤအပင်တို့ကို ဂရုစိုက်ဖို့ဝေးစွ။ အမည်ပင် မသိခဲ့ပါ။ ရေလောင်းပေါင်းသင်ဖို့ ဝေးစွ။ ရှိမှန်းပင် မသိခဲ့ပါ။ ဤအပင်တို့ကား ကြက်တယက်ယက်၊ နွားတဆွဲဆွဲ၊ လူတခုတ်ခုတ် မီးတရှို့ရှို့ကြားက ပေါက်ဖွားနေကြသော ခြံစည်းရိုးနွယ်ပင်များသာတကား။ သို့ဖြစ်၍ ဤပန်းတို့ကား အရှင်မဲ့ပန်းများသာတကား။ အမည်မသိ ပန်းများသာတကား။

ကျွန်တော်သည် မုန်တိုင်းထဲ၌ မပွင့်ရဲရှာခဲ့သော နှင်းဆီပင်လေးကို ကောင်းစွာဆောက်တည်သောစိတ်ဖြင့် ကြည့်ယင်း အမျှဝေလိုက်ပါတော့သည်။ တဆက်တည်းပင် မုန်တိုင်းထဲ၌ ပွင့်လာကြသော အရှင်မရှိ အမည်မသိ ပန်းလေးများကိုလည်း ကောင်းစွာသန့်စင်သောစိတ်ဖြင့် ကြည့်ယင်း သာဓုခေါ်လိုက်ပါတော့သည်။

**ပညာရေးတက္ကသိုလ်မဂ္ဂဇင်း၊**
**၁၉၇၆။**

❑

# ဒုတိယမြောက်အမိ

(၁)

ကျွန်တော်၏ဘဝ၌ မြတ်နိုးပူဇော်စရာ အမိသုံးပါး ရှိခဲ့၏။ ပထမအမိမှာ ကျွန်တော့်အား ကိုးလလွယ် ဆယ်လဖွား၍ ဘဝ၏ လှိုင်းကြီးလှိုင်းငယ် အသွယ်သွယ်ကြား၌ ပြုစုခဲ့သော မွေးသမိခင် ကျေးဇူးရှင်ဖြစ်သည်။ ဒုတိယအမိကား ကျွန်တော်၏ ကလေး အရွယ် လူမမယ် ဘဝတလျှောက်လုံး ပညာနို့ရည် သောက်စို့ခဲ့ရာ အထက် တန်းကျောင်း ဖြစ်သည်။ တတိယအမိကား ကျွန်တော်၏ လူငယ် အရွယ်ဘဝ၌ ဆက်လက် ပညာသင်ယူခဲ့ရာ တက္ကသိုလ်ကျောင်း တော် ဖြစ်သည်။

ထိုအမိသုံးပါး၏ ဂုဏ်ကျေးဇူးကို ကျွန်တော် မေ့၍မရပေ။ ထို အမိသုံးပါးသည် ကျွန်တော့်အတွက် ထာဝစဉ် နှပျိုလျက်ရှိကြ၏။ ကျွန်တော့်ကို ထာဝစဉ် ဆုံးမလျက်ရှိကြ၏။ ကျွန်တော့်အား ထာဝစဉ် အရိပ်ပေးလျက် ရှိကြ၏။ ကျွန်တော် လိမ်မာသည်ဟု ထင်လျှင် လည်း ကျွန်တော့်အတွက် ထာဝစဉ် အားတက်လျက်ရှိကြ၏။ ကျွန်တော်မိုက်သည်ဟု ထင်လျှင်လည်း ကျွန်တော့်အား ထာဝစဉ် သနားလျက်ရှိကြ၏။ ဤသို့ တွေးမိ၍ ထိုအမိသုံးပါး၏ ခြေအစုံကို ကျွန်တော် ထာဝစဉ် ဦးခိုက်လျက်ရှိခြင်း ဖြစ်ပေ၏။

မွေးသမိခင် ကျေးဇူးရှင်၏ ရင်ခွင်၌ ကျွန်တော်ခိုဝင်ရစဉ်က ရခဲ့သော အမိ၏ကိုယ်နံ့သည် ကျွန်တော်၏နှလုံးအိမ်ထဲထိ စွဲ၍ သင်းပျံ့ဆဲဖြစ်၏။ ထို့အတူ အမိတက္ကသိုလ်က ပေးအပ်ခဲ့သော ပညာသည်လည်း ကျွန်တော်၏ ဦးခေါင်းထက်၌ တည်၍ ထွန်းလင်းဆဲဖြစ်၏။ ထို့အတူ ကျွန်တော်၏ ဒုတိယမြောက်အမိဖြစ်သော ကျောင်းတော်က ကျွန်တော့်ဘဝအတွက် စိုးမိုးသည့် ဂုဏ်ကျေးဇူးသည် ကျွန်တော်၏ ဘဝတခုလုံးကို ထာဝစဉ် သွန်းလောင်းဖျန်းစိမ့်လျက် ရှိပေသည်။

(၂)

ကျွန်တော်၏ အထက ကျောင်းတော်ကို လှမ်းဆွတ်မိလျှင် ငယ်ဆရာတို့၏ ကြင်နာမှုကို ယနေ့တိုင် ခံစားရဆဲဖြစ်ပါ၏။ ချင်းဆရာမကြီး ဒေါ်တင်သည် သူငယ်တန်း၌သင်သော ဆရာမကြီးဖြစ်၏။ ကျွန်တော်တို့က ကျောက်သင်ပုန်းပေါ်၌ ဝလုံးများရေး၍ ပြသောအခါ ဆရာမကြီးက အမှတ်ကလေးများ ခြစ်ပေးလိုက်၏။ ထိုမြေဖြူအမှတ်ရာလေးများသည် ကျောက်သင်ပုန်းပေါ်မှ ပျက်ပြယ်သွားသော်လည်း ဆရာမကြီး ပေးလိုက်သော ကြင်နာမှုသည် ပျက်ပြယ်၍ မသွားချေ။ ထိုမြေဖြူအမှတ်လေးများသည် ကျွန်တော်တို့ရင်ထဲ၌ စွဲထင်၍နေသည်မှာ ယနေ့အထိ ဖြစ်ပေ၏။ သင်ပုန်းကို ကြိမ်ဖြင့် တဖျန်းဖျန်းရိုက်ယင်း၊ ကွမ်းတမြုံ့မြုံ့ စားယင်း၊ အော်ငေါက်ယင်း စာသင်သော်လည်း ဆရာမကြီး၏ မျက်လုံး၌ အကြင်နာကရုဏာတို့သည် တောက်ပနေသောကြောင့် ဆရာမကြီး၏ အနားသို့ကပ်ရန် ကျွန်တော်တို့ မကြောက်ကြချေ။ နှင်တံကိုင်ထားသော သိုးထိန်းလုလင်၏ရင်ထဲ၌ ရက်စက်မှုမရှိ။ အချစ်တို့သာရှိ၏ဟု သိသော သိုးကလေးများသည် သိုးထိန်းလုလင်၏ ခြေအစုံကြား၌ တိုးဝှေ့မြူးထူးကြသကဲ့သို့ ကြိမ်ကိုင်ထားသော ဆရာမကြီးဘေး၌

ကျွန်တော်တို့ ဝိုင်း၍၊ ရစ်၍၊ ထိ၍၊ တာ၍၊ ပျော်၍၊ ရွှင်၍ နေခဲ့ကြခြင်း ဖြစ်လေသည်။

ပထမတန်းတက်၍ ဆရာမကြီးအား သွားကန်တော့သောအခါ ဆရာမကြီးက ကျွန်တော်တို့၏ခေါင်းကို ပွတ်သပ်၍ "ငါ့သားတို့ကို ဘုရားသခင် စောင့်ရှောက်ပါစေကွယ်" ဟု ဆုတောင်းပေးလေ၏။ ကျွန်တော်တို့ မျက်ရည်ဝဲခဲ့ပေ၏။ ဆရာမကြီး ကိုယ်တိုင်ကလည်း မျက်ရည်ဝဲလျက် နေခဲ့ပေ၏။ ယခုအခါ ဆရာမကြီး အတော်ပင် အိုမင်းခဲ့သော်လည်း ကျန်းမာဆဲဖြစ်သည်ဟု ကြားရ၍ ဝမ်းသာမိပါ၏။

ကျွန်တော်တို့ ဒုတိယတန်းရောက်သောအခါ တီချာဒေါ်လှမြိုင်၏ ပုံပြောချိန်ကိုသာ မျှော်လင့်နေကြလေသည်။ ပုံနားထောင်ချိန်သည် ကျွန်တော်တို့အတွက် စိတ်ဝင်စားဖွယ် အကောင်းဆုံးအချိန်ပင်။ ထိုပုံနားထောင်ချိန်တွင် ကျွန်တော်တို့သည် တီချာဒေါ်လှမြိုင်၏ ပုံပြောအတတ်ဖြင့် ဖမ်းယူညို့ငင်ခြင်းခံထားသော ကျောက်ရုပ်များဖြစ်လျက်ရှိသည်။ "ခင်နှင်းဖြူနှင့် လူပုကလေးခုနစ်ယောက်ပုံပြင်" ကို နားထောင်ယင်း အပြစ်ကင်းသော၊ ရိုးသားသော၊ ကြင်နာတတ်သော ခင်နှင်းဖြူလေးကို ကျွန်တော်တို့ သနားလျက် ရှိကြ၏။ အကောက်ကြံတတ်သော၊ မာနခက်ထန်သော၊ ယုတ်မာသော ကဝေမကြီးကို မုန်းလျက်၊ ဆန့်ကျင်လျက်ရှိကြ၏။ အားငယ်သူကို ဖေးမတတ်သော၊ အမှန်တရားကို စောင့်ရှောက်တတ်သော လူပုကလေး ခုနစ်ယောက်ကို အတုယူ အားကျလျက် ရှိကြ၏။ ဤသို့ဖြင့် တီချာ၏ ပုံပြောချိန်တွင် သနားကာ၊ ပျော်ရွှင်ကာ၊ ရယ်မောကာဖြင့် ကျွန်တော်တို့သည် ဘဝအတွက် သင်ခန်းစာများ ရရှိခဲ့လေသည်။ တီချာနှင့်အတူ သီချင်းများ၊ ကဗျာများ ဆိုကြသည်။

ယခုနှစ်ဦးပိုင်းတွင် ညရထားစီးယင်း ရထားပေါ်၌ မမျှော်လင့်ပဲ တီချာ ဒေါ်လှမြိုင်နှင့် ခုံချင်းကပ်၍ နေရာရလေသည်။ တီချာ၏

ငယ်စဉ်က ပျိုမျစ်မှုတို့ကို ယခုအခါ ရေးရေးမျှမတွေ့ရပြီ။ ကျွန်တော်က နှုတ်ဆက်သောအခါ "မင်းရေးတဲ့စာကလေးတွေ အမြဲရှာဖတ်နေတယ်။ ဟိုနေ့ကတောင် မင်းရေးတဲ့ **ဂျင်ကလေး** ဆိုတဲ့ကဗျာနဲ့ မြေးလေးတွေကို ချော့သိပ်ယင်း အမှတ်ရလို့ မျက်ရည်ကျမိသေးတယ်" ဟု ဆိုရှာသည်။ လွန်ခဲ့သော အနှစ်အစိတ်ခန့်က ကျွန်တော်တို့တပည့်များအား ကဗျာဆိုပြခဲ့သည့် တီချာ၏ နှုတ်ဖျား၌ တေးသံတို့ ယခုအချိန်အထိ မဆိတ်နိုင်အောင် ရှိနေခဲ့ပေသည်တကား။

စကားတော်တော်ပြောပြီးလျှင် တီချာသည် မောသွားဟန်ဖြင့် မြေးကလေးကိုပိုက်ကာ ခုံကိုမှီ၍ အိပ်လိုက်လာလေသည်။ မီးရထားကြီးသည် အရှိန်ကောင်းစွာဖြင့် ခုတ်မောင်းလျက်ရှိသည်။ မီးရထားကြီး၏ ဂျုန်းဂျုန်း ဂျက်ဂျက်ဟူသော ခုတ်မောင်းသံကို ကျွန်တော်၏ နားထဲ၌မူ လွန်ခဲ့သော နှစ်ပေါင်းအစိတ်ခန့်က တီချာ၏ ပုံပြောချိန်တွင် ကြားခဲ့ရသည့် "ကုလားမ ခြေထောက် ငါ့နာမည်၊ အို. . . တကယ်ထူးဆန်းပေတယ်" ဟူသော တီချာ၏ ကြည်နူးပျိုသည့် တေးသံအဖြစ် ပြန်လည်ကြားယောင်လျက် ရှိပေသည်။

(၃)

ဤသို့လျှင် ကျွန်တော်တို့၏ ငယ်ဆရာအပေါင်းသည် ကြင်နာမှုကြီးသူများ ဖြစ်ကြပေ၏။ ထိုငယ်ဆရာတို့အနက် အချို့ကား အလုပ်ခွင်မှ အနားယူခဲ့ကြပြီ၊ အချို့ကား ဘဝခရီးမှပင် အနားယူခဲ့ကြပြီ။ အချို့ကား တပည့်သစ် အထောင်အသောင်းကိုဆက်၍ မွေးဖွားပျိုးထောင်လျက် ရှိကြဆဲ ဖြစ်သည်။

ဆိုခဲ့သည့်အတိုင်း ကျွန်တော်၏ ဘဝ၌ရှိခဲ့သော အမိသုံးပါးအနက် ဒုတိယမြောက်အမိ၏ ဂုဏ်ကျေးဇူးကို ကျွန်တော် အသက်အရွယ်ရလာသည်နှင့်အမျှ ပို၍အောက်မေ့မိပါ၏။ သို့အောက်မေ့မိတိုင်း ငယ်ဆရာတို့၏ စေတနာနှင့် အကြင်နာကို လွမ်းဆွတ်မိ

ပါ၏။ လှေပြည်ထဲက ခေါင်းလောင်းသံကို လွမ်းဆွတ်မိပါ၏။ နေခြည်ထဲက မြက်ခင်းစိမ်းကို လွမ်းဆွတ်မိပါ၏။

အမိသွေးဖြင့် မွေးခဲ့ရသော ကျွန်တော်တို့သည် အမိကို မည်သို့ မေ့ နိုင်ပါမည်နည်း။ ကျွန်တော့်ဘဝ၌ ဒုတိယမြောက်အမိဖြစ်သော ကျောင်းတော်ကို အဝေးမှ ကန်တော့လိုက်ပါ၏။ ပူဇော်လိုက်ပါ၏။ ဦးခိုက်လိုက်ပါ၏။ ငယ်ဆရာအပေါင်းသည် အသက်ရာကျော်ရှည် နိုင်ပါစေသတည်း။ အမိကျောင်းတော်သည်လည်း ပညာတန်ဆောင် ဉာဏ်အရောင်ဖြင့် ထာဝရထွန်းပြောင်နိုင်ပါစေသတည်း။ အမိ ကျောင်းတော်မှ ခေါင်းလောင်းသံသည် ကမ္ဘာတည်သရွေ့ ချိုသာစွာ ပျံ့လွင့်နိုင်ပါစေသတည်း။

တက္ကသိုလ်ပုံနှိပ်တိုက်မဂ္ဂဇင်း၊
၁၉၈၀။

❑

# ဘီလူးမင်းသား

ကျွန်တော်တို့တလမ်းလုံး တရပ်ကွက်လုံးက သူ့ကို ကိုဒတ်သဟု ခေါ်ကြသည်။ သူ့နာမည်ရင်းကို မည်သူမျှမသိကြ။ ကျွန်တော်တို့ လူမှန်းသိတတ်စကတည်းက သူ့ကို ကိုဒတ်သဟုခေါ်ကြောင်း သိလာရသည်မှာ ယနေ့တိုင်အောင်ဖြစ်သည်။ သူ့ကို တမြို့လုံးလိုလို ပင် သိကြ၏။ သူ့နာမည်သည် ကလေးတို့ ပတ်ဝန်းကျင်တွင် ပို၍ တွင်ကျယ်၏။ လူမမြင်ဘူးသော်လည်း ကိုဒတ်သ ဟူသောအမည် ကိုကား ကလေးတိုင်း နားရည်ဝကြ၏။ ဒတ်သလာပြီဆိုလျှင် ငိုနေ သောကလေးသည် အငိုရပ်တော့၏။ ဆူနေသောကလေးသည် အဆူရပ်တော့၏။

ဤသို့သော ကိုဒတ်သကား ဘီလူးမင်းသား ဖြစ်လေသည်။ ပွဲတကာ၊ အငြိမ့်တကာ၊ ဇာတ်တကာတွင်လိုက်၍ ဘီလူးအခန်းနှင့် လူကြမ်းအခန်းမှ ကနေသော အနုပညာသည်ကြီး ဖြစ်လေသည်။ ဘီလူးအက အလွန်ကောင်း အလွန်တော်သည်ဟူ၍လည်း နာမည် ကြီးသည်။ ဒတ်သဟူသော အမည်မှာလည်း ရာမဇာတ်တွင် ဒသဂီရိဘီလူးအဖြစ် ကပြရာ အလွန်ကောင်းသောကြောင့် တွင် လာသည်ဟုဆိုကြ၏။ ကျွန်တော်ကိုယ်တိုင်လည်း ကိုဒတ်သ၏

ဘီလူး အကကိုကြည့်၍ ရင်သပ်ရဘူးသည်။ သူ၏ လူကြမ်းအခန်းကိုကြည့်၍ ခံစားရဘူးသည်။ သူ၏အနုပညာအခန်းကား ပွဲကြည့်ပရိသတ်တို့ မုန်းသောအခန်းပင် ဖြစ်သည်။ သူကြိုးစားလေလေ၊ ပရိသတ်က မုန်းလေလေ၊ သူအားထုတ်လေလေ ပရိသတ်က ဆဲလေလေ ဖြစ်နေရပေသည်။

ကိုဒတ်သသည် ပွဲဇာတ်စင်ခုံပေါ်တွင်သာ ကံဆိုးရှာသူမဟုတ်။ လူ့လောက ဘဝဇာတ်ခုံပေါ်တွင်လည်း ကံဆိုးရှာသူ၊ မျက်နှာငယ်ရှာသူဖြစ်လေသည်။ ကလေးတို့သည် ကိုဒတ်သကိုမြင်လျှင် ကြောက်လန့်တကြား ထွက်ပြေးကြ၏။ တခါတရံ ခဲနှင့်ပေါက်ကြ၏။ လူကြီးများကိုယ်တိုင်ကပင်လျှင် ကိုဒတ်သကို လူရာသူရာသွင်းချင်ပုံ မရချေ။ မည်သူကမျှ သူ့ကို ဆေးဘော်ကြောဘက် မလုပ်လိုကြချေ။ သူ့အိမ်လေးသို့ မည်သူမှလည်း မသွား။ သူကလည်း ဘယ်ကိုမျှမသွား။ ပတ်ဝန်းကျင်နှင့် ကိုဒတ်သသည် အဆက်ပြတ်နေရလေပြီ။ ကိုဒတ်သကို အများက လူတယောက်ကဲ့သို့ မမြင်ကြတော့ပဲ လူဘီလူး၊ လူကြမ်း၊ လူပေလူတေ၊ လူမိုက်ကြီးအဖြစ်နှင့် မြင်ထားကြသောကြောင့် ဖြစ်လေသည်။

အားလုံးက သူ့ကို ဒတ်သကြီးဟု ခေါ်ကြသော်လည်း သူ့အသက်မှာ လေးဆယ်ကျော်မျှ ရှိလေပြီ။ အရပ်ရှည်ရှည်၊ ပိန်ပိန်၊ အသားမည်းမည်း၊ ခါးကုန်းကုန်း၊ သွားခေါခေါနှင့် ကိုဒတ်သ၏ နုံချာလှသော ရုပ်ရည်သည် ဘီလူးအကနှင့် လူကြမ်းအက ကတတ်ရုံသာမက လူရာအသွင်းမခံရသောဘဝကိုပါ ဖန်တီးပေးလိုက် သည်။ မည့ပ်ပဲထားတတ်သော ဆံပင်နီကျင်ကျင်များသည် ဂုတ်ပေါ်အထိ ဝဲကျနေတတ်၏။ ပြူးကျယ်လှသော မျက်ဝန်းအစုံသည် လည်း တစုံတရာကို ရှာဖွေနေသကဲ့သို့ ရှိလေသည်။

ဆွေမရှိ မျိုးမရှိ အိမ်ထောင်မရှိသော တကောင်ကြွက် ကိုဒတ်သ၏ဘဝကား မည်သို့ မည်ပုံ ရှိနေသည်ကို မည်သူကမျှထည့်၍

ခေါင်းရှုပ်ခံကာ စဉ်းစားမိကြမည် မဟုတ်။ မစဉ်းစားရုံသာမက သူ့ကိုရှောင်ထားကြ၏။ ကြဉ်ထားကြ၏။ လူရာမသွင်းပဲ ထားကြ၏။

ထိုနေ့ကို ကျွန်တော် မှတ်မိပါသေးသည်။ တန်ဆောင်တိုင်ပွဲတော်ရက်များ အတွင်းဖြစ်၏။ ရောင်စုံထွန်းညှိထားသော မီးပုံးများ၊ ထိန်ထိန်သာနေသော လမင်းကြီး၊ တငြိမ့်ငြိမ့်ကြားနေရသော မင်းသမီး၏ တေးသံနှင့် ပွဲသွား၊ ပွဲလာ၊ ပွဲပြန်၊ ပွဲကြည့်သူတို့၏ အုတ်ကျက်သော အသံများကား လူ့လောက၏ ကျက်သရေများ ပင်တကား။

ပွဲဈေးတန်း လမ်းတလျှောက်လုံးသည် မီးများနှင့် ထိန်လင်းနေသည်။ ကျွန်တော်လျှောက်နေသော လမ်းမကြီး၏ဘေးတွင် မျက်စိမြင်ဟန်မတူသော သူတောင်းစား အဘိုးအိုနှင့် လေးနှစ်အရွယ် ကလေးငယ်တို့ တရွေ့ရွေ့ လျှောက်လာနေသည်ကို အမှတ်မထင် မြင်မိသည်။ ထိုအခိုက် လမ်းကွေ့မှ ရုတ်တရက် ချိုးကွေ့ဝင်လာသော မော်တော်ကားတစီးသည် အဘိုးအိုကို ဝင်၍ တိုက်မိလိုက်သည်။ အဘိုးအိုသည် ခွေကနဲ လဲကျသွား၏။ ကလေးငယ်သည် ဘေးသို့လဲသွားကာ စူးရှစွာ အော်ငိုရှာသည်။ ကလေး၏ငိုသံ၊ ပွဲသွား ပွဲလာတို့၏ အလန့်တကြား အော်လိုက်သံတို့သည် ကမ္ဘာပျက် မတတ် ဆူညံသွားတော့သည်။ အဘိုးအို၏ အောက်ပိုင်းတွင် သွေးများ အိုင်ထွန်းနေလေပြီ။ ကလေး၏ငိုသံကား စူးရှနေဆဲ။

ကျွန်တော်အပါအဝင် ပွဲသွား ပွဲလာတို့သည် ထိုအဖြစ်အပျက်ကို ကြည့်ယင်း ငိုနေကြ၏။ တချို့က ရှောင်သွားကြ၏၊ တချို့က စုတ်သတ်ကြ၏။ တချို့က မေးရုံသာ မေးကြ၏။ တချို့က ကြည့်ရုံသာ ကြည့်ကြ၏။ သူတောင်းစားအဘိုးအိုကား သွေးအိုင်ထဲတွင် ညည်းညူနေဆဲ၊ ကလေးကား ငိုနေဆဲ၊ ကျွန်တော်တို့က တွေဝေ နေဆဲ။

ထိုစဉ်တွင် လူတယောက်ဝင်လာ၍ လဲနေသောကလေးငယ်ကို ယုယစွာ ဖေးထူလိုက်သည်။ ကလေးကို အသာပွေ့ချီလိုက်ကာ အဘိုးအို၏ ခြေသလုံးကို သေချာစွာ ကြည့်နေပြန်သည်။ ထိုသူသည် ကျွန်တော်တို့ လူအုပ်ကြီးအား မကျေနပ်သောအကြည့်ဖြင့် ခေါင်းငုံ့ကြည့်လိုက်သည်။ ထိုသူကား ဘီလူးမင်းသားကြီး ကိုဒတ်သဖြစ်လေသတည်း။

ကိုဒတ်သသည် လက်ထဲတွင် ချီထားသောကလေးကို ဘေးသို့ချကာ အဘိုးအို၏ ခြေသလုံးကို သူ၏ ညစ်ပေနေသော ခေါင်းပေါင်းစနှင့် စည်းပေးနေသည်။ ကျွန်တော်တို့ကား ငေးနေဆဲ ငိုင်နေဆဲ။

ကိုဒတ်သသည် ၎င်းကိစ္စကို ပွဲလိုဝိုင်းကြည့်ရုံသာ ကြည့်နေကြသော ကျွန်တော်တို့ကို ဒုတိယအကြိမ် ကြည့်လာပြန်သည်။ သူ၏ မျက်လုံးများသည် မကျေနပ်ခြင်း၊ ဝမ်းနည်းခြင်း၊ ခံပြင်းခြင်း၊ နာကျည်းခြင်း အရောင်တို့နှင့် တလက်လက် တောက်ပနေ၏။ ထိုအခိုက် ရဲကားနှင့် သူနာပြုကား ရောက်လာ၏။ အဘိုးအိုနှင့် ကလေးငယ်ကို သယ်ဆောင်သွားသည်။

ဆေးရုံကား ထွက်သွားသည်အထိ ဘာမျှမလုပ်ပဲ ငေးကြည့်ရုံသာ ကြည့်နေကြသော ကျွန်တော်တို့ လူအုပ်ကြီးအား ကိုဒတ်သသည် တတိယအကြိမ် စူးစိုက်စွာ ကြည့်ပြန်သည်။ သူ၏ နှုတ်ခမ်းများသည် တခုခုကိုပြောတော့မည်လိုလို တလှုပ်လှုပ် တရွရွဖြစ်နေသည်။ သို့သော် ဘာမျှမပြောပဲ ကျွန်တော်တို့ကို ပြုံး၍ကြည့်ကာ အမှောင်ထဲသို့ ဝင်ရောက်သွားတော့သည်။

အမြဲတမ်း တင်းမာနေသော သူ၏မျက်နှာမှ ပွင့်ထွက်လာသော အပြုံးကား လူ့ဘဝ၏ မညီမျှမှုကို ဖော်ထုတ်သော အပြုံးမျိုး။ လူကို လူလိုမမြင်တတ်ကြသေးသော လူတို့၏ စိတ်ယုတ်မာကို ပြောင်လှောင်သရော်သော အပြုံးမျိုး ဖြစ်သည်။

စကားတစ်ခွန်းမျှမပြောပဲ မဟပဲ ပြုံးရုံသာ ပြုံးသွားသော ကိုဒတ်သ၏ အပြုံးသည် ကျွန်တော့်ရင်ကို များစွာ လှုပ်ရှားစေသည်။ သေလုမြောပါး ဖြစ်နေသော မိမိလို လူသားတယောက်ကို မကူမညီ မဖေးမမပဲ ပွဲကြည့်သကဲ့သို့ ကြည့်နေခဲ့မှုကိုလည်း ပြန်၍ရှက်မိလာသည်။ ထို့အတူ လူကိုလူလိုမမြင်တတ်သေးသော ကျွန်တော်၏ စိတ်ထားသဘောထားများကို ပြင်ဆင်ရန်ကိုလည်း သဘောပေါက်လာမိပါတော့သည်။

ငွေတာရီမဂ္ဂဇင်း၊
၁၉၆၆၊ ဧပြီလ။

❑

# ဖူဂျီယာမတောင်ခြေ၌

ငါတို့ခရီးသည်အဖွဲ့၏ကားသည် ဖူဂျီယာမတောင်ကို ရစ်၍ ပတ်၍ တက်လျက်ရှိပေသည်။ ငါတို့အဖွဲ့အား ညွှန်ကြားလုပ်နေသော နိပ္ပွန်သူမလေးကလည်း ဖူဂျီယာမတောင်၏ အကြောင်းကို စိတ်ဝင်စားဘွယ်ရာ ပြောပြနေပေသည်။ နိပ္ပွန်သူမလေး ရှင်းပြသော စကား၌ ဖူဂျီစံ၊ ဖူဂျီစံဟု မကြာခဏပါ၏။ ဖူဂျီစံ ဆိုသောအနက်မှာကား ချစ်မြတ်နိုးသော ဖူဂျီဟု သိရပေသည်။ ငါကား ညွှန်ကြား နိပ္ပွန်သူလေး၏ စကားကို မကြားတချက် ကြားတချက်နှင့် ဖူဂျီယာမ ရှုခင်းများကိုသာ သတိထားမိတော့သည်။

မှန်လုံကားထဲကို ဖူဂျီ၏အအေးသည် ထိုးဖောက်စိမ့်ဝင်လျက်ရှိ၏။ ငါသည် ဝဲဘက်ကိုကြည့်၏။ ဖွေးသောနှင်းတို့ ဝေလျက်။ ငါသည် ယာဘက်သို့ကြည့်၏။ ဖြူသောနှင်းတို့ ဝေလျက်။ ဟိုအဝေး၌ နှင်း၊ သည်အနီး၌ နှင်း၊ ငါတို့ခရီးကား နှင်းတိုင်းပြည်ထဲက အိပ်မက်လေးနှင့်ပင် တူသေး၏။ ဤဖူဂျီတောင်ကြီးကို အဝေးမှပင် ငါတို့မြင်ခဲ့ရ၏။ ဖူဂျီထိပ်၌ နှင်းသရဖူကို ဆောင်းလျက်၊ တောင်လယ်၌ နှင်းပုဝါခြုံလျက်၊ တောင်ခြေ၌ နှင်းကော်ဇောခင်းလျက်။ ဖူဂျီတောင်၌ ငြိမ်သက်ခြင်း၊ ငြိမ်းချမ်းခြင်း၊ သမာဓိရှိခြင်းတို့သည်

အရိပ်ထင်လျက် ရှိပေသည်။ သို့ဖြစ်၍ ဖူဂျီစံသည် နိပ္ပွန်ပြည်သူတို့၏နှလုံးကို လှုပ်ကိုင်နိုင်ပေသည်တကား။

ငါတို့အဖွဲ့၏ကားသည် ဖူဂျီယာမတောင်ထိပ်အနီးရှိ ဖူဂျီတောင်စခန်းသို့ ကားဖြင့်တက်ရောက်နေခြင်းဖြစ်သည်။ ဖူဂျီတောင်စခန်းသည် ဖူဂျီတောင်၏ လေးပုံသုံးပုံအမြင့်၌ ရှိပေသည်။ တောင်ထိပ်ထိ ကျန်ခရီးကိုမူ ခွင့်ပြုခြင်းခံရသူများသာ ခွင့်ပြုထားသောအချိန်၌ တက်ခွင့်ရှိသည်ဟု သိရပေသည်။ ငါတို့ ကားလည်း ဖူဂျီတောင်ကို ကားဖြင့်တက်လာစဉ် ဖူဂျီ၏ တောရိပ်တောင်ရိပ် စိမ့်ရိပ်စမ်းရိပ်တို့ကိုသာ ကြည့်၍ လိုက်ပါလာခဲ့လေသည်။

နှင်းတို့ကား ဝေနေဆဲပင်ဖြစ်သည်။ တခါတခါ နေခြည်ထိုးလျှင်ထင်းရှူးရွက်များပေါ်မှ နှင်းစက်များကို ပြက်ကနဲမြင်ရသည်။ အမည်မသိရသော ငှက်တကောင် နှစ်ကောင်ကို ရိပ်ကနဲမြင်မိသည်။ နေရောင်ခြည်သည် နှင်းကွဲသော နေရာများ၌ တလက်လက်သာလေသည်။ ချယ်ရီပန်းတို့သည် ဖားဖားဝေအောင် ပွင့်နေကြသည်ကို တွေ့ရသည်။ ကားလမ်းဘေး၌ စိမ့်ပေါက် စမ်းပေါက်တို့ရစ်ခွေစီးဆင်းနေသည်ကိုလည်း မြင်ရသေးသည်၊ ငါ၏ နှုတ်ဖျား၌ "ဖူဂျီတောင်ခြေ စီးထွေထွေတည့်၊ မြစ်ရေဝန်းလည်း၊ မြိုင်တောဆီမှ" စသည်ဖြင့် ဥတုစာသားတပိုဒ်ကို လွမ်းလွမ်းဆွတ်ဆွတ်ဖြင့် ရွတ်နေမိပေသတည်း။

မကြာမီ ငါတို့ကားသည် ဖူဂျီယာမတောင်စခန်းသို့ ရောက်ရှိကြ၏။ စခန်း၌ ခေတ္တရပ်နားကြ၏။ တောင်ထိပ်ပိုင်းက နှင်းဆွတ်လေအေးသည် ငါတို့၏ ရိုးတွင်းချဉ်ဆီထိ အေးစိမ့်နေ၏။ ဧည့်ကြိုပြုနိပ္ပွန်မလေးက ဖူဂျီတောင်အကြောင်း တပြုံးပြုံးဖြင့် ရှင်းပြသည်ကို ငါတို့သည် တပြုံးပြုံး နားထောင်ကြရပေ၏။ ဤသို့ဖြင့် တောင်ခြေသို့ ပြန်ဆင်းရန် ပြင်ဆင်ကြရပေသည်။

တောင်ဆင်းခရီး၌ ကားသည် လျင်မြန်စွာ မောင်းနှင်လျက်၊ တချို့မှာ ငိုက်လျက်၊ တချို့မှာငေးလျက်၊ ငါကား နှင်းရည်ဖြင့် စိုစွတ်နေသော ဖူဂျီ၏ အလှကို ကြည့်လျက်။ ငါကား ဤခဏ၌ ညကငါတက်ခဲ့ရသော ခမ်းနားသည့် ညစာစားပွဲကို သတိရမိသေး၏။ ထိုညစာစားပွဲ၌ ငါသည် တွေ့သောလူတိုင်းအား မင်္ဂလာညနေချမ်းပါဟု နှုတ်ဆက်ရ၏။ ငါ့ပန်းကန်ထဲသို့ ဟင်းတဖက် လာထည့်ပေးသူတိုင်းအားလည်း ကျေးဇူးများစွာတင်ပါသည်ဆိုရ၏။ သို့ဖြစ်၍ မင်္ဂလာညနေချမ်းပါဟူသော စကားနှင့် ကျေးဇူးများစွာ တင်ပါသည်ဟူသော စကားသည် ငါ့နှုတ်ဖျား၌ ဆီဆင်ထားသကဲ့သို့ ဖြစ်ခဲ့သည်တကား။

ငါသည် ရိပ်ကနဲ ပျံသန်းသွားသော အမည်မသိ ငှက်တို့ကိုကြည့်ယင်း ငါ့အိမ်ခေါင်းရင်း၌ နံနက်တိုင်း လာ၍ သာလေ့ရှိသော ကျီးညိုမြတို့ကို သတိရနေမိပေသည်။ ငါသည် ညနေက တွေ့ခဲ့ရသော တောက်ပသည့် နီယွန်မီးရောင်များကြား၌ ရောက်နေသော်လည်း ငါ့အိမ်ရှေ့ မြေတလင်းသာသာသို့ အုန်းရွက်များကြားမှ ထိုးဖြာကျသော လရောင်ချမ်းမြကို သတိရနေမိပေသည်။

လရောင်ဖြာကျနေသော ကွပ်ပျစ်ပေါ်၌ ငါသည်အမိအဖတို့နှင့် လဘက်ရည်ကြမ်းသောက်ယင်း စကားဆိုရပေအံ့။ အရီးကြွေးသော မုန့်ဖက်ထုပ်ပူပူကို စားရပေတော့အံ့။ အဖိုးပူဇော်သော မေတ္တာသုတ်ကို နာရပေတော့အံ့။ ရွာတောင်ပိုင်းက သာအေးတို့၏ ပုလွေသံချိုချိုကို ကြားရပေအံ့။ စပါးပင်ပျိုတို့ကို ဖြတ်၍ တိုက်ခတ်လာသော လေနုကို ခံရပေအံ့။ ဤသို့ဖြင့် ငါ့ရင်ထဲ၌ အလွမ်းတို့သည် ဝေလျက်ရှိပေသည်တကား။

ညော့ကြို နိပ္ပွန်မလေးသည် ငါတို့အား နိပ္ပွန်ရှေးသီချင်းတပုဒ်ကို ဆိုပြပေသည်။ သူဆိုသော အသံကား ချိုလည်း ချိုပါပေ နွဲ့လည်း နွဲ့ပါပေ၏။ သာလည်း သာပါပေ၏။ သို့သော် ငါသည် ငါ၏အစ်မ

လေး မသင်ဇာ စပါးကြိတ်ထိုးယင်း ဆိုလေ့ရှိသည့် “စိမ်းလဲ့ရယ်တဲ့ ညိုရောင်” ဟူသော တေးသံကိုသာ လွမ်းမိပေသည်တကား။

ဤသို့ဖြင့် ငါတို့သည် ဖူဂျီတောင်ခြေသို့ ရောက်ခဲ့တော့သည်။ ဤနေ့ ခရီးစဉ်ကား ပြီးဆုံးခဲ့ပြီ။ အဝေး၌ ဖူဂျီတောင်ကိုကား နေရောင်ထဲတွင် မြင်နေ ရသေးသည်။ ဧည့်ကြိုနိပွန်သူလေးက ဤခရီးလမ်း၌ အပန်းပြေကြပါစေသော်ဟု ဆုပန်ယင်း နှုတ်ဆက်ရှာ၏။

ငါသည် ဤနေ့၌ ပြုံးချို၍ ဧည့်ဝတ်ကြေသော ဧည့်ကြို နိပွန်သူမလေးကိုလည်း ကျေးဇူးတင်ပါ၏။ နှုတ်ဝယ်ချိုပျားပြုကြသော မိတ်ဆွေတို့အားလည်း ကျေးဇူးတင်ပါ၏။ ချိုချဉ်ဖန်ခါးဖြင့် ကျွေးကြသူတို့ကိုလည်း ကျေးဇူးတင်ပါ၏။ သို့ရာတွင် အဝေး၌လှမ်းမြင်ရသော နှင်းငွေ့ထဲက ဖူဂျီတောင်နှင့် ပင်လုံးကျွတ် ပွင့်ဝေနေသော ချယ်ရီပန်းတို့ကိုကြည့်ယင်း ငါ့ရင်ထဲ၌ ခံစားနေရသည်မှာ ဤသို့ပင် ဖြစ်ပါလေ၏။

နှင်းဆွတ်ဆွတ်ဖြူ တိမ်ငွေ့မြူနှင့်
ဖူဂျီမဟာ၊ ငါမြင်ပါသော်
ငါချစ်ခင်သည့်၊ ငါ့ဇာတိမှ
အမိပုပ္ပား လွမ်းတကား။
သန္တာနုဝယ်၊ ငွေသွေးခြယ်သည့်
ချယ်ရီပန်းအိ၊ ငါမြင်မိသော်
အမိပုပ္ပား၊ ရင်ခွင်ကြားမှ
စကားဝါကို လွမ်းတကား။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မဂ္ဂဇင်း၊
၁၉၇၇။

❑

# အားသစ် တာဝန်သစ်

သည်မန်ကျည်းငုတ်တိုကြီးကိုမြင်မိတိုင်း ကျွန်တော့်စိတ်ထဲတွင် မျှော်ခေါ်ခြင်း၊ ဝမ်းနည်းခြင်း၊ တသခြင်း စသော ဝေဒနာတို့သည် စုပြုံရောထွေးကာ ဖြစ်ပေါ်လာကြပါသည်။ အဘယ်ကြောင့်ဆိုသော် ဤမန်ကျည်းငုတ်တိုကြီးသည် ကျွန်တော်တို့၏ မိတ်ဟောင်း ဆွေဟောင်းကြီး ဖြစ်ခဲ့သောကြောင့်ပင်တည်း။

ယမန်နှစ် မိုးဦးကျက လေမုန်တိုင်းကျသောအခါ ဤမန်ကျည်းပင်ကြီး၏ အကိုင်းအခက်များ ကျိုးပဲ့ကုန်၏။ ထိုအခါ ကျန်သောပင်စည်ကိုလည်း ရွာသားတို့သည် ထင်းအလို့ငှာ ခုတ်ပိုင်းဖြတ်တောက်ကြ၏။ သို့သော် အရင်းပိုင်းကျသော ပင်စည်ပိုင်းကိုမူ အဘယ်အကြောင်းကြောင့်မသိ ချန်ထားပစ်ကြလေသည်။ မုန်တိုင်းတည်းဟူသော သဘာဝလက်နက်နှင့် ဓားချက် ပုဆိန်ချက် စသော လူ့လက်နက်တို့၏ ဖန်တီးပြုပြင်မှုကြောင့် ယခင်က ကျေးငှက်တသောင်း ခိုလှုံရာနှင့် ခရီးသည်အပေါင်း နားနေရာဖြစ်သော မန်ကျည်းပင်ကြီးသည် ယခုအခါ သစ်ငုတ်တိုကြီးဘဝသို့ ရောက်ခဲ့ရလေ၏။

မန်ကျည်းငုတ်တိုကြီး၏ အခြေအနေမှာ မရှုမလှဖြစ်နေလေသည်။ ဓားချက် ရဲတင်းချက်တို့ကြောင့် ရှုမကောင်း မြင်မကောင်း ဖြစ်နေ၏။ အခေါက်အပွေးများလည်း မရှိတော့။ အမြင့် ၃-ပေခန့်သာရှိတော့၏။ မန်ကျည်းငုတ်တိုကြီးအောက်တွင် မြက်ကလေး တပင်နှစ်ပင်တောင် ပေါက်ဖော်မရ၊ ခပ်ယိုင်ယိုင် ခပ်နွဲ့နွဲ့ဖြစ် နေသော သစ်ငုတ်တို၏ခြေရင်းတွင် ခြနှင့် ပရွက်ဆိတ်တို့ တိုင်းပြည် တည်ထောင်ကာ မင်းမူ စိုးမိုးနေကြသည်။

ကျွန်တော်တို့ လူမှန်းသိစ အရွယ်ကပင် စတင်၍ သည်မန်ကျည်းပင်အောက်တွင် ကစားနည်းမျိုးစုံနှင့် ကစားခဲ့ကြ၏။ အပင်ပေါ်တွင် ကျေးငှက်တို့က တအာအာနှင့်၊ အပင်အောက်တွင် ကျွန်တော်တို့က တစာစာနှင့်။ ဈေးသွား ဈေးပြန် ခိုသူခို၊ နားသူနား၊ မန်ကျည်းရွက်လာခူးသူခူး၊ မန်ကျည်းသီး လာဆွတ်သူကဆွတ်၊ နွေအခါများတွင် လိမ်းရန် မန်ကျည်းခေါက်လာခွာသူက ခွာ၊ မန်ကျည်းပွင့်လာခူးသူက ခူး၊ စိုပြေစည်ကားလိုက်ပါဘိခြင်း။ ထို့ကြောင့် သည်မန်ကျည်းပင်ကြီးသည် ဇရပ်နှင့်လည်း တူတော့၏။ ပဒေသာပင်ကြီးနှင့်လည်း တူတော့၏။ ကလေးတို့ တွေ့ဆုံရင်းနှီးကြရာ ဘုံရိပ်သာနှင့်လည်း တူတော့၏။

ကျွန်တော်တို့ ငယ်စဉ်ကပင် စိုပြေစိမ်းလန်း၍ အရိပ်အာဝါသကောင်းလှသော ဤမန်ကျည်းပင်ကြီးကား အတော်အရွယ်ရင့်ခဲ့လေပြီ။ ရင့်ရော်ခြင်းသည် ပျက်စီးခြင်းအတွက် ပထမခြေလှမ်းပင်မဟုတ်ပါလော။ နောက်ပိုင်း ကျွန်တော်တို့ ကလေးအရွယ်ကုန်၍ မကစားနိုင်သည့်အခါ ကျွန်တော်တို့၏ ညီ-ညီမလေးများသည် ဤမန်ကျည်းပင်ကြီးအောက်တွင် ကစားနေဆဲ ဖြစ်လေသည်။

လောကသစ္စာ ဓမ္မတာတရားသည် မန်ကျည်းပင်အိုကြီးပေါ်တွင် နိုင်လိုမင်းထက် ပြုမူတော့၏။ အိုမင်းခြင်း၊ ရင့်ရော်ခြင်းကြောင့် မန်ကျည်းပင်အိုကြီးသည် ပျက်စီးခြင်း၊ ယိုယွင်းခြင်းသို့ တိုင်တော့၏။

အတော်အတန် မုန်တိုင်းဒဏ်ကို မမှုခဲ့သော မန်ကျည်းပင်ကြီးသည် အတော်အတန် မုန်တိုင်းဒဏ်ကြောင့်ပင် ပျက်စီးခြင်း၊ ကျိုးပဲ့ခြင်း အဖြစ်သို့ ရောက်ရတော့၏။ ရွာသားတို့သည်လည်း အရိပ်မခိုနိုင်တော့သောကြောင့် အခက်ကိုချိုးကြတော့၏။ ပင်စည်ကို ခုတ်ကြတော့၏။ ဤသို့ဖြင့် မန်ကျည်းပင်အိုကြီးသည် မန်ကျည်းငုတ်တိုကြီး ဖြစ်ခဲ့ရသည်။

မန်ကျည်းငုတ်တိုမှာ အခက်အလက် မရှိတော့။ အခက်အလက်မရှိ၍ အဖူးအညွန့် မရှိတော့။ အဖူးအညွန့်မရှိ၍ အပွင့်အသီး မရှိတော့။ အပွင့်အသီးမရှိ၍ အလှလည်း မရှိတော့။ ဘဝလည်း မရှိတော့။ မျှော်လင့်ချက်လည်း မရှိတော့။ မန်ကျည်းငုတ်တို၏ဘဝကား အမှောင်ထဲမှာပင်တည်း။ မကြာမီပင် ဤကမ္ဘာလောကမှ မန်ကျည်းငုတ်တိုကြီးသည် ခြေရာဖျောက်ကာ ထွက်ခွာသွားရပေတော့မည်။ သူ့ဘဝကား သေခဲ့လေပြီတကား။ သူ့အသက်ကား ကုန်ခဲ့လေပြီတကား။ သူ့ခေတ်ကား ဆုံးခဲ့လေပြီတကား။

ကျွန်တော့်မျက်စိသည် မန်ကျည်းငုတ်တိုကြီးမှ နေ၍ ခပ်လှမ်းလှမ်းရှိ မန်ကျည်းပင်တန်းသို့ ရောက်သွား၏။ ဆယ်ပင် ကိုးပင်ခန့် စုပြုံပေါက်နေသော မန်ကျည်းပင်ပျိုတန်း ဖြစ်သည်။ စိမ်းမြနေသော မန်ကျည်းရွက်များ၏ အရောင်သည် ပူလောင်နေသော ကျွန်တော်၏ မျက်စိအမြင်ဓာတ်ကို အေးမြသွားစေသည်။

မန်ကျည်းပင်ပျိုတန်းဘက်မှ ကလေးတသိုက်၏ ပြေးသံ လိုက်သံတို့သည် နွမ်းနယ်နေသော ကျွန်တော်၏နှလုံးသားကို ပြန်လည်လန်းဆန်းလာစေသည်။ မန်ကျည်းပင်ပျိုများ၏ စိမ်းလန်းပုံ၊ စိုပြေပုံ၊ တက်ကြွပုံတို့သည် ကျွန်တော်၏ နွမ်းနယ်မှု၊ ပူလောင်မှု၊ အားလျော့မှုတို့ကို ဖယ်ထုတ်ပစ်လိုက်ကြ၏။ ကျွန်တော် တခုစဉ်းစားမိပါပြီ။ ယနေ့ကား မန်ကျည်းပင်ပျိုတို့၏နေ့၊ မန်ကျည်းပင်ပျိုတို့၏ ခေတ် မဟုတ်ပါလော။

ဤမန်ကျည်းငုတ်တိုကြီး၏ မျိုးစေ့များမှ ယခု စိမ်းလန်းနေကြသော မန်ကျည်းပင်ပျိုတို့ ပေါက်ဖွားလာခဲ့ကြရ၏။ ထို့ကြောင့် မန်ကျည်းပင်ပျိုတို့သည် မန်ကျည်းငုတ်တိုကြီး၏ မျိုးဆက်ဖြစ်၏။ မန်ကျည်းငုတ်တိုကြီး၏ အမွေခံများဖြစ်၏။ မန်ကျည်းငုတ်တိုကြီး၏ သားမြေးများဖြစ်၏။

သို့ဖြစ်၍ မန်ကျည်းငုတ်တိုကြီးဘဝနှင့်တူသော အသက်နှင့်တူသော ဤမန်ကျည်းပင်ပျိုတို့ကို ယုယလိုစိတ်၊ စောင့်ရှောက်လိုစိတ်၊ ထိန်းသိမ်းလိုစိတ်သည် ကျွန်တော်၏ရင်ထဲတွင် ဒီရေကဲ့သို့ တဖြည်းဖြည်း တက်ခဲ့ရပါတော့သတည်း။

ငွေတာရီမဂ္ဂဇင်း၊
၁၉၆၇၊ မတ်လ။

❑

# (ဒုတိယပိုင်း)

# ကလေးများ ချစ်ခင်ကိုးစားသော ကျောင်းဆရာ

ကျောင်းနေစကလေးသည် အတန်းထဲသို့ရောက်သည်နှင့် တပြိုင်နက် ဆရာသင်ကြားပေးနေသော အရေးအဖတ်အတွက်ကို နားလည်နိုင်အောင် မကြိုးစားခင် ဆရာ့ကို နားလည်နိုင်အောင် ကြိုးစားနေတတ်ပါသည်။ သင်ကြားမှုကို မခံယူခင် ဆရာ့ကို ခံယူနေတတ်ပါသည်။ ကျောင်းနေစ ကလေးတို့သည် အိမ်ရောက်၍ မိဘတို့ကို ပြန်ပြောတတ်သော စကားများမှာ "ကျွန်တော်တို့ဆရာက သိပ်သဘောကောင်းတယ်" "ကျမတို့ဆရာမက သိပ်စိတ်ရှည်တယ်" "ကျမတို့ဆရာမက ကျမတို့ ဘယ်နားမှာနေသလဲလို့ လာမေးတယ်။ သိပ်ချစ်စရာကောင်းတာပဲ" စသည်ဖြင့် ဖြစ်ပါသည်။ ဆရာစာသင်ကောင်းပုံ၊ စာသင်မကောင်းပုံ၊ ဂဏန်းသင်ပြရာ၌တော်ပုံ စသည်တို့ကို ပြန်ပြောပြသော ကလေးမရှိသလောက် နည်းပါးလှ၏။ ကလေးတို့သည် ဆရာ့ကို လူတဦးအဖြစ်နှင့် ပို၍ ခံယူကျွမ်းဝင်ချင်ကြပါသည်။ ခံယူကျွမ်းဝင်ရာ၌ မိမိတို့အိမ်မှ မိဘများ၏ ကရုဏာထားပုံ၊ စေတနာထားပုံနှင့် နှိုင်း၍ထိုး၍လည်း ကြည့်ကြပါသည်။

ထို့ကြောင့် ကျွန်တော်တို့ ဆရာများအတွက် အထူးအာရုံပြုစရာ ရှိလာသည်မှာ ကလေးများ၏ ခံယူကျွမ်းဝင်လိုမှုကို အပြည့်ဝဆုံး ဖြည့်စွမ်းပေးရန် ဖြစ်ပါသည်။

တပည့်ကလေးတို့သည် လူသားများဖြစ်သည့်အတိုင်း ခံစားမှုအထွေထွေကို ခံစားရမည်မှာ သေချာလှပါသည်။ တခါတရံ ကျွန်တော်တို့လူကြီးများကသာ သူတို့ကလေးများ၏ အပြုအမူကို မနှစ်သက်ချင်သည်မဟုတ်၊ သူတို့ကလေးများကလည်း ကျွန်တော်တို့ လူကြီးများ၏ တချို့အပြုအမူများကို မနှစ်သက်ချင်သည့်အခါ ရှိတတ်မည်မှာ သေချာလှပါသည်။ တဖန်ထပ်၍ လေ့လာကြည့် လျှင် ကလေးများသည် ဆရာများ မနှစ်သက်သော အပြုအမူများကို ကြိုးစား ရှောင်ကြဉ်ကြကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ကျွန်တော်တို့ဆရာများဖက်ကလည်း သူတို့မနှစ်သက်သည့် အပြုအမူများကို ရှောင်ကြဉ်သင့်သည်မှာ ထင်ရှားလာပါတော့သည်။

ကလေးများ မနှစ်သက်သော အပြုအမူများကား အဘယ်တို့နည်း။ ကလေးများ ချစ်ခင်နှစ်သက်သော အပြုအမူများကား အဘယ်တို့နည်း။ ဤမေးခွန်းကို ဖြေကြည့်ရန် ကျောင်းတွင်း ပညာရေးသုတေသနလုပ်ငန်းကလေးတခု လုပ်ကြည့်ရန် လိုအပ်လာပါသည်။ ပညာရေးသုတေသနဟူ၍ ဆိုမိသဖြင့် ကိန်းကြီး ခန်းကြီးအလုပ်၊ ငွေကုန်ကြေးကျ အလုပ်၊ ဇယားကြီး စာရင်းကြီးရှိမှ ဖြစ်မည့်အလုပ်ဟူ၍ မမှတ်သင့်ပါ။

"ပညာရေးသုတေသနလုပ်ငန်းဟူ၍ စကားခန့်ညားလှသောကြောင့် ၎င်းလုပ်ငန်းကို အထူးအဆန်း ဖြစ်ကောင်းဖြစ်မိကြပေလိမ့်မည်။ ၎င်းလုပ်ငန်းကို ဆောင်ရွက်ရန် တုံ့ဆိုင်းမိကြပေလိမ့်မည်။ ငွေကုန်ကြေးကျနှင့် အချိန်ကုန်ခံကာ လုပ်ကြရမည်ဟူ၍လည်း တွေးမိကောင်း တွေးမိကြပေလိမ့်မည်။ အမှန်မှာ ပညာရေးသုတေသနလုပ်ငန်းများမှာ ကျယ်ပြန့်လှသည်၊ အထူးသဖြင့် ကျောင်း

ပရဝုဏ်အတွင်းနှင့် ကျောင်းပတ်ဝန်းကျင်၌လည်းကောင်း၊ ကျောင်းသားတို့၏ ဘဝပတ်ဝန်း၌လည်းကောင်း သုတေသနပြုကြရသော အလုပ်သည် အဓိက ပါဝင်နေပေသည်”။ **(ဦးသောင်းထွတ် ၁၉၆၉-ခု၊ ဇန်နဝါရီလ ၂၂-ရက်နေ့ ညနေ လေးနာရီတွင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်သည့် “ပညာရေး သုတေသန ပြုလုပ်ရာတွင် တွေ့ကြုံရသော အခက်အခဲ ပြဿနာများ” ကို ဆွေးနွေးရာ၌ တင်ပြချက်)**

အထက်ပါအဆိုသည် ကျွန်တော်တို့ ကျောင်းဆရာများအတွက် ဂရုမူရမည့်အဆိုဖြစ်ပါသည်။ ကျောင်းဆရာများအတွက် စာသင်ခန်းသည် အမြဲ အသက်ဝင်လှုပ်ရှားနေသော ဓာတ်ခွဲခန်း၊ အလုပ်ခန်းဖြစ်သည်။ ကိုင်တွယ်ရမည့် သုတေသနပစ္စည်းဟူ၍ ယူဆနိုင်သော ကလေးများမှာလည်း သက်ရှိလူသားများဖြစ်၍ နက်နဲသိမ်မွေ့မှုရှိသည်။ ထို့ကြောင့် ကျောင်းပရဝုဏ်အတွင်းရှိ ကျောင်းတွင်း ပညာရေး သုတေသနလုပ်ငန်းလေးများကို ပြေး၍ ရေတွက်ကြည့်လျှင်ပင် အတော်များလှပါသည်။ ပုံစံအားဖြင့်ပြရလျှင် ကလေးများသည် မည်သည့်ကလေးမျိုးကို ခေါင်းဆောင်တင်ချင်ကြသနည်း။ ဤအတန်း၌ ပြဌာန်းစာအုပ်သည် ဤအတန်းရှိ ကလေးများ၏ အသက်၊ ဝါသနာ၊ စွမ်းရည်နှင့် ကိုက်ညီမှုရှိခြင်း၊ မရှိခြင်း၊ ဤပြဌာန်းစာအုပ်ရှိ မြန်မာစကားပြေနှင့် ဤဒေသရှိ ကလေးများ မည်သို့ကွာဟမှုရှိပုံ၊ ဤပြဌာန်းစာအုပ်ကို ဤအရပ်၌ သင်ရာ မည်သည့် အခက်အခဲရှိပုံ စသည်တို့ဖြစ်ပါသည်။ ဖော်ထုတ်တွေ့ရှိရ သမျှသည် ကွဲပြားခြားနားနိုင်သော်လည်း ပညာရေးအတွက်များစွာ အရာရောက်မည် ဖြစ်ပါသည်။ ယေဘူယျအသွင်သဏ္ဍာန်နှင့် ယေဘူယျ အနှစ်သာရ၌လည်း တူနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် တာဝန်ထမ်းဆောင်နေသော ကျောင်းမှ မူလတန်းကလေးများ၏ ဆရာများအပေါ် မည်သည့်အမြင်အမူများကို သဘော

ကျ၍ မည်သည့် အပြုအမူများကို သဘောမကျကြောင်းကို စူးစမ်းခဲ့ပါသည်။ စူးစမ်းရာတွင် ကလေးတို့အား ပြောခိုင်းသည်လည်းရှိ၏။ ရေးခိုင်းသည်လည်းရှိ၏။ ပြောခိုင်း ရေးခိုင်းရာတွင် မကြောက်မလန့် ရေးရန်၊ ပွင့်လင်းစွာရေးရန်နှင့် ရေးသမျှ ပြောသမျှ အမှန်ချည်းဖြစ်ကြောင်း အားပေးရသည်။ ဖော်ရွေသောအမူအရာဖြင့် အားပေးရသည်။ ဤတွင် ထူးခြားသည့် အချက်နှစ်ချက်ကို တွေ့ခဲ့ရပါသည်။ ပထမအချက်မှာ ဆရာများအပေါ် နှစ်သက်ချစ်ခင်သော အပြုအမူနှင့်ပတ်သက်၍ အများဆုံး ပြောပြ ရေးပြနိုင်သူများမှာ အတန်းထဲ၌ စာတော်သည်ဟု အသတ်မှတ်ခံရသည့် ကလေးများ ဖြစ်ပါသည်။ ဒုတိယအချက်မှာ ဆရာများအပေါ် မနှစ်သက် မကြိုက်သော အပြုအမူများနှင့်ပတ်သက်၍ အများဆုံး ပြောပြရေးပြနိုင်သူမှာ အတန်းထဲ၌ စညံ့သည်ဟု အသတ်မှတ်ခံရသော ကလေးများ ဖြစ်နေပါသည်။ ဤအချက်သည်ပင် ကျွန်တော်တို့ ကျောင်းဆရာများအတွက် "ပညာရေးသတိ" ယူစရာကြီး ဖြစ်နေပါတော့သည်။

ကလေးများအား အောက်ပါ ခေါင်းစဉ်နှစ်ခုဖြင့် စူးစမ်း၍ ထင်မြင်ယူဆရသမျှကို ထုတ်ဖော်စေခဲ့ပါသည်။

(၁) ကျွန်တော်တို့ နှစ်သက်ချစ်ခင် သဘောကျသော ဆရာ၏ အပြုအမူများ။

(၂) ကျွန်တော်တို့ မနှစ်သက် မချစ်ခင် သဘောမကျသော ဆရာ၏ အပြုအမူများ။

ဆရာကို အမည်နှင့်ရေးရန်မဟုတ်၊ အပြုအမူကိုသာ ရေးရန်ဖြစ်သည်ဟု ရှင်းပြရာ နားလည်စွာ ဆောင်ရွက်ကြပါသည်။ အောက်၌ ပထမတန်းမှ စတုတ္ထတန်းအထိ ထင်မြင်ချက်များကို ကောက်နုတ်ဖော်ပြသွားပါသည်။

**ပထမတန်း**

ကျွန်တော်တို့ နှစ်သက်သော ဆရာ၏ အပြုအမူများ။

၁။ ပုံပြောပြခြင်း။

၂။ သီချင်းဆိုပြခြင်း။

၃။ အိပ်ချင်လျှင် အိပ်ခိုင်းခြင်း။

၄။ မှုံရွှေရည်ဇာတ်ကားပြောပြခြင်း။

၅။ ကခိုင်းခြင်း။

၆။ ကစားခိုင်းခြင်း။

၇။ ကျောင်းအစောကြီးဆင်းပေးခြင်း။

၈။ မုန့်ကျွေးခြင်း။

၉။ သဘောကောင်းခြင်း။

၁၀။ လက်ရေးလှခြင်း။

ကျွန်တော်တို့ မနှစ်သက်သော ဆရာများ၏ အပြုအမူများ။

၁။ ရိုက်နှက်ခြင်း။

၂။ စိတ်တိုတတ်ခြင်း။

၃။ မြေဖြူခဲနှင့်ပေါက်ခြင်း။

၄။ သီချင်းမသင်ပေးခြင်း။

၅။ ပုံပြောမပြခြင်း။

၆။ ငေါက်ခြင်း။

၇။ ခေါင်းခေါက်ခြင်း။

၈။ စာမသင်ခြင်း။

၉။ မရယ်ပဲနေခြင်း။

၁၀။ မုန့်မကျွေးခြင်း။

၁၁။ အိမ်သာသွားရန်ခွင့်မပြုခြင်း။

၁၂။ အဖေ့ကိုတိုင်ခြင်း။

၁၃။ သဘောမကောင်းခြင်း။

၁၄။ လမ်းတွေ့လျှင်ငေါက်ခြင်း။

၁၅။ ကာတွန်းစာအုပ်သိမ်းခြင်း။

၁၆။ အမှန်ခြစ်လျှင် အတိုလေးခြစ်ပေးခြင်း။

ဤကလေးများ၏ အသက်အရွယ်မှာ ငါးနှစ်မှ ရှစ်နှစ်အရွယ် အတွင်း ဖြစ်ပါသည်။ ဦးရေမှာ ငါးဆယ့်ငါးယောက်ဖြစ်ပါသည်။ သူတို့၏ ကြိုက်မှုမကြိုက်မှုများမှာ ကျွန်တော်တို့အတွက် အဓိပ္ပာယ် များစွာ မရှိတတ်သော်လည်း သူတို့အတွက် အဓိပ္ပာယ်ရှိလှရုံသာမက ပညာရေးဖွံ့ဖြိုးမှု၊ လူမှုရေးဖွံ့ဖြိုးမှု၊ လူဖွံ့ဖြိုးမှုတို့ကိုပင် အကျိုးသက် ရောက်စေလှပါသည်။ ကလေးအများပင် ပုံပြောခြင်းနှင့် သီချင်းဆို ခြင်းကို ကြိုက်နှစ်သက်ကြပါသည်။

ဆရာသည် ကလေးများ၏ ဇာတ်လိုက်ဖြစ်ပါသည်။ အသား မည်းသော ဆရာသည်လည်း သူတို့ ချစ်ခင်လာသောအခါ သဘော ကျနေခြင်းကို တွေ့ရပါသည်။ တခါတရံ သူတို့မကြိုက်သည်များ မှာလည်း လူကြီးများအတိုင်းပင် ဖြစ်သေးသည်။ တချို့ကလေး များက ဆရာများ လေလည်ခြင်း၊ လုံချည်အပြ ဝတ်ခြင်း စသည့် မတော်မတည့်အမြင်များကို သဘောမကျကြောင်း ဖော်ပြထား သည်ကို သတိပြုမိလေသည်။

ဒုတိယတန်း

သဘောကျနှစ်သက်သော အပြုအမူများ။

၁။ အဝတ်ကို သေသပ်စွာဝတ်ခြင်း။

၂။ ချိုသာစွာစကားပြောခြင်း။

၃။ အမြဲပြုံးနေခြင်း။

၄။ အရယ်ရယ်မောမော စာသင်ခြင်း။

၅။ အစိပ္ပာယ်ရှင်းပြ၍ စာသင်ခြင်း။

၆။ ခေါင်းဖီးပုံလှခြင်း။

၇။ ချော့မော့ပြီး စာပြခြင်း။

၈။ သဘောကောင်းခြင်း။

၉။ အမှိုက်လှည်းလျှင် လာကူခြင်း။

၁၀။ စည်းကမ်းရှိခြင်း။

၁၁။ အိမ်ကိုအလည်လာခြင်း။

၁၂။ ရယ်စရာပြောခြင်း။

၁၃။ ခင်သန်းနုပုံများပြခြင်း။

၁၄။ သီချင်းကဗျာသင်ပေးခြင်း။

၁၅။ အမေနှင့်သိခြင်း။

၁၆။ မရိုက်ခြင်း။

၁၇။ ပညာသင်ရာ ကောင်းခြင်း။

သဘောမကျ မနှစ်သက်သော အပြုအမူများ။

၁။ ရိုက်၍ စာသင်ခြင်း။

၂။ ဝတ်ဆင်ရာ၌ ခေတ်ဆန်ခြင်း။

၃။ ဗိုက်ကြောဆွဲလိမ်ခြင်း။

၄။ စိတ်တိုတတ်ခြင်း။

၅။ စိတ်ဆိုးခြင်း။

၆။ သဘောမကောင်းခြင်း။

၇။ အော်ငေါက်ခြင်း။

၈။ မျက်နှာကြီး မျက်နှာငယ်ရွေးခြင်း။

၉။ မျက်နှာစူခြင်း။

၁၀။ စာမသင်ပဲနှင့် ခုံပေါ်မတ်တတ်ရပ်ခိုင်းခြင်း။

၁၁။ ရိုင်းစိုင်းစွာ ဆဲတတ်ခြင်း။

၁၂။ ရသောစာများ ပြန်မမေးခြင်း။

၁၃။ ကျောင်းမှန်မှန်မလာခြင်း။

၁၄။ တခြားလူများနှင့် ရန်ဖြစ်ခြင်း။

၁၅။ ထဘီဒရွတ်တိုက်ဝတ်ခြင်း။

၁၆။ ကျောင်းစောစောမဆင်းခြင်း။

၁၇။ စာသွားပြလျှင် မမြင်ခြင်း။

၁၈။ သွားတိုင်လျှင် ဂရုမစိုက်ခြင်း၊ ငေါက်ခြင်း။

ဤကလေးများမှာ ခြောက်နှစ်မှ ကိုးနှစ်အရွယ်များ အများဆုံးပါပါသည်။ ကလေးများ အနှစ်သက်ဆုံးမှာ ပြုံးရွှင်ရယ်မောချိုသာသော အပြုအမူနှင့် သဘောကောင်းခြင်း၊ စိတ်ရှည်ခြင်းဖြစ်ကြောင်း ထပ်တလဲလဲ ဖော်ပြကြပါသည်။ မနှစ်သက်ဆုံးမှာ မျက်နှာကြီးမျက်နှာငယ်လိုက်ခြင်း ဖြစ်သည်။ ၎င်းအချက်ကို ဖော်ပြရာ၌ မျက်နှာလိုက်ခြင်း၊ မဖြူဖြူကို အလိုလိုက်ခြင်း၊ မောင်မြထွန်းကို ဦးစားပေးခြင်း၊ စသည်ဖြင့် ဖော်ပြကြသည်။ ကျွန်တော်တို့ဆရာများသည် စာတော်သောကလေး၊ ပြော၍ ဆို၍ ကောင်းသောကလေး၊ သွက်လက်ချက်ချာသောကလေး၊ သန့်ရှင်းသေသပ်သော ကလေး

တို့ကို ပို၍ ဦးစားပေးမိတတ်ပါသည်။ ဤသို့ ဦးစားပေးရာတွင် ရည်ရွယ်၍လည်း ဖြစ်တတ်သည်။ တခါတရံ အခါကြုံ၍လည်း ဖြစ်တတ်သည်။ ကလေးတိုင်းသည် ဆရာ၏ တန်းတူအသိအမှတ်ပြု လက်ခံမှုကိုသာလျှင် အနှစ်သက်ဆုံးဖြစ်ပါသည်။ မတော်သူ၊ ညံ့သူ၊ ထုံထိုင်းသူတို့သည် ဆရာ့ကို ပို၍ မြော်လင့်တတ်ပါသည်။ ဆရာသည် ရှေ့ဆုံးခုံက ကလေးများကိုသာ ဦးစားပေးမိ၍ နောက်ဆုံးခုံတန်းက ကလေးများကို ဦးစားမပေးမိလျှင် ဆရာ၏အမှားသာဖြစ်သည်။ ထိုထုံသည် ညံ့သည်ဟူသော ကလေးများသည် သူတို့ဘဝများနှင့် အနာကလေးများနှင့်အတူ ကျောင်းသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း သတိပြုမိပါသည်။ ဆရာ၏အလုပ်သည် ထိုအနာများကို ကုစားပေးရန်ဖြစ်၍ ထိုအနာများ ပိုကြီးသွားရန် မပြုလုပ်သင့်ပါ။ ထိုဘဝအနာလေးများကို မကုစားပဲ ကျွန်တော်တို့ဆရာများ၏ သင်ကြားရေးသည် မပေါက်ရောက်နိုင်ပါ။ ပညာရေးစိတ်ပညာ၌ "ကလေးတိုင်းကို လက်ခံပါ" ဟု ဆိုခဲ့သည်မဟုတ်ပါလော။ ပညာရေးကူညီလမ်းညွှန်မှု၌ "မောင်နီကို သင်္ချာသင်ပေးရန်၊ သင်္ချာကိုသာ သိရုံမက မောင်နီကိုပါ သိရမည်" ဟု ဆိုခဲ့သည် မဟုတ်ပါလော။ သင်ပြနည်း၌ "ဘာသာရပ်ကို ဗဟိုပြု၍ မသင်ပါနှင့်၊ ကလေးကို ဗဟိုပြု၍ သင်ပါ" ဟု ဆိုခဲ့သည် မဟုတ်ပါလော။

**တတိယတန်း**

နှစ်သက်သော အပြုအမူများ။

၁။ စာသင်လျှင် ဖြည်းဖြည်းသင်ခြင်း။

၂။ အချိန်ပိုသင်ပေးခြင်း။

၃။ စာကို မရရအောင် ကျက်ခိုင်းခြင်း။

၄။ စာများကို ထပ်ကာထပ်ကာ သင်ခြင်း။

၅။ ပြုံးပြုံးရွှင်ရွှင်နေခြင်း။
၆။ စာသင်လျှင် ရှင်းလင်းခြင်း။
၇။ မတ္တလားတီးတတ်ခြင်း။
၈။ မျက်လုံးပြူးလျှင် မည်သည့်အရာဝတ္ထုကိုမဆို မြင်ရ၍ သဘောကျခြင်း။
၉။ နေ့တိုင်း အိမ်စာပေးခြင်း။
၁၀။ အိမ်ကို လာလည်တတ်ခြင်း။
၁၁။ သဘောကျအောင် ပြောတတ်ခြင်း။
၁၂။ စိတ်သဘောကောင်းခြင်း။
၁၃။ ကျောင်းမပျက်ခြင်း။
၁၄။ စာမရသူများကို ဒဏ်ခတ်ခြင်း။
၁၅။ ဆိုးသူများကို ဆုံးမတတ်ခြင်း။
၁၆။ ကူညီခြင်း။
၁၇။ ဆေးလုံးတိုက်ခြင်း။

မနှစ်သက်သော အပြုအမူများ။

၁။ မေ့တတ်ခြင်း။
၂။ စာသင်မကောင်းခြင်း။
၃။ အရိုက်ကြမ်းခြင်း။
၄။ ပြေးခုံပစ် မကစားတတ်ခြင်း။
၅။ ပါးအို့နီလိမ်းခြင်း။
၆။ လုံချည်ချက်လျှော့ဝတ်ခြင်း။
၇။ အကျီးမရှိပဲ ငေါက်ခြင်း။
၈။ ဆံပင်အရှည်ထား၍ လမ်းသရဲနှင့်တူခြင်း။

၉။ ဟန်လုပ်ခြင်း။

၁၀။ ကျောင်းပြေးသော ကျောင်းသားများကို မရိုက်ခြင်း။

၁၁။ စာကောင်းစွာ မသင်ခြင်း။

၁၂။ သူများအပေါ် မချစ်ခင်ခြင်း။

၁၃။ မျက်ခုံးမွေးဆွဲခြင်း။

၁၄။ စာသင်လျှင် အမြန်သင်ခြင်း။

၁၅။ အရက်သောက်ခြင်း။

၁၆။ စကားပြောမြန်ခြင်း။

၁၇။ လမ်းသရဲနှင့် ပေါင်းခြင်း။

၁၈။ ရယ်သောအခါ ပါးစပ်ကျယ်ခြင်း။

၁၉။ မျက်နှာလိုက်ခြင်း။

ဤကလေးများ၏အသက်မှာ ခြောက်နှစ်မှ တစ်ဆယ့်တစ်နှစ်အတွင်း အများဆုံးပါသည်။ ဤတွင် ကလေးတို့သည် ဆရာ၏ကိုယ်ရည်ကိုယ်သွေးကို သာမက သင်ပြပုံများနှင့် ပတ်သက်၍လည်း ပြောစရာလေးများရှိလာသည်ကို သတိပြုမိပါသည်။ ပညာပေးမှုနှင့် ပတ်သက်၍ ပြောစရာလေးများ ရှိလာသည်ကို သတိပြုမိပါသည်။ "သဘောကောင်း စိတ်ရှည်သူဆရာ၏ စာသင်ကောင်းခြင်း" ကို အနှစ်သက်ဆုံး ဖြစ်နေပါသည်။ မနှစ်သက်စရာ၌ ယခင် အတန်းများကဲ့သို့ လူတဦးအနေထက် စည်းကမ်းသဘော၊ အလုပ်သဘောကိုပါ ထည့်သွင်းပြောဆို တတ်ကြပါသည်။ လူ့အဖွဲ့အစည်းနှင့် ယဉ်ကျေးမှု အဆောက်အအုံက လက်မခံချင်သော လမ်းသရဲအပြုအမူကို သဘောမကျကြောင်း ပြကြပါသည်။ ထို့ကြောင့် မနှစ်သက်ဆုံးများမှာ လမ်းသရဲအပြုအမူ ဝတ်ဆင်ပုံကို ဆရာလက်ခံခြင်း မကောင်းသူကို မဆုံးမခြင်းနှင့် မျက်နှာလိုက်ခြင်းတို့ ဖြစ်ပါသည်။

လောကထဲသို့ တစတစဝင်လာသော ကလေးတို့သည် လောက၏ အပြုအမူနှင့် ဆရာ၏ အပြုအမူကို ချိန်ထိုးကြည့်လာသောသဘောကို မြင်လာပါသည်။

**စတုတ္ထတန်း**

နှစ်သက်သော အပြုအမူများ။

၁။ စာနာတတ်ခြင်း။
၂။ တည်ကြည်ခြင်း။
၃။ ကျောင်းတွင် ဩဝါဒပေးတတ်ခြင်း။
၄။ ရုပ်ရွှာအကျိုးသည်ပိုးခြင်း။
၅။ စိတ်ဝင်စားအောင် သင်ပြခြင်း။
၆။ ဆက်ဆံရေးကောင်းခြင်း။
၇။ အခမ်းအနားများ ပြုလုပ်ခြင်း။
၈။ အပြစ်ရှိသောအခါ ရိုက်ခြင်း။
၉။ ကြက်ခြေနီဝါသနာပါခြင်း။
၁၀။ ကျောင်းစာသာမက ပညာအားလုံးသင်ပေးတတ်ခြင်း။
၁၁။ စာညံ့သူကို ဦးစားပေးခြင်း။
၁၂။ နေထိုင်မကောင်းဖြစ်လျှင် ဆေးပေးဆေးတိုက်ခြင်း။
၁၃။ စာသင်ရာနားမလည်လျှင် ပြန်ရှင်းပြခြင်း။
၁၄။ ဖျားနာပါကလည်း ခွင့်မယူပဲလာခြင်း။
၁၅။ စာတော်သူကို ချီးကျူးခြင်း။
၁၆။ မြေပုံဆွဲ ပုံဆွဲကောင်းခြင်း။
၁၇။ ပလွေမှုတ်တတ်ခြင်း။
၁၈။ ကြိမ်လုံးမကိုင်ခြင်း။

၁၉။ ကျောင်းသားများ ကြိုးစားသလို ဆရာကြိုးစားခြင်း။
၂၀။ တယောက်နှင့်တယောက် ပြိုင်ဆိုင်ချင်အောင် သင်ပေးခြင်း။

မနှစ်သက်သော အပြုအမူများ။
၁။ ဖြစ်သလို စာသင်ခြင်း။
၂။ ဆေးလိပ်သောက် အရက်သောက်ခြင်း။
၃။ ရေသာခိုခြင်း။
၄။ အအားနေခြင်း။
၅။ အချိန်ပြည့်စာမသင်ခြင်း။
၆။ စာသင်လျှင် ပျင်းရိစွာ စာသင်ခြင်း။
၇။ ဘာမှမဖြစ်ပဲ အိမ်သို့ပြန်လွှတ်ခြင်း။
၈။ ဖွံ့ဖြိုးရေးအချိန်၌ ကာယမသင်ရခြင်း။
၉။ နောက်ကျသောစာများကို အချိန်ပိုသင်မပေးခြင်း။
၁၀။ ကျောသားရင်သား ခွဲခြမ်းခြင်း။
၁၁။ မျက်နှာမချိုခြင်း။
၁၂။ လမ်းသရဲလုပ်ခြင်း။
၁၃။ စိတ်ကောက်တတ်ခြင်း။
၁၄။ ကျောင်းသားများ ပျော်ရွှင်အောင် မလုပ်တတ်ခြင်း။
၁၅။ ရန်ဖြစ်လျှင် မမေးပဲရိုက်ခြင်း။
၁၆။ ယောကျ်ားနှင့်တွဲခြင်း။
၁၇။ မိန်းမနှင့်တွဲခြင်း။
၁၈။ ဆံပင်ကောက်ခြင်း။
၁၉။. ကျောင်းသားများကို မဆုံးမခြင်း။

အသက်ရှစ်နှစ်မှ တစ်ဆယ့်သုံးနှစ်ရွယ်အတွင်း ကလေးများဖြစ်ပါသည်။ သူတို့တင်ပြချက်များ၌ ကျွန်တော်တို့ဆရာများ မကြိုက်သောအမှုကို သူတို့ကလေးများ မကြိုက်ကြောင်း တွေ့ရသည်။ ကျွန်တော်တို့က ကျွန်တော်တို့ ကလေးများ လမ်းသရဲဖြစ်သွားမည်ကို အလွန်စိုးရိမ်သကဲ့သို့ သူတို့ကလည်း သူတို့ဆရာများ လမ်းသရဲဖြစ်သွားမည်ကို အလွန်စိုးရိမ်ရှာပေသည်။ လမ်းသရဲသီချင်းဆိုခြင်း၊ ချက်ပြုတ်ဝတ်ခြင်း၊ ဖဲရိုက်ခြင်း၊ ဆံပင်အရှည်ထားခြင်း တို့ကို ကလေးများ လက်မခံ၊ မကြိုက်သည်ကို တွေ့ရပါသည်။ လူ့အဖွဲ့အစည်း၏ လူမှုစည်းကမ်းတို့ကိုလည်းကောင်း၊ တရားစည်းကမ်းတို့ကိုလည်းကောင်း ယူ၍ မိမိတို့ ဇာတ်လိုက်များဖြစ်သည့် ဆရာများအပေါ် ပြန်၍ တိုင်းတာချိန် ထိုးကြည့်မိခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ဆရာများ၏ ပြုမူလှုပ်ရှားပုံမှန်သမျှ ကလေးများအတွက် တနည်းမဟုတ် တနည်း အဓိပ္ပာယ်ရှိနေတတ်ပါသည်။ ထို့ကြောင့် ကလေးတို့ကို နားလည်၍ ကိုယ့်ကိုယ်ကိုလည်း နားလည်ရပါမည်။ ကလေးတို့ကို ကျောင်း၌ နေရာတခုပေးသည့်အခါ ကလေးတို့သည် ကျောင်း၌တည်ငြိမ်သော နေရာလေးတခု ရပြီးသည့်အခါ၌သာ သင်ယူမှုကို ပြုပါသည်။ ထိုနေရာလေးရမှသာ စိတ်နှင့်ကိုယ်သည် ဒွန်တွဲ၍ မျှတစွာ ဖွံ့ဖြိုးကာ သင်ယူရေးလမ်းပေါ်သို့ ရောက်လာမည်ဖြစ်ပါသည်။ ကျောင်း၌တည်ငြိမ်သော နေရာလေးတခု မရသော ကလေးသည် သင်ယူရေးတွင် မအောင်မြင်နိုင်ပါ။

ထိုနေရာလေးကို ပေးနိုင်သူမှာ ဆရာသာဖြစ်ပါသည်။ မူလတန်း၌ ဆရာ၏ အဓိကအလုပ်သည် ကလေးကိုယ်နှင့် စိတ် လွတ်လပ်စွာ ဖွံ့ဖြိုးရေးအတွက် အားထုတ်ရန် ဖြစ်ပါသည်။ ကျောင်း၌ တဦးတည်းအားကိုးရသော ဆရာဖြစ်သူအနေနှင့် ကလေး၏ဘဝကို နားလည်ရေး၊ လက်ခံရေး၊ အသိအမှတ်ပြုရေးကို ဆောင်ရွက်၍

ကလေးကို နေရာလေးတခု ပေးထားရန်ဖြစ်ပါသည်။ ၎င်း နောက်မှ သင်ကြားရေးကို စရပါသည်။

ထို့ကြောင့် ကျွန်တော်တို့ ဆရာများသည် ပြုမူလှုပ်ရှားရာတွင် မေတ္တာသတိ၊ စေတနာသတိ၊ တာဝန်သတိနှင့် ပြုမူလှုပ်ရှား၍ ကလေးများကို လေးစားစွာ တုန့်ပြန်သင့်ပါသည်။ ခေတ်သည် တရိပ်ရိပ်ပြောင်းခဲ့ပါပြီ။ ကျွန်တော်တို့ ဆရာများသည် ကိုယ်ကချည်းသင်ကြား၍ ကိုယ်ကချည်း ပြောပြနေသည်က များနေပါသည်။ တခါတရံ ကလေးတို့ထံမှ ပြန်သင်ယူ၍ ကလေးတို့ထံမှ နားထောင်ခြင်းသည်လည်း ပညာရေး၌ အရေးကြီးသောအပိုင်းဖြစ်သည်ကို သတိမူသင့်ပါသည်။

ပညာလောကစာစောင်၊
၁၉၇၂၊ ဧပြီလ။

❑

# ကလေးရေးသော စာ

ကျွန်တော်တို့ လူကြီးများသာ ထူးဆန်းသည့် နှစ်သက်ဘွယ်ရာ ပုံပြင်များ၊ ဇာတ်လမ်းများကို ပြောပြနိုင်သည်မဟုတ်ပါ။ ကျွန်တော်တို့၏ ကလေးများသည်လည်း ပို၍ပင် နှစ်သက်ဘွယ်ရာ ပုံပြင်များ၊ ဇာတ်လမ်းများ ပြောပြနိုင်သည်၊ ပြောပြတတ်သည်။ ပြောပြချင်သည်ကို တွေ့ရပါသည်။ ဤသို့ပြောပြရာ၌ ကလေးသည် သူတွေ့ထိမြင်သိခဲ့မှုကို မူတည်၍ သူ၏ကိုယ်စွမ်းနှင့် ဉာဏ်စွမ်းကိုသုံးကာ အဆန်းတကြယ် ပြောပြနိုင်သည်ကို တွေ့ရပါသည်။

ဥစ္စာစောင့်က အိပ်မက်ပေးသဖြင့် စပယ်ရုံအောက်၌ အိုးခြမ်းကွဲများ မြှုပ်ထားသည်။ နောက်သုံးရက်ကြာလျှင် ငွေပြားများ ဖြစ်လိမ့်မည်ဟု အချင်းချင်း ပြောပြနေသော ကလေးတဦးကိုတွေ့ရဘူးပါသည်။ ချောင်းကမ်းပါးမှရသော သလင်းကျောက်ပြားကို လကမ္ဘာထဲက ပွဲကျလာသည့် ကျောက်ဟု အချင်းချင်း လိုက်ပြနေသည့် ကလေးတဦးကို တွေ့ဘူးပါသည်။ ဤသဘာဝမှာ ကလေး တဦးစ, နှစ်ဦးစ ကွက်၍ ပါလာသည် မဟုတ်ပါ။ ကလေးတိုင်း၌ရှိသော သဘာဝဖြစ်ပါသည်။ လူကြီးများက လိမ်သည်ညာသည်ဟု ဟန့်တား

ဝေဖန်ကြသဖြင့် လူကြီးများရှေ့၌ ပြောရန် နှုတ်လေးတတ်ကြသော်လည်း သူတို့အချင်းချင်း ပြောမြဲဖြစ်ပါသည်။ နားထောင်မြဲ ဖြစ်ပါသည်။

ဤသို့ပြောပြခြင်းမှာ လိမ်ညာခြင်းမဟုတ်ပါ။ ကလေးများ၏ သဘာဝ၌ အထင်အရှားပါလာသော စိတ်ကူးခံစားမှု အာရုံဗီဇများ၊ လှုပ်ရှားဖွံ့ဖြိုးနေခြင်းသာ ဖြစ်ပါသည်။ ထိုစိတ်ကူးအာရုံများ၏ စေ့ဆော်မှုကြောင့် ကလေးတို့သည် မြင်သိတွေ့ထိခဲ့ရမှုကို အခြေခံသည့် စိတ်ကူးစိတ်သန်းများကို အခွင့်ရတိုင်း ပြောတတ်ကြပါသည်။ စကားဖြင့်လည်း ပြောတတ်ကြသည်။ အရုပ်ဖြင့်လည်း ပြောတတ်ကြသည်။ အက္ခရာဖြင့်လည်း ပြောတတ်ကြသည်။ အရေးကြီးသည် မှာ ကလေးတို့သည် ဤစိတ်ကူးအာရုံများကို အသုံးပြု၍ တနည်းနည်းဖြင့် သူ၏စိတ်ကူးကို ဖော်ပြနိုင်ခွင့်ရှိရန် ဖြစ်ပါသည်။ ထို့ထက်ပို၍ အရေးကြီးသည်မှာ ထိုသဘာဝ ထိုအခွင့်ကို ကလေးပညာရေး၌ အသုံးချနိုင်ရန် ဖြစ်ပါသည်။

ကျွန်တော်တို့ လူကြီးများသည် ကလေးများအား တတ်မြောက်စေချင်သော ဆန္ဒဇော စောမိသဖြင့် လူကြီးများလုပ်ချင်သော၊ လုပ်နိုင်သော၊ လုပ်တတ်သော သင်ကြားပုံ နည်းနိဿရည်းများကို ဖိ၍အသုံးချမိတတ်ပါသည်။ ကလေးသည် လူကြီးအငယ်စားဖြစ်သည်ဟူသော အယူအဆသည် ရှေးကျရုံမက အန္တရာယ်ကြီးလှပါသည်။ ကလေးသဘာဝ ဗီဇကို လျစ်လျူရှု၍ သင်ကြားမှုကိုပြုက အန္တရာယ်ကြီးလှပါသည်။ ကျွန်တော်တို့ ခဏခဏမြင်နေရသမျှမှာ ကလေးတို့သည် သူတို့၏ သဘာဝစွမ်းရည်ကို သိပ်မသုံးနိုင်ပါ။ ဆရာ့သဘောကိုဆောင်၍ လူကြီးများနှစ်သက်ရာကိုသာ လိုက်ဆို၊ လိုက်ဖတ်၊ လိုက်ရေးနေကြရပါသည်။ ပညာရေးသည် ကလေးတို့၏ သဘာဝကိုယ်ခံအာရုံများကို မှိန်အောင် ဖျက်ပစ်ရန် မဟုတ်ပါ။

ၚင်းသဘာဝကို ပြုပြင်ထိန်းသိမ်း၍ ထိရောက်ပြည့်စုံသော သင်ကြားရေးကို ဦးတည်ရန် ဖြစ်ပါသည်။

ကလေးများကို မြန်မာစာသင်ကြားရာ၌ အကြားအနာ၊ အဆိုအပြော၊ အဖတ်အရှု၊ အရေးအသားဟူ၍ အကြမ်းအားဖြင့် လေးဆင့်ခွဲနိုင်ပါသည်။ ကလေးတို့သည် အကြားအနာ အဆိုအဖတ် လေ့ကျင့်မှုတို့ကို ကျွမ်းကျင်ပြီးသောအခါ အရေးအသားလေ့ကျင့်ရန် အဆင်သင့် ဖြစ်နေပါသည်။ ကလေးတို့သည် သူတို့ဝင်ဆန့်နိုင်သမျှသော လောကထဲမှ အတွေ့အထိများကို အက္ခရာဖြင့် ပြောပြရန် အဆင်သင့်ဖြစ်နေပါသည်။

ကျွန်တော်တို့ဆရာများက ခိုင်းစေသော အရေးအသား လေ့ကျင့်မှုမှာ ဆရာများ ရေးစေချင်သည်ကို ကလေးတို့ရေးရသော လေ့ကျင့်မှုမျိုးသာ များသည်ကို အများအားဖြင့် တွေ့ရပါသည်။ ပြဋ္ဌာန်းစာအုပ်မှ စာပိုဒ်များကို ရေးစေခြင်း၊ ကွက်လပ်ဖြည့်ခြင်း၊ ဝါကျပြုလုပ်ခြင်း စသည်ဖြင့် ဖြစ်ရာအများစုမှာ ကူးယူရေးခြင်းမျှသာ ဖြစ်၍ ကိုယ်ပိုင် ကိုယ်တိုင်ရေးသားခွင့်မှာ နည်းပါးလှပါသည်။ ကိုယ်ပိုင်ကိုယ်တိုင် ရေးခွင့်ရသော စာစီစာကုံး ရေးဖွဲ့ရာ၌လည်း ကလေးများ ရေးချင်သည် မရေးချင်သည်ကို အဓိကမထားပဲ ဆရာက သင့်လျော်လျောက်ပတ်မည်ဟု ယူဆသည့် ခေါင်းစဉ်ပေးထားသည်ဖြစ်ရာ ကလေးများ၏ လိုလားချက်နှင့် အံချော်သွားသည်ဟု ဆိုနိုင်ပါသည်။

ထိရောက်သော ပညာပေးမှု၌ ဆရာများက သင်ကြားချင်သော အနေအထားသည် အဓိကမဟုတ်ပါ။ ကလေးတို့၏ သင်ယူချင်သော အနေအထားသည် အဓိကဖြစ်ပါသည်။ ဆရာတို့က ကလေးများ သင်ယူချင်သော အနေအထားကောင်းအောင် သင်ပြပုံနှင့် ပတ်ဝန်းကျင်ကို ပြုပြင်ပေးရန်သာ အဓိက ဖြစ်ပါသည်။

ကျွန်တော်တို့ကလေးများကို မြန်မာစာသင်ကြားရာ၌ သုံးနေကျ သမရိုးကျ အရေးအသား လေ့ကျင့်နည်းအပြင် နည်းကောင်းတခုကို လည်း ဂရုပြုသုံးရန် ရှိပါသည်။ ၎င်းနည်းမှာ စာပေနှင့် ဘာသာ စကား သင်ကြားရာ၌ ကလေးစိတ် သဘာဝနှင့်ကိုက်ညီသော နည်းကောင်းအဖြစ် ထင်ရှားပါသည်။

ထိုနည်းမှာ ကလေးများကို "ဖန်တီးစာရေးနည်း" လေ့ကျင့်ရန် စီစဉ်ပေးခြင်းဖြစ်သည်။ ဖန်တီးစာ ရေးနည်းဟူသည်မှာ ကလေး အား သူရေးချင်သည်ကို ရေးချင်သလို ရေးချင်သလောက် ရေးခွင့် ရှိခြင်းဟု ယေဘူယျစကားပြု၍ ရသည်ဟု ထင်ပါသည်။

**ဖန်တီးစာရေးနည်း**

ကလေးတို့သည် ကိုယ်ပြောချင်သည်ကို၊ တွေ့ထိရသည်ကို၊ စိတ်ကူးရှိသည်ကို လွတ်လပ်စွာ စာဖြင့် ပြောခွင့်ရမည်ဟု သိရသော အခါ တက်ကြွစွာ အားထုတ်တတ်ကြပါသည်။ ဤနည်းဖြင့် လေ့ ကျင့်၍ တင်ပြခွင့်ရသောအခါ သူ၏ မူရင်းဘာသာစကား သုံးနှုန်းပုံ အခြေအနေမှန်ကို ဖော်ပြခွင့်ရပါသည်။ ဉာဏ်စွမ်း ဉာဏ်စ ကိုယ်ရည်ကိုယ်သွေးကို ထုတ်ဖော်ခွင့် ရပါသည်။

ဖန်တီးစာရေးရာ၌ ကလေးသည် ကိုယ်စွမ်းနှင့် ဉာဏ်စွမ်းကို အသုံးပြု၍ လှုပ်ရှားခွင့်ရနေပါသည်။ အတွင်းစိတ် လှုပ်ရှားမှုများဖြစ် သော ဝမ်းသာခြင်း၊ အားငယ်ခြင်း၊ ရန်လိုခြင်း စသော ခံစားချက်များ ကို တနည်းနည်းဖြင့် ပွင့်အံ ဖြေဖျောက်ခွင့်ရနေပါသည်။ ကိုယ်ပိုင် မူရင်းအရာတခုကို ဖန်တီးစွမ်းရနေပါသည်။ သူသည် လောကထဲ၌ တစုံတရာကို ဖန်တီးနိုင်သည်ဟူသော ယုံကြည်ခွင့်လည်း ရနေပါ သည်။ လောကကို သူမြင်ရသော ရှုထောင့်မှ တင်ပြခွင့်ရနေပါ သည်။ ပတ်ဝန်းကျင်ကို ဝေဖန်ထိတွေ့ခွင့်ရနေပါသည်။ သူ၏ အတွေ့ အကြုံကို စာလုံးဖြင့် ပုံဖော်ခွင့်ရနေပါသည်။ သူ့၌ စွမ်းရည်များ

ရှိသည်ကို သိမြင်၍ နောက်အရေးအသား လေ့ကျင့်မှုများအတွက် အားသစ်ဝင်ခွင့် ရနေပါသည်။

ကလေးသည် သူပြောချင်သည်ကို ရေးခွင့်ရသောအလုပ်၌ ပို၍ပျော်ရွှင်မည်မှာ သေချာလှပါသည်။ သူပြောချင်ရာကို ပျော်ရွှင်စွာ လွတ်လပ်စွာ ပေါ့ပါးစွာ ရေးခွင့်ပြုသောအခါ သူ၏ဘာသာစကား တတ်ကျွမ်းထားမှုကို အသုံးချပါလိမ့်မည်။ ထိုကဲ့သို့ အသုံးချသောအခါ ကလေးများသည် တဦးချင်းအနေနှင့် မည်သူက မည်သည့်ဘာသာတွင် မည်သို့ မည်မျှ အားနည်းသည်ကို ဆရာများက စစ်ဆေးခွင့်ရရှိနိုင်ပါသည်။ ပကတိ တတ်မြောက်ထားမှုကို လေ့လာခွင့် ရနိုင်ပါသည်။ ဤသို့ အားနည်းမှုများကို သိသောအခါ မြန်မာဘာသာသင် ဆရာများသည် အားဖြည့်ကုစားရန် အခွင့်အလမ်းများ ရရှိနိုင်ပါသည်။

ဤတွင် ကျွန်တော်တို့ဆရာများ ကျွဲကူးရေပါ ကျင့်သုံးနိုင်သည့် အချက် တချက်ကို ဖော်ပြလိုပါသည်။ ထိုအချက်မှာ ထိုဖန်တီးစာများ၌ ကလေးတို့သည် မိမိတို့၏ ခံစားချက်များကို အရင်းအတိုင်း ဖွင့်အံဖော်ပြကြသဖြင့် ပြဿနာကလေးများ၊ ပြဿနာရှိကလေးများကို ကူညီလမ်းညွှန်ရာ၌ ကြီးစွာသော အကူအညီရရှိနိုင်ခြင်း ဖြစ်ပါသည်။ ပညာရေး ကူညီလမ်းညွှန်မှု၌ ဤနည်းကို ကလေးများ၏ စိတ်မကျန်းမာမှုအား ရှာဖွေကုစားနိုင်သော နည်းတနည်းအဖြစ် သတ်မှတ်ထားပါသည်။ ထို့ကြောင့် ဤအခွင့်ကောင်းကိုလည်း ဆရာတို့ရယူ၍ ကလေးများ၏ စိတ်ဖွံ့ဖြိုးရေးကို ပြုပြင်ပေးနိုင်ပါသည်။ အတန်းထဲ၌ ရန်လိုတတ်သော ကလေးသည် ဖန်တီးစာ၌ သူ့ဘဝ သူ့လောကကို သူ့စကားလေးနှင့် ခင်းပြလိုက်သောအခါ သနားကရုဏာသက်စရာဖြစ်သည်ကို တွေ့ရတတ်ပါသည်။ အထီးကျန်ကလေး၊ အပယ်ခံကလေးတို့၏ စိတ်မဖွံ့ဖြိုးမှုများကိုလည်း လေ့လာ

စိစစ်နိုင်ပါသည်။ တပည့်၏ တတ်မြောက်မှုကို သိရှိသာမက တပည့်ကို သိနိုင်ပါသည်။

ကလေးများ စာရေးနိုင်ပါမည်လောဟု စဉ်းစားစရာ ဖြစ်စရာလိုမည်မထင်ပါ။ ကလေးတို့သည် စွမ်းရည်ရှိပြီးသား ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဘာသာစကားသင်ပြရာ၌ ဖန်တီးစာရေးနည်းကို ထိရောက်သည့် နည်းတနည်းဟု သတ်မှတ်ထားခြင်း ဖြစ်ပါသည်။ ကမ္ဘာ့ကလေးစာပေ ထုတ်ဝေရေးဌာနအချို့ကလည်း ကလေးရေးသော စာပေများကို အရေးတယူပြု၍ ထုတ်ဝေနေကြခြင်းလည်း ဖြစ်ပါသည်။

ဖန်တီးစာရေးရာ၌ အောက်ပါအတိုင်း သုံးဆင့်ခွဲ၍ လေ့ကျင့်ကြည့်နိုင်ပါသည်။

၁။ အကြားအနာ လေ့ကျင့်ခြင်း

၂။ အဆိုအပြော လေ့ကျင့်ခြင်း

၃။ အရေးအသား လေ့ကျင့်ခြင်း

### ၁။ အကြားအနာလေ့ကျင့်ခြင်း

ဤပထမဆုံးအဆင့်၌ ဆရာသည် ဦးဆောင်လှုပ်ရှားသူ ဖြစ်ပါသည်။ ကလေးများသည် သူတို့၏ ဖန်တီးမှုစွမ်းရည် အာရုံဖွံ့ဖြိုးစေသည့် ပုံပြင်များ၊ ကဗျာများကို ကြားနာခွင့်ရှိရန် လိုပါသည်။ ဆရာသည် ပုံပြင်ကောင်းများကို ပြောပြနိုင်ရပါမည်။ ကဗျာကောင်းများကို ဆိုပြနိုင်ရပါမည်။

ပုံပြောချိန်နှင့် ကဗျာဆိုချိန်သည် မူလတန်းဆင့် ကလေးများအတွက် အရေးကြီးသောအချိန်များ ဖြစ်ပါသည်။ ဤအချိန်များ၌ ကလေးများကို နောက် အလုပ်များအတွက် ပြင်ဆင်ခွင့် ပေးရပါမည်။ နောက်အလုပ်များနှင့် ထိတွေ့ရင်းနှီးခွင့် ပေးထားရပါမည်။

## ၂။ အဆိုအပြောလေ့ကျင့်ခြင်း

ဖန်တီးမှုအာရုံများ ဖွံ့ဖြိုးလာသောအခါ ကလေးတို့သည် ပြောချင်သည်များကို ပြောဆိုရန် အဆင်သင့် ဖြစ်နေပါသည်။

အဆိုလေ့ကျင့်ရာ၌ နှစ်ပိုင်းခွဲကြည့်လိုပါသည်။ ပထမပိုင်းမှာ အိမ်နှင့် ကျောင်းက သင်ပေးထားသော ကဗျာများကို အလွတ်ဆို ခွင့်ပေးခြင်း ဖြစ်ပါသည်။ ဒုတိယပိုင်းမှာ ကလေးတို့ရသော ကဗျာများ၏ သံစဉ်ကိုလိုက်၍ ကိုယ်ပိုင်ကဗျာများကို ကိုယ်တိုင်ရွတ်ဆိုရန် အားပေးခြင်း ဖြစ်ပါသည်။

အပြောလေ့ကျင့်ရာ၌ နှစ်ပိုင်းခွဲကြည့်လိုပါသည်။ ပထမပိုင်းမှာ ကလေးတို့ ရထားသော ပုံပြင်များကို ပြောခွင့်ဖြစ်၍၊ ဒုတိယပိုင်းမှာ ကိုယ်ပိုင်ပုံပြင်များကို ပြောစေရန် အားပေးခြင်းဖြစ်ပါသည်။ ကလေးများ၏ အရိုးသားဆုံး တင်ပြမှုကို လက်ခံလျှင် သူတို့သည် သူတို့၏ မူရင်းခံစားမှုနှင့် စွမ်းရည်ကို ပြသပါလိမ့်မည်။ အတန်းထဲ၌ ကလေးတို့ထွက်၍ ဆိုရပြောရ ပါဝင်ရမည်ကို ရှက်သည် ကြောက်သည် ဆိုရာတွင် စဉ်းစားရန်ရှိပါသည်။ ကလေးတို့သည် သူတို့ အချင်းအချင်း ရှက်သည်ကြောက်သည် မဟုတ်နိုင်ပါ။ ကလေးတို့သည် သူတို့ အချင်းချင်းရှေ့၌ အမြဲ ဆိုပြ ပြောပြ ပူးပေါင်းပြမြဲ ဖြစ်ပါသည်။ ဆရာရှိလာမှ သူတို့အလုပ်များ ရပ်သွားသည်ဆိုခြင်းမှာ မကောင်းလှပါ။ ကလေးတို့၏စိတ်ထဲ၌ ဆရာသည် သူတို့ကို လက်ခံမည်မဟုတ်ဟူသော အစွဲလေးကပ်နေတတ်၍ ဆရာရှေ့၌ အလုပ်လုပ်ပြရန် ရွံ့ခြင်းဖြစ်ပါသည်။ ဆရာက သူတို့ကို နားလည် လက်ခံသည်ဟု သိလျှင်သိချင်း ကလေးတို့သည် အလိုလို ပါဝင်လာပါလိမ့်မည်။

ဤတွင် သတိထားစရာနှစ်ခုရှိသည်မှာ သူတို့မူပိုင်ဖြစ်သော ကဗျာနှင့် ပုံပြင်ပြောဆိုပြရာတွင် ညံ့သည်၊ လိုသေးသည်၊ ပြင်ပါဦး၊

ဆင်ပါဦး၊ လျှော့ပါဦး၊ တိုးပါဦးဟု ဝေဖန်၍ ကလေး၏ခံစားမှုကို မထိခိုက်မိစေရန်နှင့် ကလေးတို့ ပါဝင်မှုမှာ အတင်းစေခိုင်းခြင်း မဟုတ်ပဲ သူ့အလိုအတိုင်း ဖြစ်အောင် ဖိတ်ခေါ်စည်းရုံးယူရန် ဖြစ်ပါသည်။

## ၃။ အရေးအသားလေ့ကျင့်ခြင်း

ဘာသာစကားနှင့် စာပေသင်ကြားခြင်းသည် စာအုပ်နှင့်ချည်း သင်၍ရသည်မဟုတ်ပါ။ စာအုပ်အပြင်ဖက်မှ သင်၍လည်း ရပါသည်။ ဖန်တီးစာရေးနည်း ကျင့်သုံးရာ၌ ဤနည်းအတိုင်းဖြစ်ပါသည်။ ဤလေ့ကျင့်မှုကို ကျင့်သုံးရာ၌ သုံးမျိုးခွဲ၍ အလုပ်လုပ်ကြည့်ရန် စဉ်းစားမိပါသည်။

ပထမအမျိုးမှာ ဆရာက စိတ်ကူးကြမ်းပေး၍ ကလေးတို့က ၎င်းစိတ်ကူးကြမ်းကို ကိုယ်ပိုင်ရုပ်လုံးများဖော်စေခြင်း ဖြစ်ပါသည်။ ကလေးတို့ စိတ်ဝင်စားမည့် စိတ်ကူးကြမ်းများကို ပေးနိုင်ပါသည်။ လက်တွေ့ရေးထားသော ကလေးများ၏ စာအချို့ကို အောက်တွင် ဖော်ပြလိုက်ပါသည်။ ဖော်ပြရာ၌လည်း သူတို့ စာလုံးပေါင်းပုံနှင့် ဝါကျဖွဲ့ပုံ မူရင်းအတိုင်း ဖြစ်ပါသည်။

ဆရာပေးသော စိတ်ကူးကြမ်းမှာ “နှင်းများကျနေသော နံနက်ခင်းတွင် ပြူတင်းပေါက်မှ ဝင်လာသော ငှက်ကလေးတကောင် အကြောင်းကို ကဗျာနှင့်ဖြစ်ဖြစ်၊ ပုံပြင်နှင့်ဖြစ်ဖြစ် ရေးချင်သလို ရေးပါ” ဟု ဖြစ်ပါသည်။ လေ့ကျင့်ကြည့်သော ကလေးများမှာ ဗန်းမော်မြို့ အထက (၄) မှ ဒုတိယတန်းနှင့် တတိယတန်းကလေးများ ဖြစ်ပါသည်။

(က)

အမည် - မောင်ဘောက်နော်
အသက် - ၁၂ နှစ်
အတန်း - ဒုတိယတန်း

ငှက်ကလေးသကောင်သည်
နင်းကျအချိန်တွင်
တကိုယ်လုံး နင်းတွေ
စိုနေလို့ ကျွန်တော်က
သနားလိုက်ပါတယ်
ကွယ် ငှက်ကလေးက

အများကြီး သနားစရာကောင်းသော ငှက်ကလေးပါလား။ ငှက်ကလေးက ချစ်စရာကောင်းတဲ့ ငှက်ကလေးပါဘဲ။

# (ခ)

**အမည် - မခင်စန်းဦး**
**အသက် - ၁၀ နှစ်**
**အတန်း - ဒုတိယတန်း**

ငှက်မှာလှပါတယ်
ငှက်မှာချောပါတယ်
ငှက်မှာချမ်းနေပါတယ်
သနားစရာကောင်းပါတယ်
ငှက်မှာ တံခါးပေါက်မှ နားနေပါတယ်
ငှက်ရယ် သနားဘွယ်

## (ဂ)

**အမည် - မအုံးမြင့်**
**အတန်း - ဒုတိယတန်း (ခ)**
**အသက် - ၉ နှစ်**

ဟိုးရှေးရှေးတုန်းက ငှက်ကလေးတကောင်ဟာ လူတွေအိပ်နေတဲ့ ပြူသင်းပေါက်ဝမှာ ရပ်နေတတဲ့။ အဲ့သည်အချိန်မှာ မင်းတမီးသယောက်ဟာ အဲဒီ ငှက်ကလေးကို မြင်တွားတဲ့အခါ အိုအတင်ငှက်တွားလော့၊ မတွားပါက တင့်ကို တတ်ရလိမ့်မယ်လို့ မင်းတမီးက ပြောတတဲ့။ ငှက်ကလေးက မင်းတမီးရဲ့ ဆံပင် ပြောင်တွားပါစေလို့ ပြောပြီး ထွက်တွားတတဲ့။

## (ဃ)

အမည် - မောင်တင်ထွန်း
အသက် - ၁၃ နှစ်
အတန်း - ဒုတိယတန်း

ကျွန်တော် နံနက်ခင်းတွင် မျက်နှာသစ်ထသောအခါ ကျွန်တော်တို့ အိမ်ပြူတင်းပေါက်အဝမှ သတော့ ငှက်ကလေးတကောင်လာနား၍ မြည်သော အသံက အလွန်သာယာသောအသံဖြင့် ကျွန်တော်ဟာ တီငှက်ကလေး အော်တဲ့အချိန်မှာပဲ ကျွန်တော်စိတ်ဟာ အလွင်အေးမြရွှင်လန်းသော နေ့တနေ့ ဘာဘဲခင်ဗျာ။

# (၄)

**အမည် - မောင်တိုးလွင်**
**အသက် - ၁၃ နှစ်**
**အတန်း - ဒုတိယတန်း**

ငှက်ကလေးသည် ကျွန်တော်တို့အိမ်၌ လာနားသောအခါ အလွန် ချစ်စရာကောင်းပါသည်။ ထိုငှက်ကလေးကို ကျွန်တော်တို့ ကယူ၍ အသိုက်ထဲသို့ ထည့်ပေးခဲ့ပါသည်။

(ခ)

အမည် - သန်းထွန်း

အသက် - ၁၃ နှစ်

အတန်း - တတိယတန်း

'လှုပနေသော ငှက်ကလေး၏ ချစ်စရာကဗျာ'

နနက်ခင်းမှာ နင်းတွေကြလို့
ငှက်ကလေးက မပြန်နိုင်ရှာ
ငှက်ကလေးတွေ မိတ်လိုက်ကြဟော့၊
ငှက်ဥကလေးများ အုလာပြီ
ထိုဥတို့မှာ သွေးကြည်တန်းလို့
ငှက်ကလေးများ ပေါက်လာသည်
ငှက်ကလေးမှာ အတောင်မစုံလို့
ရှေ့တို့မတတ်မပျံနိုင်ရှာ။
ငှက်အမေကြီးမှာ အစာရှာလို့
ငှက်ကလေးထ ထိုင်စားရှာ
ကြီးလာမဘဲ အစာရှာလို့
အမေကြီးကို ပြန်ကျွေးရှာ
နောက်နောင်အခါ ကျေးဇူးဆတ်လို့
မိခင်ကျေးဇူး မမေ့ရှာ
ထိုငှက်တို့မှာ ပေါ်ရွှင်နေလျက်
မိခင်ကြီးမှာ ဝန်းသာရှာ
ဝမ်းသာရှာ ဝန်းသာရှာ။ ။

(၁၁)

**ကျွန်ုပ်ချစ်သော ငှက်ကလေး**

ကျွန်ုပ် အိပ်ရာမှထ၍ တံခါးကို ဖွင့်လိုက်သောအခါ ငှက်ကလေးတကောင် ဝင်ခဲ့၏။ ယင်းငှက်ကလေးမှာ ရွှေဝါရောင်ရှိသော ငှက်ကလေးဖြစ်သည်။ ယင်းငှက်ကလေးတွင် အဖော်တကောင်ပါခဲ့သည်။ ယင်းငှက်ကလေးသည် အိမ်ထဲတွင်ဝင်၍ ပြန်ထွက်ပြီး သူ့အဖော်ကို သွားခေါ်၏။ အိမ်ခန်းတွင်ရှိသော ပစ္စည်းများမြင်ခဲ့၏။ ကျွန်ုပ်ချစ်သော ငှက်ကလေး၏ နှုတ်ခမ်းသည် ချွန်၍လှ၏။ ကျွန်ုပ်ချစ်သော ငှက်ကလေးသည် နေ့တိုင်း အစာရှာထွက်သည်။ ကျွန်ုပ်ချစ်သော ငှက်ကလေးသည် ကျွန်ုပ်၏ခြံထဲက ကမွန်ခြုံ၌ အိပ်ပါသည်။

မရာတီကား ၉-နှစ်။

တတိယတန်း။

(၈)

## ဆောင်းတွင်းငှက်ငယ်ရွှေဝါရောင်ပုံပြင်

ရှေးက ဆောင်းဥတုအချိန်ဝယ် ငှက်ကလေးတကောင်မှာ အဖော်ကွဲလို့ တကောင်ထဲ ဘယ်ဆီ ဘယ်တောင်တန်းတွေ တောနက်ထဲမှာ ရောက်၍ အစာရေစာ ရှာဖွေ၍ စားသောက်ပြီး သူ တယောက်ထဲမှာ အဖော်ကွဲနေရှာတယ်။ တနေ့သောအခါ ထိုငှက်ကလေးသည် ရွာသို့ပြန်လာတယ်။ အဲဒီအချိန်မှာ ငှက်ကလေးဟာ စိမ်းလန်းစိုပြေနေသော သစ်ပင်ကြီးတပင်ပေါ်မှာဘဲ နားနေရှာတယ်။ ထိုအခါမှာဘဲ ရွှေဝါရောင်ငှက်ကလေးဟာ နွားကျောင်းသားလေးမှာ လေးနဲ့ပစ်လိုက်တော့သည်။ ငှက်ကလေးမှာ မှန်သွားလေတော့သည်။ ထိုအခါ နွားကျောင်းသားလေးဟာ ရွှေဝါရောင် ငှက်ကလေးကို ကောက်ယူလာတော့သည်။ ငှက်ကလေးမှာ ခြေထောက်ကလေးနာသွားတော့သည်။ သူ့အိမ်မှာရှိတဲ့ ဆေးများဖြင့် စည်းထားတာ ငှက်ကလေးအနာဟာ မကြာမီဘဲ ပျောက်သွားတော့သည်။ ထိုအခါ နွားကျောင်းသားကလေးဟာ ထိုငှက်ကလေးကို အလွန်ဘဲ သနားသွားတော့သည်။ ထိုငှက်ကလေးဟာ သူ၏ သခင်ကိုလည်း ချစ်ခင်တတ်တယ်၊ သူရဲ့သခင်ဟာ အို. . . ရွှေရောင်မင်း ပြန်သွားပါတော့လေဆိုပြီး လွှတ်လိုက်တယ်။ ငှက်ကလေးဟာ ဆောင်းတွင်းရောက်သောအခါ နှင်းတွေကလည်း အတော်ဘဲကျတော့ ငှက်ကလေးမှာ ချမ်းရတာတ တဘီး၊ မျက်စိမမြင်တာက တမျိုးနဲ့ဘဲ ငှက်ကလေးဟာ ရေပြင်ပင်လယ်ထဲ အတောင်ကညောင်းတာက တမျိုးနဲ့ဘဲ ရေထဲထိုးကျပြီး သေရှာလေတော့သတည်း။

**မောင်ရဲအောင်၊ ၁၄-နှစ်။ တတိယတန်း။**

## (၅)

## မွဲပြာရောင်ငှက်ကလေး သနားစရာပုံပြင်

ရှေးက ငှက်ငယ်လေးတကောင်ဟာ သစ်ပင်တပင်မှာ နာ၍နေရှာတယ်တဲ့ဗျာ။ သူဟာ ဘာလို့ နားနေရသလဲဆိုသော် သူ၏ အဖော်နှင့်ကွဲ၍ လာပါတယ်တဲ့ဗျာ။ တခြားငှက်ကလေးမှာက ပျော်မြူး၍နေရှာတယ်။ သူမှာတော့ စိတ်အင်မတန်ပျက်၍ အစားတောင်မစားဘဲ မှိုင်နေရှာပါတယ်။ တချို့ငှက်ကလေးများကတော့ ပျော်မြူး၍ ဟိုအော်တီအော်နဲ့ဘဲ ပျော်မြူးနေကြပါတယ်။ မိုင်နေတဲ့ငှက်ကလေးဟာ တဖြည်းဖြည်းရွာသို့ ဝင်လာပါတယ်။ နောက်တော့ တိုက်တလုံးရှိ ပြူတင်းပေါက်ကနေပြီး အိမ်ထဲကို ဝင်လာပါတယ်။ တီငှက်ကလေးဟာ ထိုအိမ်က ပစ္စည်းတွေကို တွေ့သောကြောင့် အံ့ဩသွားပါတယ်။ ထိုအခါ ဟယ်ငှက်ကလေး လလိုက်တာပဲ မွဲပြာရောင်လေးပါလား၊ ဘယ်က ဝင်လာပါလိမ့်ဆိုပြီး ငှက်ကလေးကို အစာရေစာ ကျွေးမွေး၍ထားပါတယ်။ နောက်တော့ ငှက်ကလေးဟာ သူဝင်လာတဲ့ ပြူတင်းပေါက်ကဘဲ ထွက်သွားရှာပါတတ်။ သူလာတဲ့ အရပ်တွေ သူမှိုင်နေတဲ့ သစ်ပင်သူမှိုင်ပြီး နားနေတဲ့ သစ်ကိုင်ရှိရာသို့သွားတွေ့ပြီးတော့မှဘဲ နောက်တော့ တီငှက်ကလေးဟာ တဖြေးဖြေး သေသွားရှာတော့တယ်တဲ့ဗျာ။

**မောင်သိန်းအောင်၊ ၁၂-နှစ်။**

**တတိယတန်း။**

(ည)

**ပျော်ရွှင်နေသောငှက်ကလေး**

ဆောင်းရာသီနံနက်ခင်းတွင် အလွန်ပျော်ရွှင်နေသော ငှက်ကလေး တကောင်သည် သစ်ပင်ပေါ်မှ အိမ်ပူတင်းပေါက်က အိမ်ခန်းတွင်းသို့ ဝင်လာ၏။ ငှက်ကလေးသည် လူများကိုမြင်၍ ပျော်ရွှင်သွား၏။ ပစ္စည်းများကို မြင်သွားသော ပျော်ရွှင်သွားပြန်၏။ လေဒီယိုက မိုမိုရေသီချင်းကြားရ၍ ပျော်ရွှင် သွားပြန်၏။ အခြားငှက်များပျံနေသည်ကို မြင်နေသောအခါ ပျော်ရွှင်သွား ပြန်၏။ ထို့နောက် စားပွဲခုံပေါ်မှာ ထမင်းဟင်းများကိုမြင်သောအခါ ပျော်ရွှင်သွား ပြန်၏။ ထို့ကြောင့် ငှက်ကလေးသည် ပျော်ရွှင်နေပါသည်။

**မောင်စောလင်း၊ ၉-နှစ်။**

**တတိယတန်း။**

(၄)

**အိမ်လည်တဲ့ ငှက်ကလေး**

ရှေးရှေးတုန်းက အိမ်ကလေးတအိမ်မှာ အလွန်လှပချစ်စရာကောင်းသော ငှက်ကလေးတကောင် ရှိပါတယ်။ ဒီအိမ်မှာ အဖိုးကြီးနဲ့ အဖွားကြီးနှစ်ယောက် ရှိပါတယ်။ ဒီအဖိုးကြီးနဲ့ အဖွားကြီးက ဒီလှပတဲ့ ငှက်ကလေးကို သိပ်ချစ်ကြတယ်။ တနေ့သောအခါတွင် ငှက်ကလေးက အိမ်မှာနေရလွန်းသဖြင့် ပျင်းနေသဖြင့် အပြင်သို့ လည်ပတ်သွားလာနေသည်။ မကြာမီ ငှက်ကလေးဟာ အလွန်ကြီးမားတဲ့ အိမ်တအိမ်ကို ရောက်သွားလေသည်။ အိမ်ထဲသို့ လည်ပတ်ကြည့်ရာ အိမ်ခန်းထဲက ဒမကြီးကိုင်ထားတဲ့ မိန်းမကြီး ထွက်လာ၍ လှပသော ငှက်ကလေးကို ဖမ်းယူထားလိုက်လေသည်။

**မနှင်းဦး၊ ၁၀-နှစ်။**

**တတိယတန်း။**

စိတ်ကူးကြမ်းပေး၍ ကလေးတို့က ရုပ်လုံးဖော်ကြသောအခါ ဘာသာစကားသင်ယူရေးသည် သူတို့အတွက် အသက်ဝင်လှုပ်ရှားနေပါသည်။ အဓိပ္ပာယ်များစွာ ရှိနေပါသည်။ ဖော်ပြထားသော ကလေးတို့၏စာများတွင် မြန်မာဘာသာပြ ဆရာတို့အတွက် ကလေးတို့အားနည်းချက်၌ အားဖြည့်နိုင်ရန် အခွင့်အလမ်းရှိသည်ကို တွေ့ရပါမည်။ သည်ထက်ပို၍ ကြည့်လျှင် သူကလေးများ၏ဘဝ တစွန်းတစကိုလည်း ကျွန်တော်တို့ဆရာများက ကြည့်ရှုနိုင်သည်ကို ဖြစ်ပါသည်။

ဒုတိယအမျိုးမှာ ကလေးတိုင်းသည် "ကျွန်ုပ်၏အကြောင်း" ဟူသည့် ကိုယ်ပိုင်သီးသန့်စာအုပ်တအုပ်စီထား၍ ဖန်တီးစာရေးနည်းကို ကျင့်သုံးရန် ဖြစ်ပါသည်။ ကလေးသည် သူ့အကြောင်းကို သူ့အား နားလည်မည့်သူကို ပြောပြချင်နေပါသည်။ ၎င်းစာအုပ်ထဲ၌ ကျွန်ုပ်၏မိသားစု၊ ကျွန်ုပ်တို့နေသည့် နေရာ၊ ကျွန်ုပ်၏ ကျောင်းပိတ်ရက်များ၊ ကျွန်ုပ်ချစ်သော သူငယ်ချင်းများ ကျွန်ုပ်၏ ဝါသနာ စသည့် အခန်းများခွဲ၍ ရေးသားရန် လမ်းညွှန်နိုင်ပါသည်။ ကလေးများကို တာဝန်ပေးသော်လည်း အချိန်အကန့်အသတ်ပေးမထားသင့်ပါ။ အားလုံးရေးရမည်၊ ဆရာအား ပြချင်သောအချိန်၌ ပြရမည်။ တခန်းစီခွဲ၍လည်း ပြနိုင်သည်။ ဤစာအုပ်ကို ကောင်းကောင်းရေးရမည်။ တသက်လုံး သိမ်းထားနိုင်အောင် အားထုတ်ရမည်။ ဆရာက ဘယ်သူ့ကိုမှမပြပဲ ဖတ်ပါမည်ဟု ရှင်းလင်းထားသင့်ပါသည်။

တတိယအမျိုးမှာ ဖတ်ဘူး ကြားဘူးသော ပုံပြင်များ၊ ဖတ်စာအုပ်ပါ စာများကို ကြိုက်သည်မကြိုက်သည်၊ ဝေဖန်စေခြင်း၊ ပတ်ဝန်းကျင်ကို လေ့လာ၍ စာရေးခြင်း၊ နံရံကပ်စာစောင်များအတွက် ပြုစုရေးသားစေခြင်း စသော ကျင့်သုံးမှုများ ဖြစ်ပါသည်။ ကလေးကိုယ်ပိုင် ကိုယ်တိုင်ရေးခွင့်ရှိနိုင်သော တခြား နည်းလမ်းများကို ဆရာတို့က စဉ်းစားပေးရန် ဖြစ်ပါသည်။

ဤနည်း သုံးနည်းကို လေ့ကျင့်ရာ၌ ကလေးတို့သည် မိမိတို့၏ စာနှင့် တွဲ၍ သရုပ်ဖော်ပုံများကို ရေးဆွဲနိုင်ကြောင်း ဆရာက ဦးစွာ ရှင်းလင်းထားသင့်ပါသည်။

**ဖန်တီးရေးစာကို စိစစ်ရန်**

သူတို့ရေးသောစာများကို ပိုင်းဖြတ်စိစစ်ရာ၌ ဂရုပြုစရာရှိပါသည်။ သူတို့ ရေးသည်များကို မှားသည်၊ ညံ့သည်၊ လိုသေးသည်၊

သတ်ပုံများသည် နှစ်မှတ်သာတန်သည်၊ သုံးမှတ်သာတန်သည် စသည်ဖြင့် ပိုင်းဖြတ်ခြင်းမှာ နည်းလမ်းမကျပါ။

ကလေးတို့ရေးသမျှမှာ အမှန်ချည်းဖြစ်ပါသည်။ သူတို့စာလုံးပေါင်းမှား များစွာရေးသည်။ ညံ့စွာရေးသည်များကပင်လျှင် အမှန်များကိုရေးကြောင်း ဖော်ပြနေပါသည်။ ဤအမှန်များရေးနေပါလျက် ကျွန်တော်တို့ဆရာများက ပိုင်းဖြတ်စိစစ်ရာ၌ သူတို့၏ ခံစားမှုများကို ထိခိုက်မိစေလျှင် မကောင်းလှပါ။

ကလေးတို့ရေးသော စာအားလုံးကို "ကောင်းပါသည်" "ကြိုက်ပါသည်" "ဖတ်ကောင်းသည်" စသည်ဖြင့် မှတ်ချက်ပေး၍ အရေးအသားနှင့် စိတ်ကူးစိတ်သန်း အလွန်ကောင်းသော ကလေးများ၏ စာကို "အလွန်ကြိုက်ပါသည်"။ "အကြိုက်ဆုံးဖြစ်ပါသည်" ဟု မှတ်ချက်ပေးခြင်းသည် ဘေးကင်း၍ ထိရောက်သော ကျင့်သုံးမှု ဖြစ်ပါလိမ့်မည်။

ကလေးတို့၏ ဘာသာစကားသုံးနှုန်းမှု၌ စာလုံးပေါင်းအမှားနှင့် ဝါကျရေးဖွဲ့ အမှားဟူ၍ တွေ့ရပါသည်။ ဤအမှားများကို ပြင်ဆင်ရာ၌ ကလေးတို့ရေးသားထားသော စာရှိသည့် စာမျက်နှာပေါ်သို့ မင်နီတစက်မှမကျသင့်ပါ။ တဖက် သီးသန့်အလွတ်ပေါ်၌သာ အမှားများကိုထုတ်နုတ်၍ ပြင်ဆင်ပေးသင့်ပါသည်။ ပြင်ဆင်ရာ၌ အမှားနှင့်အမှန်ကို တွဲပေးသင့်ပါသည်။ နောက်၌ မမှားပါနှင့်ဟု အကြံပေးသင့်ပါသည်။ ကလေးတို့သည် သူတို့၏ဆရာက သူတို့စိတ်ကူးကို အမြဲလက်ခံနားလည်သည်ဟု သူတို့သိလျှင် မှန်ကန်စွာ ရေးနိုင်ရန် ပို၍ ကြိုးစားလာပါလိမ့်မည်။

တချို့ကလေးများ၏ စာများသည် အလွန်ကျေနပ်ဖွယ်ရာ ကောင်းသည်ကို တွေ့ရပါသည်။ ထိုအခါမျိုး၌ ဆရာသည် တခြား ကလေးများ အတုယူနိုင်ရန် ဖတ်ပြလိုလျှင် ရေးသူကလေးထံမှ

ဖတ်ပြခွင့်ကို ဦးစွာတောင်းရပါမည်။ ထိုကလေးသည် ထိုစာ၏ မူပိုင်ရှင်ဖြစ်ပါသည်။ မူပိုင်ရှင်ခွင့်ပြုချက်မရပဲ ကျွန်တော်တို့ အသုံးချနိုင်ခွင့်မရှိပါ။ ဘာသာစကား ကျွမ်းကျင်မှု၌ ညံ့နေပါက အတန်းရှေ့၌ ကလေးစိတ်ထိခိုက်အောင် မဝေဖန်သင့်ပါ။ တကယ်အားနည်းသည့် နေရာ၌ အားနည်းပုံကိုပြသဖြင့် ကျွန်တော်တို့ဆရာများ ကုစားနိုင်၍ ဝမ်းသာရုံသာရှိပါသည်။

## ပတ်ဝန်းကျင်ပြုပြင်ရန်

ကလေးများ၏ အခန်းနှင့် ကျောင်းပတ်ဝန်းကျင်သည် ကလေး၏စိတ်ကို ဖွံ့ဖြိုးစေမှု ဖြစ်သင့်ပါသည်။ ကလေးများ၏ အခန်းသည် ကလေးများကိုယ်တိုင် ပြုပြင်ထားသော ကလေးများကိုယ်ပိုင်အခန်း ဖြစ်သင့်ပါသည်။ ကလေးများ ရှာကြံလာသော ရုပ်ပုံကားချပ်များ၊ ဆွဲလာသော ရုပ်ပုံပန်းချီများ၊ ရေးထားသော ပုံပြင်များ၊ ကဗျာများကို အခန်းနံရံ၌ ကပ်ခွင့်ပေးရပါမည်။ အတန်းနံရံကပ်စာစောင်များ၊ ကျောင်းစာစောင်များ ထုတ်ဝေနိုင်အောင် စီစဉ်ပေးသင့်ပါသည်။

ကျောင်းစာကြည့်တိုက်၌လည်း ကလေးဖတ်နိုင်သော စာအုပ်များစွာ ဖြည့်ဆည်းပေးထားသင့်ပါသည်။ ဘာသာစကား သင်ကြားမှုသည် သင်ကြားပုံနှင့် ပတ်ဝန်းကျင်ကို ပြုပြင်ထားသော အခြေအနေ၌ ပို၍ထိရောက်ပါသည်။ ကလေးသည် သူ့အာရုံနှင့် သူ့သဘာဝအရ သင်ယူမှုကို ပြုတတ်ပါသည်။ ဤအစဉ်ကိုလိုက်၍ သင်ကြားပါက မအောင်မြင်စရာမရှိဟု ထင်ပါသည်။

ကလေးများ၌ ဖန်တီးမှုစွမ်းရည်ရှိသည်မှာလည်း အထင်အရှားဖြစ်၏။ ၎င်းစွမ်းရည်ကိုလိုက်၍ ဘာသာစကား သင်ကြားရာ၌ အသုံးချနိုင်သည်မှာလည်း အထင်အရှားဖြစ်သည်။ ဤစွမ်းရည်ကို ပညာရေး၌ရှိရမည့် အနေအထားနှင့် ပတ်သက်၍ ဆွေးနွေးဘူးသူ

သုတေသနပြုဘူးသူများစွာ ရှိပါသည်။ ၎င်းတို့အနက် အမေရိကန်ပြည် မင်နီဆိုတာ တက္ကသိုလ်မှ ပါမောက္ခတဦးဖြစ်သည့် ဒေါက်တာ ပေါလ်တော့ရင်၏ တင်ပြချက်အချို့ကို ဖော်ပြခဲ့ပါမည်။

ဉာဏ်ရည်ဉာဏ်ဒသွေး စစ်ဆေးမှုများသည် ကလေးများ၏ ပညာရည်ကို မှန်ကန်စွာ စစ်ဆေးနိုင်ပါသလောဟု သံသယဖြစ်ပါသည်။ အထူးသဖြင့် ကလေးတို့၏ ဖန်တီးမှုစွမ်းရည်ကို လုံးဝ မစစ်ဆေး မတိုင်းတာနိုင်ဟု ထင်ပါသည်။ × × × ဉာဏ်ရည် စစ်ဆေးလွှာများကို အမှီပြုလွှန်းခဲ့၍ ကျွန်ုပ်တို့သည် ဖန်တီးမှုစွမ်းရည် အလွန်ကောင်းသော ကျွန်ုပ်တို့ကလေးများ၏ ခုနစ်ဆယ်ရာခိုင်နှုန်းကို ဆုံးရှုံးလက်လွှတ်ခဲ့ရပြီ။ × × × ကျွန်ုပ်တို့တွေ့ရှိသမျှမှာ ဉာဏ်ရည်စစ်ဆေး၍ ဉာဏ်ရည်ကောင်းသူများ (အိုင်၊ ကျူ ၁၅၀-၁၂၀ ရသူ) သည် ဖန်တီးမှုစွမ်းရည် အတော်နည်းကြသည်ဟု ဖြစ်ပါသည်။

× × ×

မင်နီဆိုတာ တက္ကသိုလ်ပညာရေး သုတေသန ဗျူရိုက ကလေးပေါင်း တသောင်းငါးထောင်ကို သုတေသနပြုခဲ့ပါသည်။ ၎င်းသုတေသနက "ကလေးတို့သည် သူတို့ဘဝကို အလွန်မြင့်မားသော ဖန်တီးမှုစွမ်းရည်နှင့် စခဲ့သော်လည်း လူကြီးများက အားမပေးပဲ ဟန့်တားသော သဘောရှိခဲ့၍ ပျောက်ပျက်ကုန်ကြသည်" ဟု တွေ့ရှိခဲ့ပါသည်။

× × ×

ကျွန်ုပ်တို့ လူကြီးများသည် ဖန်တီးမှုစွမ်းရည်ရှိသော ကလေးများ၌ ပြဿနာတွေ့နေတတ်ပါသည်။ ကျွန်ုပ်တို့ကြောင့် ကလေးများသည် တန်ဖိုးရှိစွမ်းရည်များကို မြုပ်ပစ် ဖျောက်ပစ်ရသည်မှာ မကောင်းပါ။

× × ×

ကလေးပညာရေး၌ ဉာဏ်ရည်ဉာဏ်သွေးကို အရေးထားသကဲ့သို့ ဖန်တီးရည် ဖန်တီးသွေးကို အရေးထားလျှင်လည်း အလွန်ကောင်းမည်ဟု ထင်ပါသည်။

ပညာလောကစာစောင်၊
၁၉၇၃၊ ဇန်နဝါရီလ။

❑

# ကလေးပြဇာတ်

ကလေးတို့သည် လမ်းလျှောက်ချင် စကားပြောချင်သကဲ့သို့ သူတပါး၏ အသံအမူအရာနှင့် အပြုအမူကို အတုယူလိုပါသည်။ အတုယူတတ်ပါသည်။ တနည်းအားဖြင့်ဆိုသော် သရုပ်ဆောင်ချင်သော သဘာဝရှိပါသည်။ စကားမှ မတတ်သေးမီ အိမ်ခေါင်းရင်း၌ တအာအာလာမြည်တတ်သော ကျီးကန်းကဲ့သို့ တအာအာမြည် တတ်ဆိုတတ်ပါသည်။ မနက်တိုင်း အိမ်ရှေ့မှဖြတ်သွားသော အကြော်သည်ကြီးကဲ့သို့ ခေါင်းပေါ်တွင် ဗန်းကလေးတင်ထားသည့် အမူအရာကို လုပ်တတ်နေပါပြီ။ စကားတတ်ပြီး လမ်းလျှောက်တတ်ပြီး၍ ကစားသောအခါ၌လည်း ကလေးတို့သည် ပြေးရုံလွှားရုံ ခုန်ရုံပေါက်ရုံ လှုပ်ရှားရသော ကစားနည်းအပြင် သရုပ်ဆောင်၍ ကစားနည်းမျိုးကို ပို၍နှစ်သက်တတ်ကြပါသည်။ သရုပ်ဆောင်ကစားနည်းသည် ကလေးတို့၏ ကိုယ်ခန္ဓာများကို လှုပ်ရှားခွင့်ပြုသည်သာမဟုတ်။ ကလေးတို့၏ စိတ်ဓာတ်များကို လှုပ်ရှားခွင့်၊ သန်မာခွင့်၊ ဖွံ့ဖြိုးခွင့်ကိုလည်းပေးနိုင်ပါသည်။ မြန်မာ့ရိုးရာ ကလေးကစားနည်းများထဲမှ ကောက်ကာငင်ကာ ပုံစံပြရလျှင် ရွှေတူးနေသော အမေကြီးကဲ့သို့ တုန်ရီကုန်းကွစွာ သရုပ်ဆောင်ကစားရသော အမေကြီးဘာတူး ကစားနည်း၊ မိခင်လိပ်မကြီးသဏ္ဍာန် သရုပ်ဆောင်

ကစားရသော လိပ်ဥဝှက်တမ်းကစားနည်း၊ စသည်တို့ဖြစ်ပါသည်။ ဤကစားနည်းမျိုးကို ကလေးတို့ နှစ်သက်ရခြင်းမှာ ကိုယ်ကာယ လှုပ်ရှားခွင့်သာမက၊ စိတ်ခံစားလှုပ်ရှားခွင့်ကိုပါ ပေးသောကြောင့် ဖြစ်ပါသည်။

"သရုပ်ဆောင်ကစားမှု" မှာ ကလေးများ ရသင့်ရထိုက်သော အခွင့်အရေးလည်း ဖြစ်ပါသည်။ လောက၏ အမူအရာကို အတု ယူတတ်မြောက်စေသော သဘာဝသင်ယူမှုဟန်လည်း ဖြစ်ပါသည်။

ကလေးသူငယ် ပညာရေး၌ ကစားယင်း စာသင်သောနည်းကို ပေါက်မြောက်စွာ အသုံးချသောအခါ ဤသရုပ်ဆောင်ကစားသော နည်းသည် အကောင်းဆုံးဖြစ်ကြောင်း ပညာရှင်တို့က သဘော ပေါက်ကြပါသည်။ ထို့ကြောင့်လည်း ကမ္ဘာ့ပညာရေးလောက၌ သရုပ်ဆောင်ကစားမှုကို ချဲ့ထွင်စီမံ၍ သင်ပြနည်းများ၊ သင်ရိုး ညွှန်းတမ်းများအဖြစ် သတ်မှတ်ကာ အသုံးပြုနေကြပြီ ဖြစ်ပါသည်။

## ကလေးပြဇာတ်နှင့် ဒေါက်တာမောင်ဖြူး

မြန်မာပြည်တွင် ကလေးများအဖို့ ပြဇာတ်များကို ရှေးဦးစွာ ရေးသားသူမှာ ဆရာကြီး ဒေါက်တာမောင်ဖြူး (ထိုစဉ်က ဒေါက်တာ ဂွမ်လျောင်) ဖြစ်ပါသည်။ ဒန္တာရီပြဇာတ်ကလေးများ (မက်မီလန် ကုမ္ပဏီ၊ လန်ဒန်) နှင့်၊ အမေရိကန် သာသနာပြုပုံနှိပ်တိုက်၊ အဖိုး သုံးပဲဆိုသည့် ပြဇာတ်များကို ဒေါက်တာမောင်ဖြူး ဘိလပ်မှ ပြန်ရောက်ပြီး ၁၉၃၁-ခု၌ မော်လမြိုင်မြို့တွင် ကျောင်းဆရာ လုပ်နေစဉ်က ရေးခဲ့သည်။

၁၉၃၇-ခုနှစ်၌ ထုတ်ဝေသော ဒန္တာရီပြဇာတ်လေးများ စာအုပ်၏ စကားချီးတွင် ၂၀-၆-၃၇ နေ့စွဲဖြင့် ရေးထားပုံမှာ များစွာစိတ်ဝင် စားဘွယ် ကောင်းလှပါသည်။

"အကျွန်ုပ်တို့ မြန်မာ၌ကား ကလေးများအဖို့ ပြဇာတ်များဟူ၍ စာတအုပ် ပေတထုပ်ဟူ၍မရှိ။ ဖတ်စာများတွင်လည်း ကြားညှပ်၍မျှ မရှိသေး။ ဤအခြေအနေကို မကျေနပ်၍ ကလေးများအဖို့ပြဇာတ် တအုပ်ရှိရန် ကြံဆောင်နေသည်မှာ အတော်ကြာခဲ့ပြီ။"

"ဆရာက တခေါက် ဖတ်ပြပြီးနောက် ကလေးများကို ပြဇာတ် ဖတ်ခြင်း ပြုပါစေ။ အတန်းတွင်း လူရှိသလောက် နှစ်သင်းခွဲ၍ အသင်းတိုင်း ဖတ်လှည့်ပေးပါ။ ဆရာက အခန်းစေ့အောင် (အနည်း ဆုံး အရေးကြီးသောအခန်းများတွင်) ဝင်၍ ဖတ်ပါလေ။ ကလေး များ ဆရာဖတ်သည်ကို အတုယူနိုင်ခွင့်ရှိပါစေ။ တခါတရံ အတော် ဆုံးကလေးများဖတ်သည်ကို အတုယူနိုင်ခွင့်ရှိပါစေ။ တခါတရံ အတော်ဆုံးကလေးများကို ရွေးချယ်ပြီးနောက် ဆရာဝင်၍ဖတ် ပါလေ။ ဤနည်းသည် အတော်ဆုံး ကလေးများကို ထုတ်ကြွားနိုင် ခွင့်ရှိ၍ အဖတ်ညံ့သော ကလေးများကို အတုယူနိုင်ခွင့်ရစေသည်။ အလွတ်ရသောအခါ ကရမည်ဟု ပြောသောအခါ ကလေးတိုင်း အိမ်တွင် အားထုတ်မည်မှာ မလွဲနိုင်။ တော်သောကလေးများအား မိမိတို့အသင်းမှ ညံ့သောကလေးများကို သင်ပေးရန် တိုက်တွန်းနိုင် ပေသေး၏။ ဤအခါ၌ ဆရာသည် စာသင်နည်း နိဿရည်းနှစ်ခု ကျေပြွန်လေပြီ။ ကလေးများကို အလုပ်ခိုင်းခြင်းနှင့် ကလေး အချင်းချင်း သင်ပေးစေခြင်းတို့ကို အသုံးချပေပြီ။"

ဒေါက်တာမောင်ဖြူးသည် ၎င်းဒန္တာရီပြဇာတ်များကို ဒုတိယ တန်းအတွက် ရည်စူး၍လည်းကောင်း၊ ကျန်စစ်သားနှင့် အခြား ပြဇာတ်များကို တတိယတန်းအတွက်လည်းကောင်း၊ ပြဇာတ်များ (တတိယတွဲ) ကို အလယ်တန်းများအတွက်လည်းကောင်း ရေးသား ထုတ်ဝေခဲ့ပါသည်။ စာပေရိပ်မြုံ စာအုပ်တိုက်မှ ထုတ်ဝေသော မောင်ဖြူး၏ စာပဒေသာများ၌လည်း ကလေးများအတွက် ပြဇာတ် တိုများကို တွေ့ရှိရပါသည်။

ဒေါက်တာမောင်ဖြူးသည် ကလေးများအား ပြဇာတ်နည်းဖြင့် ပညာပေးရေးကို များစွာစိတ်ဝင်စားပါသည်။ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့က ကြီးမှူး၍ ၁၉၇၀-ပြည့်၊ စက်တင်ဘာလ၌ မြတ်မွန်ရတနာခန်းမတွင် ကျင်းပသည့် ပြဇာတ်စာပေ နှီးနှောဖလှယ်ပွဲတွင် ဒေါက်တာမောင်ဖြူးသည် "ကျောင်းပြဇာတ်နှင့် ပြဇာတ်စာပေ" စာတမ်းကို ဖတ်ကြားရန် တင်သွင်းခဲ့ပါသည်။ ဤစာတမ်းပါ အချက်အလက်တို့မှာ ပညာရေးလောကအတွက် ကျေးဇူးများလှပါသည်။

"ကျွန်တော်တို့၏ ချစ်စိတ် မုန်းစိတ် သနားစိတ် ကြောက်စိတ်ကို ပြုပြင်ပေးနိုင်သည်မှာ ပညာရေးဖြစ်သည်။ ဝမ်းနည်းဖို့ကောင်းသည်မှာ စာမေးပွဲအတွက် လုံးပန်းနေရသည့် ကျောင်းများက အထက်ဖော်ပြပါ ပညာရပ်များကို မပေးနိုင်ပါ။ မြန်မာဇာတ်ပွဲများကသာ ပေးနိုင်ပါသည်။ ကျောင်းများက ကဗျာပြဇာတ်အကြောင်းကိုသာ သင်ကြားပေးနိုင်သည်။ ဇာတ်ပွဲသည် ရသ ဆယ်ပါးအကြောင်းကို သိစေသည်။"

ဒေါက်တာမောင်ဖြူးသည် ကလေးပညာရေး၌ ပြဇာတ်ကို အသုံးချရန် ကြိုးစားသည်မှာ ကြာပြီဖြစ်သော်လည်း အရာများစွာ မထင်သေးသည်ကို ယင်းစာတမ်း၌ ဤသို့ ဖော်ပြထား၏။

"၁၉၃၀-၃၁ ခုနှစ် ဘီလပ်တွင် ပညာသင်စဉ်က ကျောင်းစာကို သိပ်မဖတ်ပါ၊ ရှိတ်စပီးယားနှင့် ဘားနတ်ရှောစာများ စင်တင်ရာသို့ လိုက် ကြည့်တတ်ပါသည်။ မြန်မာပြည်ရောက်လျှင် ပြဇာတ်ကို ကျောင်းစာအဖြစ်နှင့် သင်မည်။ ကျောင်းသားနှင့် မိဘကို စင်တင်ပြမည်။ တပြည်လုံးရှိ ကျောင်းသားနှင့် မိဘကို ပြဇာတ်ဝိုင်းဖတ်သည့်အကျင့် လုပ်ပေးမည်ဟု ဘီလပ်ကအပြန်လမ်းတွင် စဉ်းစားမိခဲ့သည်။ အပြန်ခရီးက တလကြာသည်။ သင်္ဘောပေါ်တွင် တွေးကြည့်လိုက်၊ စက္ကူပေါ် စီမံကိန်းချလိုက် ရေးလိုက်ခဲ့သည်မှာ

ဖြူးနေပါသည်။ လိုတရ နတ်သမီးပုံပြင်ကဲ့သို့ အောင်မြင်နေပါသည်။ သို့သော် တကယ်ကြိုးစားကြည့်သောအခါ ရင်ကျိုးရသည်”။

ဒေါက်တာမောင်ဖြူးသည် မြန်မာစာသင်နည်း သုတေသန လုပ်ရာတွင် မြန်မာစာသင်နည်း (၃) ခေါ်သည့် ကဗျာပုံပြင်ဖြင့် စာသင်နည်းကို စမ်းသပ်နေခဲ့သည်။ ကဗျာပုံပြင်နည်း၌ ပြဇာတ်နည်း လည်း ပါသည်။ လက်ရှိအခြေအနေနှင့် ပတ်သက်၍ တင်ပြထားပုံမှာ သတိမူဖွယ်ဖြစ်ပါသည်။

“ပြဇာတ်ကို ဒုတိယတန်းမှ စမသင်ပဲ ပထမတန်းမှ စ,သင်သည်။ “ဆွတ်ဆွတ်ဖြူ” ပြဇာတ်ကို စမ်းချောင်း အထက (၂) က ပထမတန်း ကျောင်းသင်ခန်းစာ အဖြစ်ဖြင့် ကျောင်းဇာတ်ခုံပေါ်တွင် ကပြနိုင်ခဲ့ပါသည်။ စာသင်မပျက်၊ အဆိုအက ဝါသနာပါသည့် ကျောင်းသူ၊ ကျောင်းသားများအဖို့ အလွန်အခွင့်အရေးရပါသည်။ အခက်အခဲမှာ တပည့်များနှင့် သင့်လျော်မည့် ပြဇာတ်များ မရှိသလောက် ရှားပါးနေခြင်းပင် ဖြစ်ပါသည်။ ကလေးများအတွက် ပြဇာတ်တို အများအပြား လိုနေပါသည်။”

ဒေါက်တာမောင်ဖြူးသည် ကလေးများအတွက် ပြဇာတ်များကို ရေးသားယင်း တဘက်ကလည်း ကျောင်း၌ ပြဇာတ်နည်းဖြင့် ပညာသင်ကြားရေးကို ရှေ့ရှုကြိုးပမ်းနေစဉ် ၁၉၇၀ ခုနှစ် အောက်တိုဘာလအတွင်းက ကွယ်လွန်ခဲ့ရှာပေသည်။

## ယနေ့ကျောင်းများ၌ ပြဇာတ်ဟန် ခင်းကျင်းပြသမှု အခြေအနေ

ပြဇာတ်နည်းဖြင့် သင်ကြားခြင်းသည် မူလတန်း၌ အရေးကြီးဆုံး ဖြစ်သည်။ သို့သော်လည်း. . . “ငင်းအစီအစဉ် ကျင့်သုံးမှုမှာ အရေအတွက်အားဖြင့် ၂-ရာခိုင်နှုန်းပင် မပြည့်တတ်ဟု ဆိုနိုင်

ပါသည်။ ၎င်း ၂ ရာခိုင်နှုန်းခန့်မှာလည်း တခါတရံ အာစရိယ ပူဇော်ပွဲနှင့် ကျောင်းကပွဲ ၌ ခင်းကျင်းပြသမှုသာဖြစ်သည်။ ဘာသာ ရပ်များကို ပြဇာတ်နည်းဖြင့် သင်ကြားမှုမရှိသလောက်ဖြစ်သည်။

ဆရာများတင်ပြသော အခက်အခဲများမှာ ကျောင်းခန်း၊ နေရာ ကျဉ်းမှု၊ ကျောင်းသားများမှု၊ ခင်းကျင်းရန် ကလေးပြဇာတ်များ ရှားပါးမှုနှင့် ဆရာများသည် ကလေးပြဇာတ် ခင်းကျင်းမှုနှင့်ပတ် သက်၍ အကျွမ်းတဝင်မဖြစ်မှုတို့ ဖြစ်ပါသည်။ ဤတွင် စတုတ္ထ အချက်ဖြစ်သော ဆရာများ၏ ကလေးပြဇာတ်နှင့် ပတ်သက်၍ အကျွမ်းတဝင်မဖြစ်သေးမှုမှာ အကြီးဆုံး ပြဿနာဟု ဆိုချင်ပါ သည်။ အကြောင်းမှာ ၎င်းပြဿနာ ပြေလည်လျှင် ကျန်အခက်အခဲ များမှာ အလိုလိုဖြေရှင်းပြီးသား ဖြစ်သွားနိုင်မည်ဖြစ်ပေသည်။

၁၉၆၅-ခုနှစ် ပြန်ကြားရေးဌာန၊ စာပေဗိမာန်မှ ကြီးမှူးကျင်းပ သည့် ကလေးစာပေ နှီးနှောဖလှယ်ပွဲ နောက်ပိုင်း၌ ကလေးစာပေ တခန်းသစ်ကာ တိုးတက်ဖွံ့ဖြိုးခဲ့ပါသည်။ ပုံဝတ္ထုများ၊ ကဗျာများကို အားရပါးရ ထုတ်ဝေကြရာ ယနေ့ ကလေးတို့ များစွာ ကံကောင်း လာပြီဟု ဆိုနိုင်ပါ သည်။

သို့သော်. . . ကလေးများအတွက် ထုတ်ဝေသော စာစောင် များ၊ စာအုပ်များ၌ ကလေးများအတွက် ပြဇာတ်များကို သတ်သတ် မှတ်မှတ် ထည့်သွင်းခြင်းမရှိကြောင်း တွေ့ရသည်။ ၁၉၆၅-ခုနှစ် နောက်ပိုင်း ကလေး ပြဇာတ်စာရင်းကို ရှာကြည့်ရာ ဒေါက်တာ မောင်ဖြူး၏ စာပဒေသာများ၊ တေဇစာစောင်တွင် ထည့်သွင်း ခဲ့သော ဆရာဇော်ဂျီရေး "ရှင်ကြီးကြက်ဖ၊ ရွှေကြက်ဖ" ပြဇာတ်၊ ဆရာမင်းသုဝဏ်ရေး "ပညာထက်လှ၊ ဗီလုံးငှက်မ" ပြဇာတ်နှင့် စာပေဗိမာန်ထုတ်၊ စာပေဆုရကလေးစာအုပ်တို့တွင်သာ တွေ့ရ ပါသည်။ ထို့ကြောင့် ယနေ့ ကလေးပြဇာတ်၏ အခန်းကဏ္ဍမှာ များစွာ သေးငယ်ပါသေးသည်။ ကလေးစာပေ၌ ဆိုစရာနှင့် ဖတ်စရာ

အပြင် သရုပ်ဆောင်စရာ ပါဝင်ရပါသည်။ ထို့ကြောင့် မျက်မှောက်ကလေးစာပေ၌ လိုအပ်သော အခန်းကို စာပေတာဝန်သိသူတို့ကလည်း ဖြည့်စွက်ပေးရန် လိုနေပါသည်။

## ဇာတ်ခင်းကျင်းမှု၏ ပညာရေးတန်ဖိုး

ကလေးပြဇာတ်ဟန် ခင်းကျင်းမှုသည် သဘာဝအရ ကလေးတို့ပိုင်ဆိုင်လာသော အခွင့်အရေးတရပ်ဖြစ်ပါသည်။ ထိုအခွင့်အရေးသည် ကလေးပညာရေး၌ သင်ယူမှု သဘာဝပုံစံ ဖြစ်လာပါသည်။

ကလေးများအတွက် ကိုယ်နှင့်စိတ်လှုပ်ရှားစွာ ကစားခွင့်သည် များစွာ အရေးကြီးပါသည်။ စကားခြင်းသည် ကလေးတို့အတွက် စဉ်းစားခြင်း၊ မှတ်မိခြင်း၊ လေ့လာခြင်း၊ စမ်းသပ်ခြင်း၊ လေ့ကျင့်ခြင်း၊ အလုပ်လုပ်ခြင်း ဖြစ်သည်။ ကလေးတို့သည် အတုယူ၍၊ ဟန်ဆောင်၍၊ သရုပ်ဆောင်၍ ကစားမှုကို များစွာနှစ်သက်တတ်ပါသည်။ ထို့ကြောင့် ကလေးပြဇာတ် ခင်းကျင်းမှုသည် အလုပ်လုပ်ယင်း သင်ယူမှု၊ ကစားယင်း သင်ယူမှုနှင့် အကိုက်ညီဆုံး ဖြစ်ပါသည်။

ကလေးပြဇာတ် ခင်းကျင်းမှုနှင့် ပါတ်သက်၍ နှစ်ပိုင်းပိုင်းလျှင်ပို၍ ရှင်းလင်းမည်ဖြစ်ပါသည်။ တပိုင်းမှာ ပြဇာတ်ဟန် သရုပ်ဆောင် ခင်းကျင်းမှုဖြစ်၍ တပိုင်းမှာ ပြဇာတ် ကပြမှုဖြစ်ပါသည်။ ပြဇာတ်ဟန် သရုပ်ဆောင်ခင်းကျင်းမှုမှာ သင်ကြားနည်းဖြစ်ပါသည်။ ပြဇာတ်ဟန် သရုပ်ဆောင်၍ သင်ကြားနည်းဖြစ်ပါသည်။ ပွဲကြည့်ပရိသတ်မလို၊ ဇာတ်ရုံမလို၊ ဆိုင်းဝိုင်းမလို၊ ကျောင်းသားအားလုံးသည် တနည်းမဟုတ် တနည်း ပါဝင်၍ မိမိတို့၏ သင်ယူမှုကိုအောင်မြင်ပေါက်မြောက်အောင် သိုင်းဝိုင်းကြသောနည်းဖြစ်ပါသည်။

ပြဇာတ်ကပြမှု၌ ဇာတ်ရုံ၊ ဇာတ်ခုံ၊ ပွဲကြည့်ပရိသတ်နှင့် ဇာတ်ခင်းကျင်းမှု အစီအစဉ်အားလုံး ပြည့်စုံရပါသည်။ ထိုအစီအစဉ်သည် အခါအားလျော်စွာ ကျင်းပသော ကျောင်းကပွဲများနှင့်သာ ပတ်

သက်ပါသည်။ ဤဆောင်းပါး၌ ဆွေးနွေးနည်းမှာ ပြဇာတ်ဟန် သရုပ်ဆောင် ခင်းကျင်းမှုအကြောင်း ဖြစ်ပါသည်။

ကလေးတို့သည် ပြဇာတ်နည်းဖြင့် သင်ယူမှု၌ ချစ်ခင်ခြင်း၊ အမှန်တရားကို မြတ်နိုးခြင်း၊ ပျော်ရွှင်မှုကို နည်းမှန်စွာ ခံစားတတ်ခြင်း၊ ကရုဏာတရားကို ဝေငှခံစားခြင်း စသော ခံစားမှုများကို တပြိုင်တည်းဖြစ်စေ စီကာစဉ်ကာဖြင့်ဖြစ်စေ ရရှိနိုင်ပါသည်။ ထို့အတူ ကြောက်တတ်ခြင်း၊ ရှက်တတ်ခြင်း၊ ရန်ဖြစ်ခြင်း စသော ဗီဇဆိုးလေးများကိုလည်း ထိန်းသိမ်း၍ လမ်းပြပေးနိုင်ပါသည်။ တနည်းအားဖြင့်ဆိုသော် စိတ်ကို ခိုင်မာစေ ကြီးထွားစေနိုင်ပါသည်။

ကလေးတို့သည် လှုပ်ရှားမှုများ၊ အသံများနှင့် အရောင်များကို အလွန်ချစ်ခင်သည်။ ချစ်ခင်သည်ဆိုရာ၌ ကိုယ်ကိုယ်တိုင်ကလည်း ဖန်တီးလို၊ သူတပါးဖန်တီးထားသည်ကိုလည်း နှစ်ခြိုက်လိုခြင်း ဖြစ်ပါသည်။ ဤအခွင့်အရေးကို ကလေးပြဇာတ် ခင်းကျင်းနည်းကသာ ပေးနိုင်ပါသည်။ ကလေးတို့သည် သူတပါး ပျော်ရွှင်မှု၊ ခံစားမှုများကို အော်ကာ၊ ဟစ်ကာ၊ ပြေးကာ၊ လွှားကာနှင့် ဖော်ပြခွင့်ရရှိရန် လိုပါသည်။ ဤသို့ ဖော်ပြခွင့် ကိုယ်နှင့်စိတ်သည် ယှဉ်တွဲ၍ သန်မာကြီးထွားနိုင်ပါမည်။ ကလေးတို့သည် ပြဇာတ်နည်းကို ခင်းကျင်းရာ၌ ဗီဇကွဲ၊ ဝါသနာကွဲသော ကလေးအချင်းချင်း စုစည်းပေါင်းဆုံ၍ အတူတကွ အလုပ်လုပ်တတ်ခြင်း၊ နေတတ်ခြင်းဖြင့် စုပေါင်းစိတ်ဓာတ်ကို မွေးပေးနိုင်သည်။ ကွဲပြားခြားနားသော ကလေးတို့သည် ပြဇာတ်၏ ပန်းတိုင်အဖြစ် တည်ရှိသော သင်ပြမှု၏ ရည်ရွယ်ချက် ပေါက်မြောက်အောင် သိုင်းကာဝိုင်းကာနှင့် ကိုယ့်တာဝန်၊ ကိုယ့်အခန်းမှ ကျေပြွန်စွာ လုပ်ဆောင်နိုင်သည့် အကျင့်ကို မွေးပေးနိုင်သည်။ ကလေးတို့အား အထွေထွေသော ခံစားချက်များကိုပေး၍ အတွေးသစ် အကြံသစ် အတွေ့အကြုံသစ်များကို ရရှိစေ

သည်။ နေ့စဉ် ဘဝအတွေ့အကြုံများကို ပိုမို၍ လက်ခံရင်ဆိုင်ရဲစွမ်း ရှိလာနိုင်သည်။ အချင်းချင်း ပြဿနာကို ဝိုင်း၍ဖြေရှင်းကာ မျှတသော လူမှုဆက်ဆံရေးကို မျိုးစေ့ချပေးနိုင်သည်။ ကိုယ်ခံအာရုံများကို ရင့်သန်စေ၍၊ ကြီးကောင်ဝင်စဉ် တွေ့ကြုံရသော ပြဿနာများကို ကြိုတင်၍ ဖြေရှင်းပေးနိုင်သည်။

ယနေ့ကျောင်းသည် ဖွဲ့စည်းထားသော လှုပ်ရှားမှုဖြင့် ပြီးအပ်သော အဆောက်အအုံဖြစ်ရပါမည်။ ထို့ကြောင့် ကလေးပြဇာတ်ခင်းကျင်းမှုနည်း၏ ကဏ္ဍမှာလည်း တိုးတက်ဝေဆာသင့်ပါသည်။

အချုပ်ဆိုရသော် ကလေးတို့သည် အချင်းချင်းစုပေါင်းကာ အပေးအယူညီမျှစွာနှင့် ပျော်ရွှင်လှုပ်ရှားစွာ ကစားယင်း အလုပ်လုပ်ယင်း သင်ယူခွင့်ကိုပေးသော ပြဇာတ်ခင်းကျင်းမှုနည်းသည် ကျောင်းစာသင်ခန်းနှင့် နောင်တွင် ကလေးတို့ ရင်ဆိုင်တည်ဆောက်ရမည့် လူမှုအဖွဲ့အစည်းလောကကို နည်းမှန် လမ်းမှန် ပေါင်းကူးပေးထားသော တံတားဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## ကျောင်းတွင်းကလေးပြဇာတ် ခင်းကျင်းပြသရေး

ကျောင်းတွင်း၌ ပြဇာတ်ခင်းကျင်းရာ၌ လမ်းနှစ်သွယ်ရှိပါသည်။

၁။ ပြဇာတ်ပညာအတွက် လေ့ကျင့်ခင်းကျင်းခြင်း။

၂။ ဘာသာရပ်များသင်ကြားမှုအတွက် ပြဇာတ်နည်းကို အသုံးချခင်းကျင်းခြင်း။

ဖော်ပြပါ လမ်းနှစ်သွယ်တို့တွင် အများအားဖြင့် ဒုတိယလမ်းဖြစ်သော ဘာသာရပ်သင်ကြားမှုအတွက် ပြဇာတ်နည်းကို အသုံးချခြင်းနှင့် သက်ဆိုင်ပါမည်။ ပြဇာတ်ပညာအတွက် သင်ကြားလေ့ကျင့်ခင်းကျင်းခြင်းမှာ ကျောင်းသားနှင့် ဆရာ ပူးတွဲဆောင်ရွက်မှု၌ မူတည်နေပါသည်။

ကျောင်းတွင်း ကလေးပြဇာတ် ခင်းကျင်းမှုနည်းကို အများက ယူဆနေကြသည်မှာ ဆိုင်းဝိုင်းနှင့် ဇာတ်ခုံနှင့် ပြည်ဖုံးကားနှင့်ဟု ဖြစ်နေပါသည်။

ဤနေရာ၌ ဆရာ၏တာဝန်သည် ကြီးလှပါသည်။ ကျောင်းသားအားလုံးသည် တနည်းနည်းနှင့်ပါဝင်နေပြီး ဆရာသည် တပည့်တို့ပြဇာတ်ခင်းကျင်းနည်း၏ တဦးတည်းသော ပရိသတ်ဖြစ်ပါ သည်။ ဆရာသည် တပည့်တို့၏လုပ်ငန်းကို လမ်းညွှန်ရမည်ဖြစ်ပါ သည်။ ကလေးများ၏ လှုပ်ရှားပါဝင်မှုကို စူးစိုက်စွာ လေ့လာ၍ အကူအညီလိုက ကူညီရပါလိမ့်မည်။ ကလေးများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပေး၍ ကြည့်ရှုအားပေးရပါလိမ့်မည်။ ဆရာသည် တပည့်ကလေးတို့၏ စိတ်ဝင်စားမှုကို နားအလည်ဆုံး၊ အထိတွေ့ဆုံးဖြစ်၍ ထာဝရတူညီနိုင်အောင် အသင့်ဖြစ်နေရပါလိမ့်မည်။ အရေးကြီးဆုံးတရပ်မှာ ကလေးတို့ကို နားလည်လျက် သူတို့၏ လှုပ်ရှားဆောင်ရွက်မှု၌ ဝေမျှခံယူ၍ သင်ကြားရေးကို ပေါက်မြောက်အောင် ဦးတည်ပေးရန်ပင် ဖြစ်ပေသည်။

## မူလတန်းကြိုနှင့် မူလတန်းအောက်ဆင့်များအတွက် အစီအစဉ်

ဤအရွယ်၌ အပြောပြဇာတ်နည်း မဟုတ်ပါ။ လူရှေ့သူရှေ့ ၌ လုပ်ရဲကိုင်ရဲအောင် လေ့ကျင့်မှုဖြစ်သည်။ ရှေ့၌ ဆက်၍ လုပ်တတ်ကိုင်တတ်အောင် လေ့ကျင့်မှုသာဖြစ်သည်။ အမူအရာကို သွက်လက်ချက်ချာအောင် လေ့ကျင့်မှုသာဖြစ်သည်။ စကားအပြောကို အားမပေးသော်လည်း ကလေးတို့၏ အမူအရာ သွက်လက်မှန်ကန်မှုသည် ကလေးတို့၏ စကားသွက်လက်မှန်ကန်မှု ဖြစ်ပါသည်။ အောက်ပါနည်းသုံးနည်းကို ရွေးချယ်တင်ပြပါမည်။ ဤသုံးနည်းမှာ ဤအဆင့်၌ လုံလောက်ပါပြီ။ ဆရာ (သို့မဟုတ်) သွက်လက်ချက်

ချာသော ခေါင်းဆောင်လေးတဦးက ဇာတ်ကြောင်းရှိလျှင် ဇာတ်ကြောင်းပြန်သူအဖြစ် ပါဝင်ကူညီလျှင် သင့်တော်လောက်ပါသည်။ ဤအဆင့်၌ အောက်ပါအတိုင်း နည်းသုံးမျိုးခွဲခြားနိုင်ပါသည်။

### ၁။ အတုယူသရုပ်ဆောင်ခြင်း

ဤနည်းမှာ စိတ်နှင့်ကိုယ်အား လှုပ်ရှားခွင့်ပေးခြင်း ဖြစ်သည်။ နောက်အစီအစဉ်များအတွက် လေ့ကျင့်ပေးခြင်းဖြစ်သည်။ ဤလေ့ကျင့်ခန်းလေးများကို ဆရာက ခိုင်းရပေမည်။ တယောက်မှစမလုပ်ရဲလျှင် ဆရာက စလုပ်ပြရမည်။ ဆရာကစလိုက်လျှင် လုပ်ရဲသူ တယောက်စ နှစ်ယောက်စ ပေါ်လာပါလိမ့်မည်။

### က။ ခန္ဓာတစ်ကိုယ်လုံး

(၁) မိုးရေထဲတွင် ခုန်ဆွခုန်ဆွသွားသော ဖားလေးလို လုပ်ပြပါ။

(၂) နောက်က ခွေးလိုက်၍ ပြေးနေပုံကို လုပ်ပြပါ။

(၃) လေယာဉ်ပျံကဲ့သို့ ပျံဝဲပြပါ။

### ခ။ လက်

(၁) မျောက်ကလေးတကောင်၏ လက်ကဲ့သို့ မြှောက်ယင်း လမ်းသွားပြပါ။

(၂) ရေနွေးအိုးအပူကိုင်လာပုံကို လုပ်ပြပါ။

(၃) ရေမပါသောပုံးတပုံး ဆွဲလာပုံကို လုပ်ပြပါ။

### ဂ။ ခြေထောက်

(၁) ဘယ်ခြေထောက် ဆူးစူးခံသော ယုန်ကလေးကဲ့သို့ လမ်းလျှောက်ပြပါ။

(၂) ညာခြေထောက်မပါသော အဖိုးအိုကဲ့သို့ လမ်းလျှောက်ပြပါ။

ဃ။ စိတ်အခြေအနေ

(၁) စာမရ၍ မှိုင်နေပုံလုပ်ပြပါ။

(၂) ပိုက်ဆံတကျပ်ရ၍ ပျော်နေပုံလုပ်ပြပါ။

(၃) အမေ့ကို ရုတ်တရက်တွေ့၍ အားရပါးရပြုံးပုံ လုပ်ပြပါ။

ဤလေ့ကျင့်မှုများမှာ ပုံစံများဖြစ်သည်။ ဆရာများက တီထွင်၍ ပြုလုပ်ပေးရလိမ့်မည်။ ရဲသူကိုပွဲထုတ် မရဲသူကို အားပေးကာ အခွင့်အရေးရအောင် လုပ်ပေးပါ။ မလုပ်ချင်သူမရှိ၊ မလုပ်တတ်သူမရှိ၊ မလုပ်နိုင်သူမရှိ။ မလုပ်ရဲသူရှိသည်ကိုသာ ဆရာက အားပေးသွေးဆောင်၍ ယူရပါမည်။ ဤလေ့ကျင့်မှုသည် ဤအဆင့်၌ အရာရောက်လှသည်ဖြစ်၍ သတိမူသင့်ပါသည်။

## ၂။ ကဗျာတိုများကို သရုပ်ဆောင်ခြင်း

ရှေးဦးစွာ အိမ်ကရလာသော ကဗျာများကို တဦးစီရွတ်ဆို၍ သရုပ်ဆောင်ခွင့်ပြုရမည်ဖြစ်ပါသည်။ သရုပ်ဆောင်မှုကို ဆရာက လမ်းညွှန်စရာများစွာ မလိုတော့ပါ။ အတုယူ သရုပ်ဆောင်လေ့ကျင့်မှုပြုပြီးက ကလေးတို့သည် ကိုယ့်ကဗျာကို ကိုယ့်အမူအရာနှင့် ကိုယ်တီထွင်၍ လုပ်နိုင်ပါသည်။ ဤစွမ်းရည်သည်ပင် ပညာရေးစွမ်းရည်ဖြစ်သည်။

ကဗျာကို သရုပ်ဆောင်ရာ၌ သံပြိုင်ဆိုမှုကိုလည်း အားပေးရပေမည်။ ကဗျာရွတ်ဆိုမှု၏ ပထမကျေးဇူးသည် အသံထွက်မှန်အောင် အသံလေး အသံပေါ့နှင့်တကွ ဆိုတတ်ခြင်းဖြစ်၏။ ဒုတိယကျေးဇူးမှာ ကဗျာ၏အတွေးက ခံစားမှုကို ဖန်တီး၍ စိတ်ကြီးထွား

ရေးကို ပြုပြင်ပေးခြင်းဖြစ်၏။ တတိယကျေးဇူးမှာ စကားပြော အတတ်ကို မှန်ကန်စွာ လမ်းခင်းပေးခြင်းဖြစ်၏။

ဆရာက ကောင်းနိုးရာ ကဗျာများကို ရွေးချယ်ပေးရပါမည်။ ဤအရွယ်၌ သရုပ်ဆောင်ရန် ကဗျာတို့မှာ မရှည်လွန်းခြင်း၊ မတိုလွန်းခြင်း၊ မြည်သံစွဲစကားများပါခြင်း၊ လူများစု ပါဝင်နိုင်ခြင်း၊ လှုပ်ရှားမှုရှိခြင်းဟူသော အင်္ဂါရပ်များနှင့် ညီနိုင်းရွေးချယ်ပေးရပါမည်။ ကဗျာကို အမူအရာနှင့် ရွတ်ဆိုသရုပ်ဆောင်ရာ၌ -

"သူတို့၏ အသံနေအသံထားကိုလည်း သူတို့သရုပ်ဆောင်ရသည်နှင့် နီးစပ်အောင် တတ်နိုင်သမျှ ရွေးချယ်လျှင်သင့်ပါမည်။ ကျွန်ုပ်တို့ စဉ်းစားမိသည်မှာ လူရွေးရာတွင် ဆရာက စရွတ်ဆိုရမည့် စာကြောင်းကို ရှင်းလင်းပြောပြပြီး ကလေးတို့အား သင့်လျော်သော အခန်းအတွက် ရွေးချယ်ပေးကြပါဟု တိုက်တွန်းသင့်သည်ဟု ထင်ပါသည်။ ကလေးတို့ နေရာမကျလျှင် ဆရာ အနည်းငယ် လမ်းညွှန်ပေးလျှင် တော်လောက်ပြီ။"

ဟူသော အဆိုကို သတိမူသင့်ပါသည်။

ကဗျာရွတ်ဆို၍ သရုပ်ဆောင်ရာ၌ ပို၍အသက်ဝင်အောင် မျက်နှာဖုံးလေးများ အသုံးပြုနိုင်ပါသည်။ ယခုအခါ ကလေးကဗျာစာအုပ်များစွာ ပေါ်ထွန်းနေပြီဖြစ်ရာ ဆရာများက လေ့လာ၍ အသုံးချသင့်ပါသည်။

## ၃။ အသံတိတ်ပြဇာတ်ခင်းကျင်းမှု

ပုံဝတ္ထုအကြောင်းဘာသာရပ်၊ ဇာတ်လမ်းနှင့် ရင်းနှီးလာသော အခါ ဆရာ (သို့မဟုတ်) ကလေးခေါင်းဆောင်တဦးက ဇာတ်လမ်းပြောပြနေစဉ် သရုပ်ဆောင်သူများက ဇာတ်လမ်းကို ခင်းကျင်းခြင်းဖြစ်သည်။ တတန်းလုံး ပါဝင်နိုင်အောင် လက်ခုပ်ဝိုင်းတီးပေးခြင်း၊

ကဗျာတိုများဆိုပေးခြင်း ပြုလုပ်နိုင်ပါသည်။ ဇာတ်ဆောင်ကို ကလေးတို့အချင်းချင်း ရွေးချယ်ခွင့် ပေးရပါမည်။

ပုံဝတ္ထုစာအုပ်ထဲမှဖြစ်စေ၊ ကျောင်းသုံးစာအုပ်မှဖြစ်စေ သင့်လျော်ရာကို ဆရာကရွေးချယ်၍ သရုပ်ဆောင်ရန် လမ်းညွှန်ပေးနိုင်ပါသည်။ ရွေးချယ်ရာ၌ ကလေးတို့ အသက်အရွယ် ဗီဇဝါသနာ ခင်းကျင်းမည့်ကာလနှင့် ကိုက်ညီအောင် သတိမူရပါမည်။

## အသံနှင့်အရောင် အသုံးချမှု

ကလေးတို့သည် အသံများကို အလွန်မြတ်နိုးပါသည်။ သူများလုပ်သော အသံများကို နှစ်ခြိုက်သလို ကိုယ်ကိုယ်တိုင်ကလည်း အသံများကို ဖန်တီးလိုပါသည်။ တနည်းအားဖြင့် ဆက်၍ဆိုရလျှင် ကလေးတို့သည် အသံ၏ ခိုင်းစေရာကို လုပ်တတ်ကြပါသည်။ အသံက သွားဆိုလျှင်သွား၍ ရပ်ဆိုလျှင် ရပ်ပါသည်။

ထို့ကြောင့် ပြဇာတ်ခင်းကျင်းနည်းကို လုပ်ဆောင်ရာ၌ အသံကို အသုံးပြုရပါမည်။ အသံကိုဖန်တီးရန် ကရိယာများ လိုပါသည်။ သို့သော် ဈေးကြီးဝန်ကျယ်မည် မဟုတ်ကြပါ။ ဗုံတို၊ အိုးစည်၊ မောင်းငယ်၊ လင်းကွင်း ပီပီနှင့် အသံထွက်အောင် တီးခတ်နိုင်မည့် သတ္တုဗူးခွံများ ဖြစ်ပါသည်။ ကလေးတို့ကိုယ်တိုင် စမ်းသပ်နိုင်သော နည်းများကို ဖော်ပြလိုက်ပါသည်။

| | | |
|---|---|---|
| **မိုးရွာသံ** | ။ ။ | သုံးပေခန့်ရှိသော သတ္တုပုံးထဲသို့ ကျောက်စရစ်ခဲ အသေးများကို ခပ်ကျဲကျဲထည့်ပေးပါ။ |
| **မိုးချုန်းသံ** | ။ ။ | သတ္တုပြားကို တီးခတ်ပေးပါ။ |
| **တွဲရှသံ** | ။ ။ | မှန်ကွဲဖန်ကွဲ ထည့်ထားသောဗူးကို လွတ်ချပါ။ |

မြင်းခွာသံ ။ ။ ခုံကို အုန်းမှုတ်ခွက်နှင့် စည်းချက်ကျကျ ခေါက်ပါ။

သေနတ်သံ ။ ။ ခေါင်းအုန်းကို ကြိမ်နှင့်ရိုက်ပါ။

ပေါက်ကွဲသံ ။ ။ လုံသော စက္ကူလိပ်ထဲတွင် လေပြည့်အောင် မှုတ်၍ လက်နှင့် ရိုက်ဖောက်ပါ။

အခြားအသံများကိုလည်း အလုပ်လုပ်ယင်း ဆက်တွေ့ပါလိမ့်မည်။

အရောင်တောက်ပြောင်မှုကို ကလေးတိုင်း နှစ်သက်ကြပါ သည်။ အတန်းတွင်း ပြဇာတ်ခင်းကျင်းရာ၌ မျက်နှာဖုံးများကိုဒင်း၊ အရောင်တောက်သောစက္ကူ အဝတ်စများနှင့် ချုပ်သောခေါင်းပေါင်း၊ အင်္ကျီစလွယ်တို့ကိုဒင်း အသုံးပြုနိုင်ပါသည်။ နေရာအခင်း အကျဉ်းမှာ အတန်းတွင်းဖြစ်၍ များစွာမကျယ်ပါ။ ထိုင်ခုံများကို ဘေးပုံ၍ ကလေးတို့က စက်ဝိုင်းသဏ္ဍာန် နေရာယူသင့်ပါသည်။

## မူလတန်းအထက်ဆင့်ကလေးများအတွက် အစီအစဉ်

ဤအဆင့်၌ နည်းသုံးမျိုးခွဲထားပါသည်။ ပထမပိုင်းက လေ့ကျင့်ခဲ့သော အခြေခံကြောင့် အခက်အခဲ တွေ့နိုင်မည် မဟုတ်ပါ။

### ၁။ ကဗျာပုံပြင်ကို သရုပ်ဆောင်ခြင်း

သရုပ်ဆောင်သူများမှလွဲ၍ ကျန်ကလေးများသည် ကဗျာရှည်ကို သံပြိုင်ရွတ်ဆိုရပါမည်။ တပိုဒ်ကို နှစ်ခါကြော့ဆို၍ နှစ်ခါပြန် သရုပ်ဆောင်ရမည်။ တနည်းမှာ ကဗျာပုံပြင်မရွတ်ဆိုတော့ပဲ ပြဇာတ်သဖွယ် သရုပ်ဆောင်နည်းဖြစ်သည်။ ပြဇာတ်အတိုင်း တသီးတခြား ပြန်မရေးပဲ ကဗျာပုံပြင်ပေါ်မှ ရသမျှ အကြံဉာဏ်နှင့် ဇာတ်လမ်းကို မူတည်၍ အပြောပြဇာတ်ဟန် ခင်းကျင်းနည်းဖြစ်သည်။

ကလေးကဗျာစာအုပ်ထဲမှ ကဗျာပုံပြင်ရှည်များကို သရုပ်ဆောင်နိုင်ပါသည်။

## ၂။ ကလေးပြဇာတ်များကို သရုပ်ဆောင်ခြင်း

ကနေ့ ကလေးစာပေ၌ ကလေးပြဇာတ်အရေအတွက် များစွာနည်းပါးနေသေးသည်။ သို့သော်လည်း ပြန်ကြားရေးဌာနမှ ထုတ်ဝေသော တေဇစာစောင်များနှင့် ရွှေသွေးစာစောင်များ၌ပါသော ပန်းချီသရုပ်ဖော်နှင့် ဇာတ်များမှာ ပြဇာတ်လမ်းများအတိုင်းပင် စကားပြောခန်း ဇာတ်လမ်း ဇာတ်ပို့နှင့် နောက်ခံကားများပါ၍ အဆင်ပြေပါသည်။ လေ့လာ၍ သရုပ်ဆောင်ကြည့်နိုင်ပါသည်။

## ၃။ ပုံဝတ္ထုနှင့်ဘာသာရပ်ကို ပြဇာတ်ဖွဲ့၍သရုပ်ဆောင်ခြင်း

ဤအဆင့်သည် အမြင့်ဆုံးအပိုင်းဖြစ်ပါသည်။ ဤအဆင့်၌ အရေးအဖတ် ကျွမ်းကျင်မှု၊ စဉ်းစားတီထွင်မှု၊ ကြောင်းကျိုးဆက်စပ်မှုအထိ အားပေးသဖြင့် သင်ကြားမှုလုပ်ငန်းစဉ်များစွာ ပါသည်ကို သတိမူနိုင်ပါသည်။ ပုံဝတ္ထုနှင့် ဘာသာရပ်များကို ပြဇာတ်ဖွဲ့၍ သရုပ်ဆောင်နည်း၏ လုပ်ငန်းစဉ်ငါးရပ်ကို အောက်ပါအတိုင်း ခွဲခြားနိုင်ပါသည်။

**ပုံဝတ္ထု သို့မဟုတ် အကြောင်းအရာကို အကျွမ်းတဝင်ဖြစ်အောင် စိတ်ဖတ်လေ့ကျင့်ခြင်း။**

ဥပမာ - တတိယတန်း နိုင်ငံသမိုင်းပုံပြင်များ (ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ပညာရေးဌာန။ ကျောင်းသုံးစာအုပ်ကော်မီတီ) စာအုပ်၊ စာမျက်နှာ ၄၃-မှ ရာဇကုမာရ်ဝတ္ထုကို အိမ်၌ ဖတ်ခဲ့ကြပါဟု တာဝန်ပေးခြင်း၊ ၎င်းသင်

ခန်းစာကို လုံး၀မသင်ရမီ လုပ်ငန်းပေးလိုက်ခြင်း
ဖြစ်ပါသည်။

**အသံထွက်ဖတ်ခြင်း**

(အတန်းထဲတွင် အိမ်တွင် စိတ်ဖတ်လေ့ကျင့်ခဲ့သော ၀တ္ထုကို ပြန်၍ မှန်ကန်စွာ ဖတ်စေခြင်းဖြစ်ပါသည်။ ရာဇကုမာရ်၀တ္ထုကိုပင် ပြန်၍ဖတ်ကြခြင်းဖြစ်သည်။)

**ပြဇာတ်သဖွယ် ပြန်၍ဇာတ်လမ်းခွဲခြင်း**

(က) မည်သို့စ၍ သရုပ်ဆောင်မည်နည်း။
(ခ) မည်သည်တို့ကို ဖြုတ်မည်နည်း။
(ဂ) မည်သည်တို့ကို ဖြည့်မည်နည်း။
(ဃ) ဇာတ်လမ်းအဓိကကား အဘယ်နည်း။
(င) မည်သို့အဆုံးသတ်မည်နည်း။

ဤအဆင့်သည် သင်ပြနည်းစစ်စစ် ဖြစ်လေသည်။ ဆရာက စတင်ဆွေးနွေးရပါမည်။ သို့ရာတွင် တပည့်တို့ကသာ အများဆုံး ပြောသူ ဆွေးနွေးတင်ပြသူဖြစ်ရပါမည်။

**ဇာတ်ဆောင်များကို ရွေးချယ်ခြင်းနှင့် သရုပ်ဆောင်ခြင်း**

ဤလုပ်ငန်းစဉ်ငါးရပ်ကို ဆောင်ရွက်ရာ၌ ပုံသေနည်းကျရှိရန် များစွာမလိုပါ။ တပည့်နှင့် ဆရာ၏ ပူးပေါင်းမှု၌ မူတည်၍ ကစားယင်း စာသင်ဟူသော ဆောင်ပုဒ်၏အနက်အဓိပ္ပာယ်သည် ပို၍ ထင်ရှားရမည်ဖြစ်သည်။

သင့်လျော်သော ၀တ်စားဆင်ယင်မှုများ လိုပါသည်။ သို့ရာတွင် အိမ်တွင်းမှုသိပ္ပံနှင့် ဆက်စပ်၍ ဈေးကြီး၀န်ကျယ် မဟုတ်သော ဆင်ယင်မှုများသာဖြစ်ပါသည်။ အရောင်ရွေးချယ်မှုနှင့် တီထွင်လုပ်

ကိုင်မှုကို အားပေးခြင်းဖြစ်သည်။ တခုစွဲမြဲစွာ မှတ်ယူရန်မှာ ဤနည်းကို အသုံးပြုရာ၌ အားလုံးသည် တနည်းမဟုတ် တနည်း ပါဝင်ရန်ဖြစ်ပါသည်။

## ပြဇာတ်ဖြင့် ရုပ်မြင်သံကြား သင်ကြားနည်းများ

ပြဇာတ်ဟန် ခင်းကျင်းမှုသည် သင်ယူမှုအတွက် ကောင်းမွန်ပြေပြစ်သော စိတ်အခြေအနေကို ဖန်တီးပေးနိုင်သည်ကို အထက်၌ အထပ်ထပ်ဆိုခဲ့ပါပြီ။ "သင်ယူမှုသည် ကောင်းမွန်မျှတ ပြေပြစ်သော စိတ်အခြေအနေ၌ ဖူးပွင့်ဖြစ်ထွန်း၏။" ဟူသော စကားတရပ်အရ ပြဇာတ်ခင်းကျင်းမှု၏တန်ဖိုးကို သိလောက်ပါပြီ။ ဆက်လက်၍ ပြဇာတ်ဟန် ခင်းကျင်းမှုကို ရုပ်မြင်သံကြားနည်းများဖြင့် အသုံးချပုံကို ဆက်လက်၍ အကျဉ်းမျှ ဖော်ပြပါမည်။

**သချ်ာ**

(က) အရောင်းအဝယ် အရှုံးအမြတ် တွက်ချက်မှုများကို ဈေးဆိုင်တည်ခင်း၍ ရောင်းဝယ်ခြင်း။

(ခ) ဖြစ်ရပ်အမှုများဆင်၍ တွက်ချက်ခြင်း။ (ဥပမာ ဦးဘပိုင်သောမြေကို သားငါးယောက်အား ခွဲဝေပေးခြင်း)

**ပထဝီ**

ဒေသန္တရ ပထဝီသင်လျှင် သုံးနိုင်သည်။ ဥပမာ တရုတ်ပြည်၏ ဒေသန္တရပထဝီဝင်သင်လျှင် တရုတ်တူနှင့် အစားဝိုင်းစားခြင်း၊ တရုတ်လက်ဖက်ရည်ဝိုင်း တည်ခင်းခြင်း၊ တရုတ်သီချင်း ကဗျာသီဆိုခြင်းဖြင့် စိတ်အခြေအနေကို သင်ယူမှုအတွက် ဖန်တီးနိုင်ပါသည်။

## သမိုင်း

ပြဇာတ်ဟန်ခင်းကျင်းနည်းအတွက် အခြေအနေကောင်းများ စွာရှိပါသည်။ ဥပမာ လီနင်၊ လင်ကွန်း၊ ဗန္ဓုလ၊ ဗိုလ်ချုပ်အောင် ဆန်း စသည့် ခေါင်းဆောင်တို့၏ဘဝကို သရုပ်ဖော်နိုင်သည်။ ဝါတာ လူးစစ်ပွဲ၊ ပါတော်မူနေ့ စသည်တို့ကို သရုပ်ဆောင်နိုင်သည်။

## ကျန်းမာရေးပညာပေး

လမ်းစောင့်ရဲကြီးနှင့် စည်းကမ်းမဲ့စွာ စက်ဘီးစီးသော မောင်လှ ၏ စကားပြောခန်း "အစားများစွာစား၍ ဒုက္ခတွေ့သော တွတ်နီ အဖြစ်" စသည်ဖြင့် ခင်းကျင်းနိုင်သည်။ ကြံ့ကြိုက်လျှင် ကျောင်း ထဲမှ အတန်းထဲမှ မကျန်းမာသူ၊ ဒဏ်ရာရသူ၏ ဇာတ်လမ်းများကို သရုပ်ဆောင်ခြင်းဖြင့် ပိုမိုနှစ်သက်ဖွယ်ကောင်းအောင် ဖန်တီးနိုင် သည်။

## စာပေ

စာပေသင်ကြားရာ၌ ပြဇာတ်နည်းကိုသုံးရာတွင် အထက်က ဖော်ပြခဲ့သော လုပ်ငန်းစဉ်ငါးရပ်အပြင်၊ ပြဇာတ်နည်းခင်းကျင်းစဉ် တွေ့ကြုံရသော အတွေ့အကြုံများ၊ အတွေးအခေါ်များကို စီကုံး ရေးသားမှုတရပ် တိုးလာပါသည်။

## ပြဇာတ်ဟန်ခင်းကျင်းမှုနှင့်ပတ်သက်၍ အထွေထွေ

ကလေးပြဇာတ် ခင်းကျင်းမှုနှင့်ပတ်သက်သော လန်ဒန် တက္ကသိုလ်မှ ကထိက ပီတာဆလိဒ်ရေးသားသော "ကလေးပြဇာတ် မိတ်ဆက်" စာအုပ်မှ အထွေထွေမေးခွန်းများနှင့် အဖြေများကို ထုတ် နှုတ်၍ ဖော်ပြပါမည်။ ၎င်းစာရေးသူ ကထိကမှာ ကလေးပြဇာတ် နည်းများကို တဆယ့်ခြောက်နှစ်ကျော် စမ်းသပ်လုပ်ကိုင်နေသူ ဖြစ် ပါသည်။

၁။ ကလေးပြဇာတ်နည်း ခင်းကျင်းရာ၌ ပစ္စည်းကရိယာများစွာ လိုအပ်ပါသလား။ မလိုအပ်ပါ။ ကလေးပြဇာတ်နည်း၏ အောင်မြင်မှုသည် အတွင်းမှ ဖန်တီးတီထွင်စိတ်သာဖြစ်သည်။

၂။ အသံတိတ်သရုပ်ဆောင်မှုကို မည်သည့်အရွယ်၌ အားပေးသင့်သနည်း။ မူလတန်းကြိုကလေးများ၌ အားပေးသင့်သည်။ ကလေးတို့၏ အမူအရာသည် ကလေးတို့၏ ဘာသာစကားဖြစ်သည်။

၃။ ဆရာတိုင်း ကလေးပြဇာတ်နည်းကို ကိုင်တွယ်နိုင်ပါ့မလား။ ကိုင်တွယ်နိုင်ပါသည်။ လေ့လာမှုရှိက ပို၍ ချောမောနိုင်ပါသည်။

၄။ ဤအစီအစဉ်စလျှင် ဆူညံမှုများ ဖြစ်နိုင်ပါသလား။ ဖြစ်နိုင်ပါသည်။ ကလေးတို့သည် အမြဲဆူညံအော်ဟစ်နေတတ်ပါသည်။ ကလေးပြဇာတ်နည်း၌ ဆူညံမှုကို ထိန်းပေးပါသည်။ သူတို့ဆူညံလျှင် လုပ်ငန်းပျက်သွားနိုင်သည်ကို သူတို့သဘောပေါက်၍ ဖြစ်ပါသည်။

၅။ အလွန်ရှက်ကြောက်သော ကလေးအား ပြဇာတ်ထဲသို့ အတင်းပါခိုင်းသင့်ပါသလား။ မခိုင်းသင့်ပါ။ အားပေးရုံသာ အားပေးနိုင်ပါသည်။ သူ့အဖော်များ စုကာရုံးကာ ပျော်ရွှင်စွာ ကခုန်သရုပ်ဆောင်ကြလျှင် သူလည်း အလိုလိုပါဝင်လာပါမည်။

၆။ ပြဇာတ်ခင်းကျင်းမှုနည်းဖြင့် ဘာသာရပ်တိုင်းကို သင်ကြားနိုင်ပါသလား။ ကလေးပြဇာတ် လုပ်ငန်းစဉ်နှင့် သဘောတရားကို ပြည့်ဝစွာ နားလည်ပြီးပါက လုပ်နိုင်ပါသည်။ ကျွန်ုပ်၏ အတွေ့အကြုံအရမူ ပြဇာတ်ခင်း

ကျင်းနည်းဖြင့် သင်ကြား၍မရသော ဘာသာရပ် မရှိသေးပါ။

၇။ ဇာတ်ခုံပေါ်မှ ကလေးတို့အား သရုပ်ဆောင်စေခြင်းမှာ ကောင်းပါသလား။ အခါအားလျော်စွာ ကျင်းပသည့်ပွဲမှလွဲ၍ မကောင်းပါ။ သူတို့ မနိုင်မနင်းသည်ကို ခိုင်းခြင်းဖြင့် သူတို့လုပ်ငန်းကို ကြောက်သွားတတ်ပါသည်။

၈။ မျက်နှာဖုံးများ သုံးစွဲမှုနှင့်ပတ်သက်၍ ရှင်းလင်းပါ။ ငယ်သောအရွယ်၌ တော်တော်များများ သုံး၍ အနည်းငယ်ကြီးလာလျှင် လျှော့၍သုံးသင့်ပါသည်။

၉။ ပွဲကြည့်ပရိသတ်ရှိရန် လိုပါသလား။

ကျောင်းကပွဲမှလွဲလျှင် မလိုပါ။ ကလေးများကို ဇာတ်သမားလေးများဖြစ်အောင် လေ့ကျင့်ပေးခြင်း၊ သင်ပြပေးခြင်းမဟုတ်ပဲ ကလေးတို့ကို သင်ကြားရေး၌ ပေါက်မြောက်၍ လူတော်လူကောင်းများဖြစ်အောင် ဇာတ်နည်းဖြင့် သင်ပြလေ့ကျင့်ပေးခြင်းဟူသော အဓိကရည်ရွယ်ချက်ကို မျက်ခြည်မပြတ်သင့်ပါ။

ပညာလောကစာစောင်၊
၁၉၇၁၊ အောက်တိုဘာလ။

❑

# ပုံပြင်နှင့် ကလေးပညာရေး

ပုံပြင်သည် ကလေးများ၏ ဖွံ့ဖြိုးမှုရရှိအောင် ပြုစုရာ၌ များစွာ အထောက်အကူပြုသည့်အတွက် အရေးပါသော အခန်းမှ ပါဝင်သည်ဟု ဆိုနိုင်ပါသည်။

ကလေးများအတွက် စာပေ၌ . . .

(၁) ဆိုစရာကဗျာ

(၂) နားထောင်စရာ ဖတ်စရာပုံပြင်နှင့်

(၃) သရုပ်ဆောင်စရာပြဇာတ်ဟူ၍

အခန်းသုံးခန်းပါရှိရာ ထိုသို့ ခွဲခြားထားသော အခန်းသုံးခန်းလုံးသည် ကလေးဖွံ့ဖြိုးမှုကို ပြုစုရာ၌ အထောက်အကူပြုသည်ချည်းသာဖြစ်ပါသည်။ ယခုဆောင်းပါး၌မူ ကလေးဖွံ့ဖြိုးမှုကို ပုံပြင်ဖြင့် ပြုစုလေ့ကျင့်ပေးပုံကို ဦးတည်၍ တင်ပြရန် ရည်ရွယ်ပါသည်။

## ပုံပြင်နှင့် ကလေးသဘာဝ

ပုံပြင်ကောင်းသည် ကလေးများအတွက် လက်ဆောင်ကောင်းဖြစ်ပါသည်။ မည်သည့်ကလေးမဆို နားထောင်ရန် နှစ်သက်ကြသည်။ သိတတ်ခါစ ကလေးသူငယ်များပင် အမိရင်ခွင်၌ ပုံပြင်နားထောင်ယင်း စကားလုံးအသစ်များ၊ စိတ်ကူးစိတ်သန်းအသစ်များ

တိုးပွားကြွယ်ဝလာကြသည်။ ပုံပြင်ကို နားထောင်ယင်း စိတ်ကူးမှုကို ဖြစ်စေသည်။ တွေးတောကြံဆမှုကို ဖြစ်စေသည်။ မှတ်ဉာဏ်ကိုလည်း ရင့်သန်တိုးတက်စေသည်။ ပုံပြင်၌ပါသော အကြောင်းအရာကိုလိုက်၍ ဝမ်းသာပျော်ရွှင်ခြင်း၊ အံ့သြခြင်း၊ အားတက်ခြင်း၊ လုံ့ခြုံနွေးထွေးခြင်း၊ ရဲရင့်ခြင်း စသည့် ခံစားမှုများကို တဖြည်းဖြည်း ရင့်သန်စေကာ ကလေး၏စိတ်ကို ဖွံ့ဖြိုးစေနိုင်လေသည်။

ကမ္ဘာ၌ကျော်ကြားသော ကလေးပုံပြင်များကို လေ့လာကြည့်လျှင် အဆိုပါကလေးပုံပြင်များသည် အနုပညာအလွန်မြောက်သည့်အပြင် အကြောင်းအရာမှာလည်း အလွန်ကောင်းမွန်ကြောင်း တွေ့ရှိရပေသည်။ ခင်နှင်းဖြူနှင့် လူပုကလေး ခုနစ်ယောက်ပုံပြင်ကို ကြားရလျှင် မည်သည့်ကလေးမဆို အပြစ်ကင်း ရိုးသားသော ခင်နှင်းဖြူကို မသနားပဲမနေနိုင်ကြပါ။ ယုတ်မာကောက်ကျစ်သော ဘုရင်မကြီးကို မမုန်းပဲ မနေနိုင်ကြပါ။ ခင်နှင်းဖြူတို့၏ တရားမျှတမှု မြင့်မြတ်မှုတို့က အောင်ပွဲဆင်နိုင်ကြောင်း ကြားရလျှင် ဝမ်းမမြောက်ပဲ မနေနိုင်ကြပါ။ ဤသို့ဖြင့် ခင်နှင်းဖြူသည် ကလေးတို့၏ရင်ထဲ၌ ခိုဝင်လျက် တရားမျှတမှုကို လိုလားစိတ်၊ ရိုးသားသန့်စင်မှုကို မြတ်နိုးစိတ်တို့ကို ဖြစ်ပေါ်စေလျက် ရှိပါသည်။ ခင်နှင်းဖြူလေးသည် ကလေးတို့၏ ရင်ထဲ နှလုံးထဲသို့ အချစ်စိတ် အကြင်နာစိတ်နှင့် ကောင်းမြတ်သောစိတ်တို့ကို မျိုးစေ့ချပေးလျက်ရှိပါသည်။ ဤသို့သော ကလေးတို့အတွက် လက်ဆောင်ကောင်း ပုံပြင်များကို ကမ္ဘာ့ကလေးစာပေ၌ များစွာတွေ့ရှိရပါသည်။ ကောက်ကာငင်ကာ ပုံစံပြရလျှင် အီစွတ်ပုံပြင်များ (Aesop's Fable)၊ အင်ဒါဆင်၏ နတ်သမီးပုံပြင်များ (Anderson's Fairy Tales)၊ တထောင့်တညမှ အာရပ်ညပုံပြင်များ (Arabian Nights Entertainments)၊ အဲလစ်၏ အိပ်မက်တိုင်းပြည် (Alice In Wonder-land;)၊ ရောဘင်ဆင်ခရူးဆိုး (Robinson Crusoe;)၊ ကစ်ပလင်း၏ တောမြိုင်လယ် (Just so

stories and jungle Book)၊ ဂရင်းညီနောင်ပုံပြင်များ (Grimm's Fairy Tales)၊ ဂျွန်နသန်ဆွစ်၏ ဂါလီဗားခရီးများ(Gulliver's Travels)၊ လီအိုတော်စတွိုင်း၏ ဗုံတိုနှင့် ပုံပြင်များ (Empty Drum and other stories)၊ စသည်တို့ဖြစ်ပါသည်။ ယခု ရုတ်တရက်ဖော်ပြလိုက်သော ပုံပြင်များသည် ကလေးများ၏ လိုအင်များကို ဖြည့်စွမ်းပေးနိုင်သဖြင့် နိုင်ငံမရွေးပဲ ကလေးတိုင်းက နှစ်သက်မြတ်နိုးလျက်ရှိပေသည်။

မြန်မာကလေးများအတွက်လည်း မြန်မာယဉ်ကျေးမှု အစဉ်အလာအရ လက်ဆောင်ကောင်း အမွေကောင်းများသဖွယ် လက်ခံရယူခဲ့သည်။ ကလေးပုံပြင်များစွာရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ နိုဝင်ဘာလထုတ် ဂန္ထလောကစာစောင်မှ စတင်ခဲ့သည်ဟု ယူဆရန်ရှိကြောင်း မှတ်သားရဖူးပါသည်။ ၎င်းစာစောင်မှ စ၍ ကလေးများအတွက် ကဏ္ဍတခုဖွင့်လှစ်ကာ သခင်ဘသောင်း၊ မင်းသုဝဏ်၊ နုယဉ်စသော ပုဂ္ဂိုလ်တို့က ကလေးကဗျာများ၊ ကလေးပုံပြင်များ စတင်ရေးသားခဲ့ကြကြောင်း မှတ်သားရပါသည်။ ဤသို့ဖြင့် ရှိရှင်းရိုးရာကလေး ပုံပြင်များလောကထဲသို့ ထင်ရှားသော ကမ္ဘာ့ကလေးပုံပြင်များ၊ မြန်မာနှင့် ကလေးပုံပြင်သစ်များ ပေါင်းဝင်၍လာခဲ့သည်ဟု ဆိုနိုင်ပါသည်။ မြန်မာ့ကလေးများအတွက် ပုံပြင်ကောင်းများ တိုးပွားလာခဲ့ပါသည်။ ဆက်လက်၍လည်း စာစောင်များ၊ စာအုပ်များတွင် ကလေးပုံပြင်များကို တယောက်တလက်အားဖြည့်၍ ရေးသားလာခဲ့ ကြပါသည်။ ကလေးများကို ချစ်မြတ်နိုးသော ဇဝန၊ ခင်မျိုးချစ်၊ ငွေတာရီ၊ မင်းယုဝေ၊ မောင်ကျော်သာ၊ ထွဏ်းနေနွယ်၊ မာလာသိန်း၊ ဒေါက်တာ မောင်ဖြူး၊ အရီး စောမုံညင်း၊ ဗန္ဓုရဝင်း စသည့် ပညာရှင်များက ဆက်လက်ပြုစုပေးခဲ့ရာမှ မြန်မာကလေးများအတွက် ပုံပြင်လောကသည် ယနေ့အခြေအနေအထိ ဖွံ့ဖြိုးတိုးတက်ခဲ့ခြင်း ဖြစ်ပါသည်။ ယခုလည်း ပုံပြင်ကောင်းများ ပေါ်ထွန်းတိုးပွားလာဆဲပင်ဖြစ်ပါသည်။

ကလေးပုံပြင်များကို ရေးသားပေးရာ၌ ရေးသားပေးသူတို့၏ စေတနာမှာ လေးစားဖွယ်ရာလည်း ဖြစ်ပေ၏။ အဘယ်ကြောင့် ဆိုသော် ကလေးစာပေကို မြတ်မြတ်နိုးနိုး ပြုစုပေးခဲ့သော ဆရာမင်းသုဝဏ်က ၁၉၆၅-ခုနှစ်၌ ထုတ်ဝေသည့် နှလုံးလှပုံပြင်များ စာအုပ်နိဒါန်းတွင် "ကျွန်ုပ်သည် ဤပုံပြင်တို့ကို ပြန်ဆိုရေးသားသည်မှာ ကိုယ်ချင်းစာတရားကို သတိပြုမိသောကြောင့် ဖြစ်ပါသည်" ဟု ပုံပြင်ရေးသားသူတို့၏ ရင်ထဲတွင်ရှိသော မိစိတ်ဖစိတ်၊ အချစ်စိတ် အကြင်နာစိတ်တို့ကို လေးလေးစားစား ဖော်ပြထားကြောင်း တွေ့ရှိရသောကြောင့် ဖြစ်သည်။

## ကလေးဖွံ့ဖြိုးမှုနှင့် ပုံပြင်

ကလေးများ၏ ဖွံ့ဖြိုးမှုကို ပုံပြင်သည် အဓိကအားဖြင့် အချက်နှစ်ရပ်ပါဝင်လျက် အထောက်အကူပြုလျက် ရှိသည်ဟုဆိုနိုင်ပါသည်။ အဆိုပါ အဓိကပါလျက်ရှိသော အချက်နှစ်ရပ်မှာ -

(က) ပုံပြင်နှင့် ကြားနာပြောဆို ဖတ်ရှုမှုဖြင့် ကလေး၏ ဘာသာစကား ဖွံ့ဖြိုးတိုးတက်စေခြင်း၊

(ခ) ပုံပြင်ကြားနာပြောဆိုဖတ်ရှုမှုဖြင့် ကလေး၏ စိတ်ခံစားပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ဟူ၍ ဖြစ်ပါသည်။

ကလေးများသည် ပုံပြင်ကို သူတပါးပြောပြ၍ ကြားနာရသည် ဖြစ်စေ ကိုယ်တိုင်ဖတ်ရှုရသည်ဖြစ်စေ၊ ကလေးများ၏ ဘာသာစကားစွမ်းရည်များ ဖွံ့ဖြိုးရန် ကြီးမားစွာ အထောက်အကူပြုလေသည်။ အထူးသဖြင့် မူလတန်းကြို ကလေးများနှင့် ကျောင်းနေစအရွယ် မူလတန်းကလေးများအတွက် ပုံနားထောင်ချိန်သည် အရေးကြီးသောအချိန်ဖြစ်သည်ကို သတိပြုသင့်ပါသည်။ ပုံပြင်နားထောင်ခြင်းဖြင့် ကလေးများ၏ ဘာသာစကား စွမ်းရည်ဖြစ်သည့် ဝေါဟာရ

အသစ်များ တိုးပွားလာခြင်း စကားသုံးနှုန်းပုံတို့ကို အလိုလိုသိရှိ တတ်မြောက်သွားစေခြင်း၊ စကားပြောရာ၌ အသံအလေးအပေါ့ အဖြတ်အတောက် မှန်ကန်စွာဖြင့် ပြောဆိုတတ်စေခြင်း၊ အပြော ကျွမ်းကျင်မှုအတွက် အထောက်အကူရရှိခြင်း၊ နားထောင်ရာမှ အချက်အလက်များကို၊ ကောက်ယူနားလည်တတ်သောအလေ့ကို တိုးပွားစေခြင်းတို့ကို ရရှိစေမည်ဖြစ်ပါသည်။

ကလေးများကိုယ်တိုင် ပုံပြင်များကို ဖတ်ရှုခြင်းဖြင့် ဝေါဟာရ တိုးပွားကြွယ်ဝလာခြင်း၊ စာဖတ်နှုန်း ကောင်းမွန်လျင်မြန်မှုကို ဖြစ် စေခြင်း၊ စာဖတ်၍ နားလည်မှုတိုးတက်ခြင်း၊ စာပေလေ့လာမှု ဝါသနာ အခြေခံရစေခြင်း၊ စာဖတ်ကျွမ်းကျင်မှုကို အားပေးခြင်း၊ စာရေးကျွမ်းကျင်မှုအတွက် အထောက်အကူပြုခြင်း စသည်တို့ကို ရရှိစေမည်ဖြစ်ပါသည်။

ယင်းသို့ ကလေး၏ ဘာသာစကားစွမ်းရည်များ ဖွံ့ဖြိုးနေချိန် ၌ တဖက်ကလည်း ကလေး၏စိတ်ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုများ ရရှိစေ နိုင်ပါသည်။ ပုံပြင်နားထောင်ဖတ်ရှုခြင်းဖြင့် ကလေးသည် ပုံပြင်၏ အကြောင်းအရာကိုလိုက်၍ ပျော်ရွှင်မှု၊ ဝမ်းမြောက်မှု၊ ချစ်ခင်မှု၊ ကြင်နာမှု၊ ရဲရင့်မှု၊ အားတက်မှု၊ အံ့ဩမှု စသည့် ခံစားမှုများကို ပြည့်ဝစွာ ခံစားနိုင်ပါသည်။ ဤသို့ဖြင့် ကလေးသည် အနုပညာ အလှရသကို ပုံပြင်အနေဖြင့် စတင်ခံစားနိုင်ခြင်းသည် ကလေး၏ စိတ်ခံစားမှုပြုစုရေး၌ အလွန်အရေးကြီးလှပါသည်။ ပုံပြင်များကို ကလေးတို့နှစ်သက်မှုကို အခြေပြု၍ ပုံပြင်များက တရားမှုနှင့် မတရားမှုကို ခွဲခြားနိုင်အောင်၊ တရားမှုကိုလိုလား၍ မတရားမှုကို ဆန့်ကျင်နိုင်အောင်၊ ဇွဲလုံ့လဖြင့် အားထုတ်တတ်အောင်၊ လောကဓံ ကို သည်းခံနိုင်အောင်၊ လူစွမ်းလူစကို တောက်ပြောင်လာအောင်၊ ရဲရင့်အောင်၊ ညွှန်ပြစေ့ဆော်ပေးနိုင်ပါသည်။ နံ့ကောင်နှင့် ပရွက် ဆိတ်ပုံပြင်သည် ဇွဲလုံ့လရှိမှုနှင့် ပျင်းရိမှု၊ ရွှေယုန်နှင့် ရွှေကျားပုံပြင်

သည် ရိုးသားမှုနှင့် ကောက်ကျစ်မှု၊ လက်မပံ့ပြင်သည် ရဲရင့်စွန့်စားမှု စသည်ဖြင့် ပုံပြင်ကခံယူအပ်သော ကိုယ်ကျင့်တရားများကို ကလေးနားလည်အောင် ညွှန်ပြစေဆော်ပေးခဲ့သဖြင့် ကလေးတို့၏ စိတ်နေသဘောထားပြုပြင်ရေး၌ အလွန်အရေးကြီးပါကြောင်း သိရှိနိုင်ပါသည်။ ကလေးစာရိတ္တပြုစုရာ၌ ပုံပြင်သည် အဓိက ကျလှပါသည်။

## ကလေးများအတွက် ပုံပြင်ရွေးချယ်မှု

ကလေးများအတွက် ပုံပြင်များကို ဆရာမိဘများက စီစစ်၍ ရွေးချယ်ပေးသင့်ပါသည်။ ပုံနားထောင်မည့် မူကြိုနှင့် သူငယ်တန်း ကလေးများအတွက် ပုံပြင်များကို ရွေးချယ်ပေးရာ၌

- ပုံပြင်၏ ရည်ရွယ်ချက်ကောင်းမွန်ခြင်း။
- ဇာတ်လမ်းဇာတ်ကွက်အရ မရှုပ်မရှုပ်လွန်းခြင်း။
- အများဆုံး ခုနစ်မိနစ်အတွင်း ပြီးစီးအောင် ပြောပြနိုင်ခြင်း။
- အဓိက ဇာတ်ကောင်သုံးကောင်ထက် ပို၍ မပါခြင်း။
- ကလေးအတွက် အလှမ်းဝေးသော နောက်ခံကား၊ အသိရခက်၍ နားမလည်နိုင်သေးသော အသုံးအနှုန်းများ လွတ်ကင်းခြင်း စသည့် အင်္ဂါရပ်များနှင့်ညီအောင် ရွေးပေးရန် သင့်ပါသည်။

ပုံပြင်များကို ဖတ်ရှုနိုင်မည့် ကလေးများအတွက် ပုံပြင်များကို ရွေးချယ်ပေးရာ၌ . . .

- ပုံပြင်၏ ရည်ရွယ်ချက်ကောင်းမွန်ခြင်း။
- ကလေးများနှင့် ကိုက်ညီသည့် ရေးသားတင်ပြမှု ပါရှိခြင်း။
- သရုပ်ဖော်ပုံများပါရှိခြင်း။

- ကလေး၏ အသက်အရွယ်၊ ကလေး၏ဉာဏ်ရည်၊ ကလေး၏ စိတ်ဝင်စားမှုနှင့် ကိုက်ညီစေခြင်း စသည့် အင်္ဂါရပ်များနှင့်ညီအောင် ရွေးသင့်ပါသည်။

ဤသို့ရွေးချယ်ရာ၌ ပုံပြင်၏ ရည်ရွယ်ချက် ကောင်းခြင်းဟူသော အချက်ကို မျက်ခြည်ပြတ်ရန် မသင့်ပါ။ နှာစေးနေသော ယုန်ကလေးပုံပြင်သည် လိမ္မာပါးနပ်မှုကို နမူနာပြသလိုလိုနှင့် လှည့်စားတတ်မှုကို အားပေးရာ ရောက်နေသလားဟူ၍ စဉ်းစားစရာ ဖြစ်နေပါသည်။ ထို့အတူ ကြွက်သေတခု အရင်းပြုပုံပြင်သည် ချွေတာမှုကို နမူနာပြသလိုလိုနှင့် ခေါင်းပုံဖြတ်မှုကို အားပေးရာရောက်နေသလားဟူ၍ စဉ်းစားစရာ ဖြစ်ပါသည်။

သို့ဖြစ်၍ ကလေးများအတွက် ဘာသာစကားဖွံ့ဖြိုးမှုနှင့် အသိစိတ်ဓာတ် ဖွံ့ဖြိုးမှုကို ထိရောက်စွာ အထောက်အကူပြုနိုင်မည့် ပုံပြင်များကို ရွေးချယ်၍ ကလေးပညာရေး၌ အသုံးပြုရန် သင့်လှပေသတည်း။

ပညာလောကစာစောင်၊
၁၉၇၉၊ ဇန်နဝါရီလ။

❑

# ကလေးကဗျာ သင်ကြားနည်း

## ရည်ရွယ်ချက်

ကလေးတွေကို ကဗျာသင်ကြားပေးတဲ့ ရည်ရွယ်ချက်များကို ဦးစွာဆန်းစစ်တင်ပြလိုပါတယ်။

ကလေးများကို ကဗျာသင်ကြားပေးတဲ့ ပထမဦးဆုံး ရည်ရွယ်ချက်ကတော့ ကလေးရဲ့ ဘာသာစကားဖွံ့ဖြိုးမှုများကို ပျော်ပျော်ရွှင်ရွှင်နဲ့ ရရှိစေနိုင်ရေးအတွက် အထောက်အကူပြုဖို့ ဖြစ်ပါတယ်။ ကဗျာရွတ်ဆိုမှုဟာ ကလေးရဲ့ အသံထွက်များကို ပီသမှန်ကန်ဖို့အတွက် အကူအညီပေးနိုင်ပါတယ်။ စကားအသုံးအနှုန်းတွေ တိုးပွားမှုအတွက် အထောက်အကူပြုပါတယ်။

ဒုတိယအချက်ကတော့ ကလေးအတွက် ပျော်ရွှင်မှုကို ရရှိစေဖို့ ဖြစ်ပါတယ်။ ပျော်ရွှင်မှုဟာ ကလေးအတွက် အရေးအကြီးဆုံး ဆုလာဘ်ဖြစ်ပါတယ်။ ပျော်ရွှင်နေတဲ့ကလေးဟာ ကိုယ်ခန္ဓာအရရော၊ စိတ်ဓာတ်အရပါ ကျန်းမာရွှင်လန်းနိုင်ပါတယ်။

တတိယအချက်ကတော့ ကလေးရဲ့ အလှအပကို မြတ်နိုးစိတ်၊ ယဉ်ကျေးသိမ်မွေ့တဲ့ စိတ်ဓာတ်စိတ်မြတ်ကောင်းများကို မွေးမြူရှင်သန်လာဖို့ ဖြစ်ပါတယ်။

ဒီရည်ရွယ်ချက်သုံးချက်ဟာ ကလေးကဗျာ သင်ကြားမှုအတွက် အဓိကကျတဲ့ အချက်သုံးရပ်လို့ သဘောရပါတယ်။

ဒါကြောင့် ကလေးတွေဟာ သူတို့အရွယ်နဲ့ကိုက်ညီတဲ့ ကဗျာကလေးများကို ရွတ်ဆိုပြီး စကားအသုံးအနှုန်း တိုးပွားလာပါလိမ့်မယ်။ အသံထွက်များ ပိုမို ပီသမှန်ကန်လာပါလိမ့်မယ်။ ကလေးဘဝမှာ အရေးကြီးလှတဲ့ ပျော်ရွှင်မှုကို ရရှိလာပါလိမ့်မယ်။ ဒီအပြင် ပတ်ဝန်းကျင်ကို သတိမူလိုစိတ်၊ သဘာဝအလှအပများကို မြတ်နိုးစိတ်၊ ယဉ်ကျေးသိမ်မွေ့တဲ့စိတ်၊ စည်းကမ်းလိုက်နာစိတ်၊ ကိုယ့်ထက်အားနည်းသူများကို ကြင်နာတတ်တဲ့ ကရုဏာစိတ် စတဲ့ စိတ်ဓာတ်ကောင်းများကို ရရှိဖို့အတွက်လဲ အထောက်အကူပြုနိုင်မယ် ဖြစ်ပါတယ်။ သည်လိုအချက်တွေကြောင့် ကလေးပညာရေးမှာ ကဗျာသင်ကြားပေးတဲ့ကိစ္စကို အလေးပေးပြီး ဆောင်ရွက်ပေးရခြင်း ဖြစ်ပါတယ်။

## ကဗျာရွေးချယ်ပေးမှု

ကလေးတွေကို သင်ကြားပေးမယ့် ကဗျာကို ရွေးချယ်ပေးရပါမယ်။ အထူးသဖြင့် မူကြိုအရွယ်ကလေးတွေအတွက် သင်ကြားမယ့်ကဗျာဟာ ပိုပြီးအရေးကြီးလှပါတယ်။ သင်ကြားပေးမယ့် ကလေးကဗျာများဟာ . . .

၁။ အသံသာယာပြေပြစ်ကောင်းမွန်မှုနဲ့

၂။ အကြောင်းအရပ် အချက်အလက် အခက်အခဲကင်းမှုဆိုတဲ့ ကောင်းခြင်းလက္ခဏာနှစ်ရပ်နှင့် ပြည့်စုံသင့်ပါတယ်။

ကလေးများဟာ အသံသာယာ ပြေပြစ်ကောင်းမွန်သင့်ပါ တယ်။ ဆရာမင်းသုဝဏ်၊ ဆရာတင်မိုးတို့ရဲ့ ကလေးကဗျာတွေကို နားထောင်ကြည့်ယင် သိနိုင်ပါတယ်။

ကလေးတွေကို မသင်ကြားခင် ဆရာကိုယ်တိုင် ရွတ်ဆိုကြည့်သင့်ပါတယ်။ မူကြိုကျောင်းများအတွက်ကတော့ ရွေးချယ်ပြဋ္ဌာန်းထားတဲ့ ကလေးကဗျာများ ရှိခဲ့ပါပြီ။ အလွန်သင့်လျော်တဲ့ ကလေးကဗျာလေးတွေပါပဲ။

ကဗျာပါ အကြောင်းအရာကလဲ အရေးကြီးလှပါတယ်။ တခါတခါ ကလေးအတွက် မြင့်မားတဲ့ အချက်အလက်တွေ ပါရှိနေတတ်ပါတယ်။ အသုံးအနှုန်းတွေ ပါနေတတ်ပါတယ်။

ဥပမာပြရယင် ကိုယ်ပိုင် မူကြိုကျောင်းတကျောင်းမှာ တပို့တွဲလအကြောင်း ကဗျာတပုဒ် သင်နေတာ ကြားရဘူးပါတယ်။ ဒီကဗျာထဲမှာ တပို့တွဲလရဲ့ အလှအပထက် ထမင်းနဲ့ထိုးနည်းမှာ ထည့်ရမယ့်ဆန်အချိုးအစား၊ ဆီ၊ မြေပဲ၊ အုန်းသီးထည့်ပုံကို အတည့်အကျထည့်ထားတယ်။ ဒီလိုကဗျာမျိုးဟာ ငယ်ရွယ်လှတဲ့ ကလေးတွေအတွက် သင်ပေးဖို့ စောသေးတယ်လို့ ထင်ပါတယ်။

## ကဗျာသင်ကြားမှု

ကလေးတွေကို ကဗျာရွတ်ဆိုသင်ကြားပေးရာမှာ တအုပ်စုလုံးရွတ်ဆိုစေမှု၊ အုပ်စုအတွင်း နှစ်ပိုင်းခွဲခြားပြီး အပြန်အလှန် တကြောစီ သီဆိုစေမှုနဲ့ တဦးချင်း သီဆိုစေမှုဆိုပြီး နည်းသုံးနည်းရှိပါတယ်။

အဲဒီမှာ သတိပြုစရာ အချက်နှစ်ချက်ရှိပါတယ်။ ပထမအချက်ကတော့ ကလေးကဗျာသီဆိုရာမှာ ကလေးက လုပ်ဆောင်ရမယ့်အမူအရာဖြစ်ပါတယ်။ တခါတရံ ဆရာရဲ့ ဝိရိယလွန်တဲ့အတွက်ကြောင့်ဖြစ်ဖြစ် ကလေးရဲ့ အတုယူလွဲမှုကြောင့်ဖြစ်ဖြစ် ကလေးရဲ့ကဗျာရွတ်ဆိုတဲ့ အမူအရာဟာ တန်ဆောင်တိုင်ပွဲတော်တွေမှာ တေးသရုပ်ဖော်စင်မြင့်က တေးသရုပ်ဖော် အမူအရာမျိုး ဆန်သွားတာကို တွေ့ရတတ်ပါတယ်။ ကလေးကို ကဗျာရွတ်သင်ပေးတဲ့

အခါမှာ ကလေးအရွယ်၊ ကလေးသဘာဝနဲ့ ကိုက်ညီတဲ့ အမူအရာမျိုးကိုသာ ဆရာက နမူနာပြပြီး လေ့ကျင့်ပေးသင့်ပါတယ်။

ဒုတိယအချက်ကတော့ ကလေးကဗျာရွတ်ဆိုမှုနဲ့ ကလေးသီချင်းဆိုမှုတို့ ခြားနားချက်ကို သတိထားပြီး လေ့ကျင့်ပေးဖို့ပါပဲ။

## ကလေးကဗျာရွတ်ပြိုင်ပွဲ အကဲဖြတ်ပုံ

ကလေးကဗျာပြိုင်ပွဲမှာ အကဲဖြတ်ရတာ သိမ်မွေ့လှပါတယ်။ ပြိုင်ပွဲစင်မြင့်ပေါ် တက်လာတဲ့ ကလေးတိုင်းကို စိတ်ဓာတ်မြှင့်တင်ပေးတဲ့အနေနဲ့ ဆုပေးသင့်ပါတယ်။ ဆုအတွက် ယှဉ်ပြိုင်သလိုဖြစ်တာမို့ ယှဉ်ပြိုင်တဲ့ကလေးတွေရဲ့စိတ်ထဲမှာ ထာဝစဉ် လုံ့ခြုံအားတက်နေဖို့ လိုပါတယ်။

ပြိုင်ပွဲအကဲဖြတ်ရာမှာ ပထမအချက်အနေနဲ့ ရဲရင့်သွက်လက်မှု၊ ဒုတိယအချက်အနေနဲ့ ရွတ်ဆိုမှု၊ တတိယအချက်အနေနဲ့ အမူအရာဆိုတဲ့ အချက်သုံးချက်အရ အကဲဖြတ်သင့်ပါတယ်။

ရဲရင့်သွက်လက်မှုကို အကဲဖြတ်ရာမှာ ပြိုင်ပွဲဝင်နေတဲ့ ကလေးရဲ့ ရဲရင့်သွက်လက်တဲ့ မျက်နှာဟန်ပန်၊ အသံစတဲ့ အချက်တွေပေါ်မှာ မူတည်ရမှာဖြစ်ပါတယ်။ ထူးချွန်တဲ့ ကလေးတွေဟာ ပြိုင်ပွဲစင်မြင့်ပေါ်ရောက်တဲ့အခါမှာ သူ့ရဲ့မျက်လုံး၊ မျက်နှာ၊ ဟန်ပန်၊ အမူအရာ၊ အသံတွေဟာ သူရဲ့ ရဲရင့်သွက်လက်မှု ထက်မြက်တာကို ပြနိုင်ပါတယ်။ သူဟာ သတ္တိရှိတယ်။ အကြိမ်ကြိမ် လေ့ကျင့်ပိုင်နိုင်ပြီး ဖြစ်တယ်ဆိုတဲ့ သူ့ကိုယ်သူ ယုံကြည်အားထားမှုကို ပြသနိုင်ပါတယ်။ (ကလေးရဲ့ ရဲဝံ့တဲ့စိတ်ဓာတ်ကို အမှတ်ပေးခြင်း ဖြစ်ပါတယ်)

ရွတ်ဆိုမှုကို အကဲဖြတ်ရာမှာ ပြိုင်ပွဲဝင်နေတဲ့ ကလေးရဲ့ အသံပီသမှု၊ အသံသာယာမှု၊ အသံကောင်းမွန်မှု၊ အဖြတ်အတောက် မှန်ကန်မှု စတဲ့အချက်တွေကို စဉ်းစားအကဲဖြတ်ရမှာ ဖြစ်ပါတယ်။ (ကလေးရဲ့ အသံကို အမှတ်ပေးခြင်း ဖြစ်ပါတယ်)

အမူအရာကို အကဲဖြတ်ရာမှာ ကလေးရဲ့ အမူအရာမှာ အပို အလိုမရှိပဲ ကလေးရဲ့ သဘာဝအရွယ်နဲ့ ကိုက်ညီမှု ရှိ၊ မရှိ ကဗျာ ကို ပေါ်လွင်အောင် ဘယ်လိုဆက်စပ် သရုပ်ဖော်နိုင်သလဲဆိုတဲ့ အချက်တွေကို စဉ်းစားရပါတယ်။ တေးသရုပ်ဖော်ဆန်တဲ့ အမူ အရာမျိုးကို အားမပေးသင့်ပါဘူး။ (ကလေးရဲ့ အမူအရာကို အမှတ် ပေးခြင်းဖြစ်ပါတယ်)

ကလေးကဗျာရွတ်ဆိုမှုကို အကဲဖြတ်ရာမှာ ကလေးရဲ့ ပင် ကိုယ်ရည်နဲ့ မသက်ဆိုင်တဲ့ ကဗျာရဲ့ ရည်ရွယ်ချက်ကို အမှတ်ပေး အကဲဖြတ်တာမျိုး၊ ကလေးရဲ့ ဝတ်စားပုံကို အမှတ်ပေးအကဲဖြတ် တာမျိုးကို လုံးဝရှောင်ရှားသင့်ပါတယ်။ ဒီကိစ္စနှစ်ရပ်ကို ကျော်လွှား နိုင်ဖို့ ယှဉ်ပြိုင်ဖို့ ကဗျာကို အနည်းဆုံး သုံးပုဒ်လောက် ရွေးချယ် သတ်မှတ်ရပါ့မယ်။ ကဗျာရွတ်ယှဉ်ပြိုင်တဲ့ ကလေးဟာ ကျောင်း ဝတ်စုံနဲ့သာ ဝတ်စားဆင်ယင် ယှဉ်ပြိုင်ရမယ်လို့ ကြိုတင်ကြေငြာ ပြီး ဖြစ်ရပါ့မယ်။ ဒီအချက် နှစ်ချက်ဟာ သိပ်အရေးကြီးလှပါတယ်။

ကလေးကဗျာသင်ကြားမှုဟာ ကလေးဖွံ့ဖြိုးမှုအတွက် အရေး ကြီးလှတဲ့အတွက် ဒီအခွင့်အရေးကို ထိရောက်အောင် အသုံးချ လေ့ကျင့်သင့်ပါကြောင်း အကြံပေးလိုပါတယ်။

(လူမှုဝန်ထမ်းဦးစီးဌာန၊ မူကြိုဆရာများ ဌာနတွင်း မွန်းမံသင်တန်း၌ (၂၆-၅-၈၁) နေ့တွင် ဆွေးနွေး ခဲ့သော စာတမ်းအကျဉ်းချုပ်)

❑

# ကလေးများနှင့် ဂီတရသခံစားမှု

နိုင်ငံသားကောင်းတယောက်ဖြစ်အောင် လေ့ကျင့်ပေးရာ၌ အနုရသခံစားမှုဖွံ့ဖြိုးရန် ပြုစုပေးရေးသည်လည်း အရေးပါလှပေသည်။ ကလေးလူငယ်များ အနုရသခံစားမှု ရရှိရေးကို လေ့ကျင့်ပေးရာတွင် ဂီတသင်ကြားလေ့ကျင့်မှုသည် အစွမ်းထက်မြက်မှုရှိသော နည်းလမ်းတရပ်အဖြစ် သဘောထားပေသည်။

ဂီတလေ့ကျင့်မှု၏ ရည်ရွယ်ချက်များမှာ အမိနိုင်ငံနှင့် ပြည်သူကို ချစ်မြတ်နိုးအောင် ဂီတဖြင့် လှုံ့ဆော်လေ့ကျင့်ရန်၊ အကျင့်စာရိတ္တ ကောင်းမွန်မြင့်မားမှုအတွက် လေ့ကျင့်နိုင်ရန်နှင့် ရသ ခံစားမှု အရည်အသွေးများ ဖွံ့ဖြိုးလာစေရန် စသည်တို့ဖြစ်ပါသည်။ ဤ ရည်ရွယ်ချက်များအရ ကလေးသူငယ်များအား ဂီတခံစားမှု၊ ရင့်သန်ဖွံ့ဖြိုးမှု၊ အနုပညာရသ ခံစားမှုများရရှိရန် လေ့ကျင့်ပေးကြရပေမည်။ ကလေးသူငယ်များ၏ ဂီတဆိုင်ရာ စွမ်းရည်များဖြစ်သော ဂီတကို နားဆင်တတ်မှု၊ စည်းဝါးများ၏ သဘောနားလည်မှု၊ ဂီတ စိတ်ကူးများ ဖွံ့ဖြိုးမှုနှင့် ကိုယ်တိုင်သီဆိုတီးမှုတ်နိုင်မှုများကိုလည်း လေ့ကျင့်ပေးကြရမည် ဖြစ်ပေသည်။

သံပြိုင်သီဆိုမှုသည် ကလေးသူငယ်များအား ဂီတသင်ကြားပေးရာ၌ အခြေခံအကျဆုံး လုပ်ငန်းတရပ်ဖြစ်သည်။ သံပြိုင်သီဆိုမှုသည် ဂီတစွမ်းရည်များကို တိုးမြှင့်စေရုံသာမက စုပေါင်းညီညွတ်မှု၊ ရင်းနှီးမှု၊ အချင်းချင်း အပေးအယူသဘောထားဖြင့် နားလည်မှုတို့ကို ဖွံ့ဖြိုးစေသည်။ ထို့ပြင် ကားလ်မတ်က "ဂီတကို ကြားတတ်သော နားမရှိသူတို့အတွက် လှပသောဂီတသံသည် အဓိပ္ပာယ်မဲ့သည်သာဖြစ်၏။" ဟု ဆိုမိန့်ခဲ့သည့် အချက်ကိုပါ ထည့်သွင်းစဉ်းစားကြရသည်။ သို့ဖြစ်၍ ဂီတသံကို ကောင်းစွာကြားတတ်၊ ခံစားတတ်သော နားအကျင့်ကိုပါ ကလေးများအား လေ့ကျင့်ပေးကြရမည်ဖြစ်သည်။

ကလေးသူငယ်များအား ဂီတသင်ကြားပေးရန် အစီအစဉ်များရေးဆွဲရာ၌ အထူးသတိပြုရန်လိုသည်။ ရွေးချယ်ထားသော တေးသီချင်း၏ သဘောတရား အယူအဆ၊ အနုပညာပြောင်မြောက်မှု၊ ကလေးများအတွက် သင့်လျော်ဟပ်စပ်မှုနှင့် ကလေးများကိုယ်တိုင် သီဆိုတီးမှုတ်နိုင်မှု စသော အချက်များကို ချိန်ထိုးစိစစ်ရန် လိုပေသည်။

ဂီတကို နားထောင်တတ်သော နားအကျင့်သည် ဂီတရသ ခံစားမှုနှင့် ရရှိရေးအတွက် အရေးပါလှသည်။ ဂီတခံစားမှုအတွက် စွမ်းရည်များကို ဖွံ့ဖြိုးစေနိုင်၍ ဂီတဆိုင်ရာ ဗဟုသုတများကို တိုးပွားစေနိုင်စေသည်။ သို့ဖြစ်၍ ဂီတသင်ရိုးမာတိကာ၌ နားအကျင့်ရရှိအောင် လေ့ကျင့်သောအခန်းကို ပထမဦးဆုံး ထည့်သွင်းထားရသည်။ ဂီတသင်ရိုး မာတိကာထဲ၌ သီဆိုရန် တေးသီချင်းများနှင့် နားထောင်ရန် တေးသီချင်းများဟူ၍ သတ်မှတ်ခွဲခြား ထည့်သွင်းထားပေသည်။ ထို့အပြင် ကျောင်းပြင်ပအချိန်များ၌ အကြောင်းအားလျော်စွာ သီဆိုနိုင်ရန် တေးသီချင်းအချို့ကိုလည်း နောက်ဆက်တွဲအဖြစ် ဖော်ပြထားပါသည်။

ဂီတလေ့ကျင့်မှုမှာ သိမ်မွေ့လှပေသည်။ သီဆိုသော သီချင်းများသည် သီဆိုသူအတွက်သာမက နားထောင်သောသူများအတွက်ပါ ခံစားနိုင်ရမည်ဟူသောသဘောကို အလေးအနက်ထားရှိသည်။ ထို့အပြင် သီချင်းဆိုသောအခါ ထားရှိသည့် ကိုယ်နေကိုယ်ထားပုံစံသည်လည်း သီဆိုမှုကို အကျိုးသက်စေကြောင်း ဂရုပြုရသည်။ သီချင်းသီဆိုရာ၌ ဦးခေါင်းနှင့် ကိုယ်ကို လွတ်လပ်စွာနှင့် ဖြောင့်မတ်စွာထားရှိရန်၊ အသံပြင်းပြင်းဆိုရာ၌ ကိုယ်ခန္ဓာမပင် ပန်းရန်အတွက်လည်း သတိပြုကြရမည်ဖြစ်၏။ အကောင်းဆုံး အနေအထားမှာ မတ်တတ်ရပ်၍ သီဆိုခြင်းဖြစ်သည်။

ကလေးသူငယ်များ၏ အသံထွက်သောအင်္ဂါများ မထိခိုက်စေရန် ကျယ်လောင်စွာ သီဆိုမှုမျိုးကိုလည်း အားမပေးသင့်ချေ။ ဤသို့ သီဆိုမှုမျိုးသည် ကလေးသူငယ်များအား ပင်ပန်းနွမ်းနယ်စေနိုင်ပေသည်။ တဖန် ဆရာများ၏ ကျယ်လောင်စွာ သင်ကြားပေးမှုမျိုးသည်လည်း ကလေးသူငယ်များ၏ အကြားနှင့် အာရုံများကို ပင်ပန်းစေပေသည်။

တေးသီချင်းကို ပီသစွာ မဆိုနိုင်တတ်သေးသော ပထမတန်းမှ ကလေးများအား အထူးဂရုစိုက်ရန်လိုသည်။ အချို့ကလေးများသည် အချို့အသံများကို ပီသမှန်ကန်စွာ မဆိုနိုင်ကြချေ။ သို့သော် အလယ်တန်းဆင့်ရောက်လာသော ကျောင်းသားများအနေဖြင့် သီချင်းတေးသွားကို မှန်ကန်ပီသစွာ မဆိုနိုင်ပါက ယင်းသို့မဆိုနိုင်ခြင်းသည် လေ့ကျင့်မှုအားနည်းခြင်း၊ ဂရုပြုနားထောင်မှု နည်းပါးခင်း၊ အသံများကို နားထောင်လျက် မခွဲခြားတတ်ခြင်း၊ နှုတ်နှင့် နားအကျင့်များ မဆက်စပ်မိခြင်းတို့ကြောင့် ဖြစ်နိုင်ပါသည်။ ဤအခြေအနေမျိုး၌ အချိန်ယူ၍ လေ့ကျင့်ပေးသင့်ပါသည်။ တခါတရံ၌ ကလေးများ၏ အသံမပီသခြင်း၊ အသံမအောင်ခြင်းတို့သည်

ခံတွင်းရှိ အင်္ဂါတို့မှ အနာရောဂါတို့ကြောင့် ဖြစ်တတ်သောကြောင့် ဆရာဝန်များနှင့်လည်း တိုင်ပင်ပြသရန် သင့်ပေသည်။

အသက် ၁၂ နှစ် ၁၃ နှစ်အရွယ်ရောက်သော ကြီးကောင်ဝင်စသို့ ကူးပြောင်းစဖြစ်သည့် တပည့်များအား တေးသီချင်းလေ့ကျင့်ရာ၌ ထိုတပည့်များ၏အသံများ အောလာမှု၊ အသံများ စူးရှလာမှုတို့ကြောင့် တေးသီချင်း သင်ကြားမှုတွင် ဂရုပြုရပြန်သည်။ အသံများကို အားစိုက်၍ မဆိုစေရန်နှင့် သက်တောင့်သက်သာနှင့် လွတ်လပ်စွာ သီဆိုတတ်စေရန်ကိုသာ စီစဉ်ပေးသင့်ပေသည်။ အရွယ်ကူးပြောင်းစကာလများ၌ အသံထွက် အင်္ဂါစုများ မထိခိုက်ရန် သင့်လျော်သော လွယ်ကူရှင်းလင်းသည့် တေးသီချင်းများကိုသာ ရွေးချယ်ပေးရမည်။ အထူးသဖြင့် မိန်းကလေးများမှာ လည်ချောင်း၊ လည်မျိုများ ကြီးထွားမှု နှေးကွေးတတ်သဖြင့် ပို၍ ဂရုစိုက်သင့်သည်။

ပထမတန်း ကလေးများကို လွယ်ကူသော ဂီတသင်္ကေတများဖြင့် တေးသီချင်းများကို သင်ကြားပေးရာသည်။ အတန်းကြီးလာသည်နှင့်အမျှ တဖြည်းဖြည်း အချိန်ယူ၍ ဂီတသင်္ကေတဖြင့် သီဆိုမှုကို ပိုမိုအားပေးရန် ရှိသည်။ သင်ရိုးမာတိကာ၌လည်း ဂီတသင်္ကေတများကိုကြည့်၍ သီဆိုရန် သီချင်းများ ထည့်သွင်းထားသည်။ သီချင်းသီဆိုမှု၊ နားထောင်မှုနှင့် ဂီတသဘောတရား လေ့လာမှုတို့သည် ဆက်စပ်မှုရှိသော လုပ်ငန်းဖြစ်စေရမည်။ တေးသီချင်းသင်ခန်းစာတခုသည် ထိုလုပ်ငန်းများကို ပေါင်းစည်းထားမှုသာ ဖြစ်သင့်ပေသည်။

ဂီတလေ့လာမှုအတွက် အထောက်အကူပစ္စည်းများကိုလည်း ထိရောက်စွာ အသုံးပြုရန်ရှိပေသည်။ သင်ရိုးမာတိကာ၌ နားဆင်ရန် ဖော်ပြထားသည့် တေးသီချင်းများကို အသံသွင်းထားသော မာတ်ပြားများ၊ အသံသွင်းကြိုးခွေများ ပြုလုပ်ထားရှိရသည်။ ၎င်း

တေးဂီတများမှာ ဂီတအနုပညာကျော်များ၏ လက်ရာကောင်းများ ပင်ဖြစ်သည်။ ဂီတဆိုင်ရာ ပညာပေး ရုပ်ရှင်ကားများကိုလည်း ထုတ်လုပ်ရသည်။ နံရံကပ် ကားချပ်များ၊ တေးဂီတပညာရှင်များ၏ ဘဝသရုပ်ဖော် အယ်လဗန်များကို ပြုစုထုတ်လုပ်ရသည်။ ဂီတပညာပေးမှုသည် ကျောင်းပရဝုဏ်မှ ကျော်လွန်၍ ကပွဲများ ရုပ်ရှင်ရုံများနှင့် အသံလွှင့်ရုံများအထိ ကျယ်ပြန့်အောင် ရောက်ရှိသွားသင့်ပေသည်။ သို့ဖြစ်၍ အချို့ကျောင်းများ၌ ဂီတဝါသနာအသင်းများဖွဲ့စည်းခြင်း၊ ဂီတနံရံကပ်စာစောင်များ ထုတ်ဝေခြင်း၊ ဂီတဟောပြောမှုများ ပြုလုပ်ခြင်း၊ ကပွဲရုံများသို့ သွားရောက်လေ့လာခြင်းနှင့် ဂီတပွဲတော်များ ကျင်းပခြင်းတို့ကို ဆောင်ရွက်ကြသည်။ ကျောင်းပြင်ပလုပ်ငန်းများသည်လည်း ကျောင်းတွင်းလုပ်ငန်းများကို အထောက်အကူပြုပေသည်။ ယင်းလုပ်ငန်းများကို အတန်းပိုင်ဆရာများနှင့် ကျောင်းသားလူငယ်ခေါင်းဆောင်များက ဦးစီး၍ ဆောင်ရွက်နိုင်ပေသည်။

ဂီတဆိုင်ရာ လုပ်ငန်းများကို ဂီတဆရာကသာလျှင် ဦးဆောင်မှုပေးနိုင်သည် မဟုတ်ချေ။ အတန်းဆရာများကလည်း ဦးဆောင်မှုပေးနိုင်သည်သာဖြစ်ပေသည်။ ဆရာများအားလုံးက ကလေးများ ဂီတရသ ခံစားမှုရရှိနိုင်ရေးအတွက် အားတက်စွာ ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ ကလေးသူငယ်များ၏ အနုရသ ခံစားနိုင်မှု စွမ်းရည်သည် တိုးတက်ဖွံ့ဖြိုးလာနိုင်မည် ဖြစ်ပေသည်။

(၁၉၆၆ ခု၊ ဆိုဗီယက်ယူနီယံ Proseveshcheniye Publishing House မှ ထုတ်ဝေသော Singing Syllabi for Eight-year School စာတမ်းမှ ထုတ်နုတ် မြန်မာပြန်ဆိုသည်။)

သုတပဒေသာ၊
၁၉၇၇၊ အောက်တိုဘာလ။

❏

# စာဖတ်ရန် အသင့်ဖြစ်ခြင်း

ကျောင်းအပ်ပြီး၍ အတန်းထဲသို့ ပထမဆုံး ဝင်ရောက်လာသောကလေးကို စာအဖတ် စတင်သင်ကြားပေးမှုနှင့် ပတ်သက်၍ ပညာရေးသုတေသီများ၊ ဘာသာစကားသင်ကြားရေး ဆရာအဆူဆူ ပါရဂူများက စဉ်းစားလာခဲ့ကြပါသည်။ ဤသို့ စဉ်းစားခဲ့ကြ၊ ထုတ်ဖော်ခဲ့ကြ၊ ကြံဆောင်ခဲ့ကြသောအခါ ကလေးများသည် စာဖတ်မသင်ယူခင် ပြင်ဆင်လေ့ကျင့်ချိန် ကာလတရပ် ရှိအပ်သည်ကို တွေ့ရှိကြပါသည်။ ထိုပြင်ဆင်လေ့ကျင့်ချိန် ကာလ၌ စာဖတ်ရန် အသင့်ဖြစ်ခြင်းအတွက် လေ့ကျင့်ပေးသည်ကို တွေ့ရှိကြပါသည်။

ကလေးများ၏ ဖွံ့ဖြိုးမှုမှန်သမျှသည် အဆင့်ဆင့်ဖြစ်ရမည်ဟူသော အချက်မှာ ထင်ရှားပြီးသားဖြစ်ပါသည်။ ထိုအဆင့်ဆင့် ဖွံ့ဖြိုးမှုကို လူကြီးများက လေ့ကျင့်ရယူသင့်သည်ဟူသော အချက်မှာလည်း ထင်ရှားပြီးသား ဖြစ်ပါသည်။ ကလေးသည် လမ်းမလျှောက်တတ်ခင် မတ်တတ်ရပ်တတ်ရပါမည်။ မပြေးတတ်ခင် လမ်းလျှောက်တတ်ရပါမည်။ ထို့အတူ စာဖတ်မသင်ယူခင် စာဖတ်သင်ယူရန် အဆင်သင့်ဖြစ်နေရပါမည်။

ကလေးသည် အတွေ့အကြုံအသစ်တရပ်ကို အကျိုးရှိစွာ ရယူနိုင်ရန် စိတ်နှင့်ကိုယ် နှစ်ဌာနလိုအင်များနှင့် ဖွံ့ဖြိုးမှုများအပေါ်၌ မူတည်နေပါသည်။ ကလေးတို့သည် ဘာသာစကားသင်ယူမှုကို မစ,ခင် စိတ်နှင့်ကိုယ် လိုအင်များသည် နှိုးဆော်ပြီး ပြင်ဆင်ပြီး ဖြစ်ရပါမည်။ စိတ်နှင့်ကိုယ် ဖွံ့ဖြိုးမှုများသည် ရှင်သန်ပြီး နိုးကြားပြီး ဖြစ်ရပါမည်။

ဤသို့ စိတ်နှင့်ကိုယ် လိုအင်များ ဖွံ့ဖြိုးမှုများ ပြင်ဆင်နိုးကြားလေ့ကျင့်ပြီးသောအခါ၌ စာဖတ်စာရေး သင်ကြားမှုသည် ပို၍ထိရောက်နိုင်ပါသည်။ ပေါက်မြောက်နိုင်ပါသည်။ အောင်မြင်နိုင်ပါသည်။

စာဖတ်မသင်ယူခင် ကလေးသည် ဆိုင်ရာအာရုံများ ဖွံ့ဖြိုးပြီးဖြစ်သင့်ပါသည်။ အကြားနှင့်ပတ်သက်၍ငင်း၊ အမြင်နှင့် ပတ်သက်၍ငင်း၊ အပြောနှင့်ပတ်သက်၍ငင်း၊ လှုပ်ရှားနိုင်မှုနှင့် ပတ်သက်၍ငင်း အဆင်သင့် ဖြစ်သင့်ပါသည်။ စာဖတ်ရန် အသင့်ဖြစ်ခြင်းအတွက် လေ့ကျင့်ရန်တို့ကို အောက်၌ ဖော်ပြပါမည်။

## ၁။ အတွေ့အကြုံသစ်များ ရရှိစေခြင်း

ကလေးတို့သည် အနီးကပ်ဆုံးလောကထဲမှ အတွေ့အကြုံများကို ရယူထားရပါမည်။ ကျောင်းဝိုင်းထဲရှိ သစ်ပင်အောက်၌ စုဝေးထိုင်၍ စကားပြောခြင်း၊ ပတ်ဝန်းကျင် လေ့လာမှုသဘောကို ဆရာက ရှင်းပြခြင်း၊ အလှမ်းမဝေးသော ဈေး၊ ရပ်ကွက်၊ ဒေသ၊ စခန်း၊ လမ်း စသည်တို့ကို လေ့လာရေးသွားခြင်း စသည်တို့ဖြစ်ပါသည်။ ဤအတွေ့အကြုံသစ်များ ရယူလျှင် ကလေးတို့သည် လေ့လာမှု အကြားအမြင်တို့နှင့် ရင့်သန်လာနိုင်ပါသည်။ ဝေါဟာရအသုံးအနှုန်း၌ ယဉ်ပါးလာနိုင်ပါသည်။

## ၂။ ကဗျာ သီချင်း သီဆိုစေခြင်း

သီချင်းကဗျာသီဆိုခြင်းသည် ဘာသာစကား သင်ယူမှုအတွက် အကျိုးများလှပါသည်။ အသံမြင့်၊ အသံနိမ့်၊ အသံပြင်း၊ အသံပေါ့နှင့် မှန်ကန်စွာ အသံထွက်တတ်နိုင်သည်။ ဝေါဟာရသစ်၊ အသုံးအနှုန်းသစ်များကို အလိုအလျောက် တတ်မြောက်ရယူနိုင်သည်။ နှုတ်လျှာသွက်လက်၍ ဘာသာစကား ပြောဆိုရာ၌ များစွာ အထောက်အကူဖြစ်သည်။ ဘာသာစကား သင်ယူရာ၌ ပျော်ရွှင်နိုင်သည်။ ကဗျာက ခံစားမှုကို ပြုပြင်၍ လိုလားအပ်သော အတွေ့အကြုံကို ရစေပါသည်။

ကလေးများအတွက် ကဗျာကို ရွေးချယ်ပေးရာ၌ အသံသာ ခြင်း၊ ရွတ်ဆိုကောင်းဖွယ်ရှိခြင်း၊ မြည်သံစွဲစကားများပါခြင်း၊ အတွေးအခေါ် အယူအဆ အသင်အပြ၌ ကလေးသဘာဝနှင့် ကိုက်ညီနိုင်ခြင်း စသည့် အင်္ဂါရပ်များနှင့် ချိန်ထိုးရန် လိုပါသည်။

## ၃။ အမှတ်တံဆိပ်များ ချိပ်ကပ်ခြင်း

ပထမလုပ်ငန်းမှာ ကလေးများ၏ နာမည်များကို ကပ်ပြားများ၌ ရေးပေး၍ သူတို့၏အင်္ကျီတွင် ဆရာက ချိတ်ပေးထားရန် ဖြစ်ပါသည်။ ကလေးများသည် ဤကား ကို၊ ဤကား မောင်၊ ဤကား မ စသည်ဖြင့် မဖတ်နိုင်ကြသော်လည်း စာ၏ အရစ်အပင့် သဏ္ဌာန်ကို ကျက်မိလာနိုင်ပါသည်။ သူ့အမည်ကား ဤသို့ရေးထားသည်။ ငါ့အမည်ကား ဤသို့ရေးသားသည်ဟု သိနေခြင်းသည် ရှေ့အတွက် ကောင်းသော၊ လိုအပ်သော သိခြင်းဖြစ်ပါသည်။ နောက်တဖြည်းဖြည်း အမည်ကပ်ပြားများကို စုပုံထားသောအခါ ကိုယ့်အမည်ကို ရွေးတတ်သည်အထိ ကလေးတို့ သိလာနိုင်ပါသည်။

ဒုတိယအလုပ်မှာ အတန်းထဲရှိ ပစ္စည်းများပေါ်၌ ဆိုင်ရာ အမည်များရေးထားသည့် စက္ကူများ၊ ကပ်ပြားများ ကပ်ထားခြင်း

ဖြစ်သည်။ ကလေးတို့သည် အက္ခရာကို မသိနိုင်ခင် လက္ခဏာကို သိရန်လိုအပ်ပါသည်။ ဤအလုပ်နှစ်ခုသည် အကျိုးမဲ့မဟုတ်ဟု ယုံကြည်ထားရန် လိုပါသည်။

## ၄။ အခန်းကို ပြင်ဆင်ခြင်း

ကလေးတို့ သင်ယူမှုပြုရာအခန်းသည် ကလေးတို့ မြင်အပ်သောအရာများ၊ တွေ့အပ်သော အရာများဖြင့် ခင်းကျင်းပြင်ဆင်ထားရပါမည်။ ပြက္ခဒိန်များ၊ စာအုပ်စာတန်းများမှ နှစ်သက်ဖွယ်ရာ ရုပ်ပုံများကို ဖြတ်ယူ၍ အတန်းနံရံများ၌ ကလေးများနှင့်အတူ ကပ်ထားရပါမည်။ ကလေးတို့သဘောကျသော ပုံများကို မေး၍သာ ကပ်ထားသင့်ပါသည်။ ဤပုံများနှင့်တွဲ၍ ကဗျာတို၊ စာတိုများ ရေးထားရန်လည်း လိုအပ်ပါသည်။

## ၅။ ပုံပြောခြင်း

ကလေးများ နှစ်သက်မည့် ပုံပြင်များကို ပြောပြရပါမည်။ ပုံပြောချိန် တချိန်ရှိရမည်။ ပုံပြင်သည် မတိုလွန်း၊ မရှည်လွန်းဖြစ်၍ သနားဖွယ်ရာ၊ ရယ်မောဖွယ်ရာ ဇာတ်လမ်းများ ဖြစ်သင့်ပါသည်။ နမူနာယူဖွယ်ရာ သင်ခန်းစာပေး ဇာတ်လမ်းများ ဖြစ်သင့်ပါသည်။

ကလေးကိုယ်တိုင်ကိုလည်း ပုံပြောနိုင်သော အခွင့်အလမ်းများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။

## ၆။ လက်တွေ့လေ့ကျင့်ခြင်း

အောက်၌ ဆက်လက်၍ ကလေးတို့ကိုယ်တိုင် လက်တွေ့လေ့ကျင့်ရန် လေ့ကျင့်မှုများကို ဖော်ပြပါမည်။ ဤလေ့ကျင့်မှုများကို ညွှန်ပြထားသော အညွှန်းများအရ ကလေးတို့ကို လေ့ကျင့်စေရန် ဖြစ်ပါသည်။ ဆရာက အညွှန်းများကို သေချာရေရာစွာ ပြောပြ၍ ပုံစံတခု လုပ်ပြရပါမည်။

## (က) ဆင်တူဆင်ကွဲ၊ အိုးခြမ်းကွဲ

အိုးခြမ်းကွဲများကို ရှာဖွေ၍ တချို့ကိုအဝိုင်း၊ တချို့ကို လေးထောင့်၊ တချို့ကို သုံးထောင့် စသည်ဖြင့် ပုံအမျိုးမျိုး ဖြစ်အောင်လုပ်ပါ။ သဘော်ဆေးနှင့် ပုံသဏ္ဌာန်တမျိုးလျှင် တရောင်စီသုတ်ပါ။ ထိုအရောင်အမျိုးမျိုး၊ ပုံအမျိုးမျိုး အိုးခြမ်းကွဲများကို ရောပုံထားပါ။ လုပ်ဆောင်ရန်မှာ ကလေးတို့သည် ဆင်တူအရွယ်နှင့် ပုံစံကို ရွေးထုတ်၍ ပြန်ပုံပေးရန် ဖြစ်သည်။ ပို၍ အသက်ဝင်စေရန်မှာ ကလေးများကို အုပ်စုခွဲပါ။ တအုပ်စုလျှင် အရေအတွက်တူသော ဆင်တူဆင်ကွဲ ရောထားသည့် အိုးခြမ်းကွဲများကို အချိုးကျပေးပါ။ အမြန်ဆုံး အမှန်ဆုံး ရွေးပုံနိုင်သောအုပ်စုကို အနိုင်ပေးပါ။

## (ခ) ဆင်တူယှဉ်တွဲ အိုးခြမ်းကွဲ

ရော၍ပုံထားသော အိုးခြမ်းကွဲထဲမှ ဆင်တူများကို ညီညာစွာယှဉ်တွဲပေးရန်ခိုင်းခြင်းဖြစ်သည်။ အဝိုင်း - အဝိုင်းချင်းတွဲ။ သုံးထောင့်-သုံးထောင့်ချင်းတွဲ။ အုပ်စုခွဲ၍ပြိုင်သော အစီအစဉ်ကို လည်းလုပ်ပေးပါ။

## (ဂ) အမြင်ထက်မြက်၊ လျှပ်တပြက်

ကပ်ပြားချပ်များရှာ၍ ၎င်းအပေါ်၌ အဝိုင်းပုံ လေးထောင့်ပုံ၊ တရိဂံပုံ၊ ဆဋ္ဌဂံပုံသဏ္ဌာန်များ ၂ × ၂ လက်မအရွယ်ခန့်ဖြစ်အောင် ကပ်ကျေးဖြင့်ကိုက်ပါ။ နောက် ၂ × ၂ လက်မ အရွယ် ကပ်ပြားများပေါ်၌ က-လ-ယ-ပ-ဂ-ဟ-သ-မ-ဖ-ဆ-ထ ဟူသော အက္ခရာများကိုလည်း ထင်ရှားစွာ လက်ရေးဖြင့်ရေးပါ။ နောက် ၂ လက်မ × ၂ လက်မအရွယ် ကပ်ပြာများပေါ်၌ နေပုံ၊ လပုံ၊ ငါးပုံ၊ လူပုံ စသောလွယ်ကူသည့် ပုံများကို ဆွဲထားပါ။

၎င်းနောက်၊ ၎င်းကပ်ပြားလေးများကိုရော၍ ပုံထားပါ။

ၦင်းနောက် ထိုပုံများကို မကြည့်ပဲ ဆရာ့ကိုကြည့်ရန် ကလေးများအား ပြောပါ။ ဆရာက သင်ပုန်းကြီးပေါ်၌ ကလေးများရှေ့မှာရှိသော ကပ်ပြားထဲမှ ပုံသဏ္ဌာန်တခုကို အမြန်ဆွဲပြလိုက်ပါ။ ဆရာဆွဲသည်ကို ကလေးတို့ ကြည့်ကြပါစေ။ ကလေးတို့ ကြည့် မကြည့်လည်း ဆရာက သတိထား၍ ကြည့်ပါ။

ဆရာဆွဲပြီးသောအခါ သေသေချာချာကြည့်ကြပါဟု ပြောပြီး တမိနစ်နှင့် ၂-မိနစ်အတွင်း ဆွဲထားသောပုံကို ဖျက်လိုက်ပါ။ ထိုဆွဲသောပုံမျိုးကို ကပ်ပြားပုံထဲမှ ရှာထုတ်ခိုင်းပါ။

သတိပြုရန် (၂) ချက်မှာ စာအက္ခရာများကို နောက်ဆုံးမှ ရွေးထုတ်ခိုင်းရန်နှင့် ကလေးတို့ကို ကြည့်ခွင့်ပေးသောအချိန်ကိုလည်း တဖြည်းဖြည်း လျော့သွားရန် ဖြစ်ပါသည်။

## (ဃ) အက္ခရာတူ၊ ရွေးစုယူ

၂ လက်မ × ၂ လက်မ ကပ်ပြားများပေါ်၌ က မှ အ အထိ အက္ခရာများကို ပီသစွာရေးပါ။ ကပ်ပြားများစွာ လိုပါလိမ့်မည်။ ကပ်ပြားများပေါ်၌ အက္ခရာများကို ရေးရာ၌ ကြီးသည့်အခါကြီး၊ သေးသည့်အခါသေး စသည်ဖြင့် အရွယ်အမျိုးမျိုး ဖြစ်ပါစေ။

အက္ခရာတူ လက္ခဏာတူများကို ရွေးထုတ်၍ ပုံကြရန် စီစဉ်ခိုင်းပါ။ အုပ်စုယှဉ်ပြိုင်မှုကို စီစဉ်ပေးပါ။

## (င) တူရာစပ်ဆက်၊ လျှပ်တပြက်

၂ လက်မ × ၂ လက်မ ကပ်ပြားလေးများကို အကွေ့အပိုင်း အစွေအစောင်း ပုံသဏ္ဌာန်အမျိုးမျိုးကို တမျိုးစီ နှစ်ပိုင်းဖြတ်ပါ။ ၎င်းနှစ်ပိုင်းတွင် တပိုင်း၌ အက္ခရာအကြီး၊ တပိုင်း၌ အက္ခရာအငယ် ရေးပါ။ ထိုအပိုင်းဖြတ်များကို စုပုံထားပါ။ ပြီးလျှင် တူရာကိုစပ်၍ ဆက်ခိုင်းပါ။

## (စ) ရွှေနား ငွေနား၊ မှန်ရာကြား

ကလေးတို့စကား မပီသခြင်းမှာ အများအားဖြင့် အကြားမပီသခြင်းကစ၍ ဖြစ်တတ်ပါသည်။ လှေလှော်ကို လေလော်ဟု ရေးလည်းရေးသည်။ ဖတ်လည်းဖတ်သည်။ ပြောလည်းပြောသည်။ အလားတူ ဥပမာများကို ကြည့်ပါ။ ဆီ၊ ဆန်၊ ဆားကို စီ၊ စန်၊ စား။ ချိုချင်ကို ရှိုရှင်၊ အမှားအမှန်ကို အမားအမန် စသည်ဖြင့် ဖြစ်ပါသည်။

ဤလေ့ကျင့်ခန်း၌ ကလေးများနားထောင်ရန် ခိုင်းခြင်းဖြစ်သည်။ အမှားကိုမကြားပဲ အမှန်ကိုကြားတတ်ရန် ဖြစ်ပါသည်။ ဆရာသည် အသံထွက်အားဖြင့် လွဲတတ်သောဝါကျတိုနှစ်ကြောင်း သို့မဟုတ် ဝေါဟာရနှစ်လုံးကို ကလေးတို့အားလုံးကို ကြည့်၍ ပီသဖြေးလေးစွာဆိုပြပါ။ ဘယ်ဟာမှန်သလဲဟု မေးကာ ကလေးတို့၏ အဖြေကို ရယူပါ။ မေးရာ၌ တတန်းလုံးကို ခြုံမေးသည့်အခါ မေးပါ။ တဦးချင်းကို မေးသည့်အခါ မေးပါ။

၁။ (က) သွားနာသလား
(ခ) တွားနာသလား

၂။ (က) ဆီ ဆန် ဆား
(ခ) စီ စန် စား

၃။ (က) အရှင်ဟင်း
(ခ) အချင်ဟင်း

၄။ (က) ရှောက်သီး
(ခ) ချောက်သီး

၅။ (က) ရှိုရှင်
(ခ) ချိုချင်

၆။ (က) အမားအမန်
(ခ) အမှားအမှန်

၇။ (က) လေလော်သလား
(ခ) လှေလှော်သလား

၈။ (က) မိုးရှုပ်ပြီ
(ခ) မိုးချုပ်ပြီ

၉။ (က) အချေ့ဘက်
(ခ) အရှေ့ဘက်

၁၀။ (က) ရှစ်စရာ
(ခ) ချစ်စရာ

၁၁။ (က) ရွှံ့ပေ၏
(ခ) ချွံ့ပေ၏

ဤအလားတူ သဘောတူ လေ့ကျင့်ခန်းများကိုလည်း ဆရာတို့က တီထွင်ပေးရန် ရှိပါသည်။

## (ဆ) သဲပေါ်စာရေး၊ ဝိုင်းဝိုင်းလေး

သဲလင်ပန်းပေါ် သဲသင်ဖျူးပေါ်၌ ကလေးတို့ ဝလုံးများ ရေးကြပါစေ။ ရေးရင်းလည်း ဝ-ဟု ဆိုကြပါစေ။ ထို ဝ ရေးနေစဉ် ဝ နှင့်ပတ်သက်သော ကဗျာတိုများ သင်ပေးသင့်ပါသည်။ ဤတွင် ကဗျာဆရာတင်မိုး၏ သဘောကောင်းတဲ့ ဝလုံးကဗျာကို ဆိုစေ၍လည်း ရေးသားလေ့ကျင့်စေနိုင်ပါသည်။ အလားတူ ကဗျာမျိုးကို ဆရာက ရှာဖွေ စုဆောင်းထားရပါမည်။

လာပါအုံး - လာပါအုံး
အဆွေကိုဝလုံး

လာပါအုံး - လာပါအုံး
အဆွေကိုဝလုံး
ကိုဝလုံးလေး ကတုံးတို
မျက်နှာပြုံးချိုချို
ပြုံးချိုချိုမို့ လာပါအုံး
အဆွေကိုဝလုံး။

## (၉) မတူရာခြစ်၊ မျဉ်းတားပစ်

မတူသည့် အရာဝတ္ထုတခု ယှဉ်တွဲ၍ပါလာသော ရုပ်ပုံများကို ဆရာကဆွဲထားရပါမည်။ စာကူးစက်ဖြင့် လှိမ့်ထားနိုင်က အကောင်းဆုံးဖြစ်သည်။ ကလေး၏အလုပ်မှာ မတူသည်ကို ခြစ်ပစ်ရန် ဖြစ်ပါသည်။

စာဖတ်ရန် အသင့်ဖြစ်ရာ၌ ကိုယ်ခန္ဓာအရနှင့် စိတ်ဓာတ်အရပါ ကြိုတင်လေ့ကျင့် ပြင်ဆင်ထားခြင်း ဖြစ်အပ်သည်ဟူ၍ အထက်၌ အထပ်ထပ်ဆိုခဲ့ပြီးလည်း ဖြစ်သည်။ လေ့ကျင့်ရန် အစီအစဉ်များ၌လည်း ကလေးတို့အာရုံကို ရင့်သန်စေ၊ နိုးကြားစေ၊ လှုပ်ရှားစေအောင် ဦးတည်ထားပြီးလည်းဖြစ်သည်။

မြန်မာဘာသာစကား သင်ကြားရေး ပိုမိုထိရောက်အောင် ဤစာဖတ်ရန် အသင့်ဖြစ်ခြင်းအတွက် ပြင်ဆင်ချိန်ကာလကို အကျိုးရှိရှိ ရယူအသုံးချနိုင်ရန်မှာ ဆရာတို့၏ အဓိကတာဝန်တရပ်ဖြစ်သည်ဟု သတိချပ်ရပေမည်။

ပညာတန်ဆောင်မဂ္ဂဇင်း၊
၁၉၇၃၊ ဖေဖော်ဝါရီလ။

❑

# ကလေး၏ ဘာသာစကားဖွံ့ဖြိုးမှု

စကားတတ်ခါစ ကလေးတဦးရဲ့ စကားကိုကြားရတဲ့ မိဘဆွေမျိုးများအတွက် ဒီစကားသံဟာ အသာယာဆုံး တေးသံပါပဲ။ တကယ်တော့ ဒီစကားတတ်မြောက်မှုနဲ့အတူ ကလေးရဲ့ ဘာသာစကားဖွံ့ဖြိုးမှုတွေ ဖွံ့ဖြိုးရရှိလာခြင်း ဖြစ်ပါတယ်။ ကလေးရဲ့ အတွေ့အကြုံ များပြားလာသလို ဘာသာစကားလဲ ဖွံ့ဖြိုးလာခြင်းဖြစ်ပါတယ်။ ကလေးကို အာဟာရပြည့်ဝအောင် ကျန်းမာအောင် ပြုစုရသလို ဘာသာစကားဖွံ့ဖြိုးအောင်လဲ ပြုစုလေ့ကျင့်ကြရပါတယ်။

ဘာသာစကား သုတေသနအလွန်ထွန်းကားတဲ့ နိုင်ငံများမှာ ကလေးရဲ့ ဘာသာစကားဖွံ့ဖြိုးမှုနဲ့ ပတ်သက်ပြီး သုတေသနပြုမှုများ အတော်လုပ်နေကြတာကို တွေ့ရပါတယ်။ ကလေးရဲ့ အပြောစကားမှာ ဝါကျစနစ် ဘယ်လိုပါရှိသလဲ။ ကလေးရဲ့ အသံထွက်ပုံအစဉ်ဘယ်လိုရှိသလဲ။ ကလေးရဲ့ ဝေါဟာရ ဘယ်လိုတိုးတက်လာသလဲ။ ကလေးရဲ့ စကားပြော ပြဿနာများ ဘယ်လိုတိုးတက်လာသလဲ။ ကလေးရဲ့ စကားပြော ပြဿနာများကို ဘယ်လိုဖြေရှင်းနိုင်သလဲ။ စသည်ဖြင့် အတော်စုံလင်ပါတယ်။ တချို့ကတော့ ကလေးရဲ့ ငိုကြွေးသံရဲ့ အနက်အဓိပ္ပာယ်ကိုတောင် သုတေသနပြုကြကြောင်း လေ့လာရပါတယ်။

ဒီလို ကလေးရဲ့ ဘာသာစကားဖွံ့ဖြိုးမှုဆိုင်ရာ တွေ့ရှိချက်ဟာ ကလေးရဲ့ ပညာရေးအတွက် အလွန် အကျိုးပြုနိုင်ပါတယ်။ ကျွန်တော်တို့ဆီမှာလဲ ဒီလိုသုတေသနမျိုး ထွန်းကားလာဖို့ လိုပါတယ်။

## မူကြိုအရွယ် ကလေးငယ်

မူလတန်းကြိုကျောင်းများကို ရောက်လာတဲ့ ကလေးငယ်တွေမှာ ဤဘာသာစကားနဲ့ပတ်သက်တဲ့ အခြေခံစွမ်းရည်များကို ဖွံ့ဖြိုးပြီးဖြစ်ပါတယ်။ သူသိတဲ့စကားနဲ့ အကြောင်းအရာတခုကို ဖော်ပြနိုင်ပါတယ်။ ဒီအချိန်မှာ ကလေးရဲ့စကားတတ်မှုဟာ အလွန်အံ့သြဖွယ်ကောင်းလှတယ်၊ စကားဉာဏ်ရည် ထက်မြက်ပုံဟာ ညတွင်းချင်း ပန်းကလေးတွေ ဖူးပွင့်လာသလို ဝေဆာသစ်ဆန်းလှပါတယ်။

မူကြိုကျောင်းများမှာတော့ ဘာသာစကားဖွံ့ဖြိုးမှုကို သင်ရိုးနဲ့ ပြုစုလေ့ကျင့်ပေးကြရပါတယ်။ ဒါကြောင့် မူကြိုအရွယ် ကလေးတွေကို -

- စကားသံများအား အနီးကပ်ဆုံးနဲ့ အမှန်ကန်ဆုံး ပြောဆိုသုံးနှုန်းတတ်အောင်၊
- သူတပါးပြောတာကို နားလည်အောင်၊
- ကိုယ်ပိုင်စကားလုံး တိုးပွားလာအောင်၊
- ကလေးကိုယ်တိုင် ပြောဆိုရဲ ပြောဆိုတတ်အာင်၊
- ကလေး၏ စိတ်ကူးဉာဏ်ရင့်သန်လာအောင်၊
- စာရေးစာဖတ် အဆင်သင့်အောင် လေ့ကျင့်ပေးကြရပါမယ်။

ဒါကြောင့် မူကြိုအရွယ် ကလေးများရဲ့ ဘာသာစကားဖွံ့ဖြိုးမှုအတွက် လေ့ကျင့်ရာမှာ ပုံပြင်၊ သီချင်းနဲ့ ကဗျာဟာ အလွန်အရေးကြီးကြောင်း တွေ့ရှိရပါတယ်။ ကလေးတွေ နားလည်နိုင်မယ့်

ပုံပြင်မျိုးကို ရွေးချယ်ပြီး ကလေးတွေ ကြားနာစေဖို့နဲ့ သင့်လျော်ရာ ကဗျာလေးတွေ သီဆိုတတ်စေဖို့ လိုပါတယ်။ ကဗျာ၊ ပုံပြင်၊ သီချင်း အပြင် ကလေးရဲ့ ကစားချိန်များဟာလဲ ကလေးရဲ့ ပျော်ရွှင်မှုကို ရစေတဲ့အပြင် စိတ်ကူးဉာဏ်နဲ့အတူ ဘာသာစကားကိုပါ ဖွံ့ဖြိုးစေ နိုင်ပါတယ်။ ကလေးနဲ့ ဘာသာစကားဖွံ့ဖြိုးမှုအတွက် လေ့ကျင့်မယ့် နည်းလမ်းများကတော့ ပုံပြင်နားထောင်ခြင်း၊ ပုံပြောခြင်း၊ ကဗျာ သီချင်းရွတ်ဆိုခြင်း၊ စကားအခြေအတင်၊ အမေးအဖြေ လေ့ကျင့် ခြင်း၊ ကစားခြင်း၊ ပတ်ဝန်းကျင်လေ့လာခြင်း၊ နှုတ်ဆက်ခြင်း စတဲ့ နည်းလမ်းအထွေထွေပဲ ဖြစ်ပါတယ်။

## မူလတန်းအရွယ် ကလေးငယ်

ငါးနှစ်အရွယ်မှာ သူငယ်တန်းကို ဝင်လာတဲ့ ကလေးဟာ သူရဲ့ အတွေ့အကြုံကိုလိုက်ပြီး အကြားအနာစွမ်းရည်နဲ့ အပြောအဆို စွမ်းရည်များ ရရှိခဲ့ပြီးဖြစ်ပါတယ်။ မူကြိုကျောင်းများမှာ နေခွင့်ရတဲ့ ကလေးများကတော့ ဒီစွမ်းရည်နှစ်ရပ်မှာ ထူးခြားစွာ ဖွံ့ဖြိုးပြီးဖြစ် ပါတယ်။ ဒါပေမယ့် မူကြိုကျောင်းမှာ ဝင်နိုင်တဲ့ ကလေးများဟာ အရေအတွက် အလွန်ပဲ နည်းလှတဲ့အတွက် မူလတန်းကျောင်းဝင် ခါစ ငါးနှစ်အရွယ် ကလေးများကို အကြားအနာနဲ့ အပြောအဆို စွမ်းရည် ပိုမိုဖွံ့ဖြိုးစေဖို့ လေ့ကျင့်ပေးကြရပါတယ်။

မူလတန်းအရွယ်ကလေးကို ပြုစုလေ့ကျင့်ရာမှာ စနစ်တကျ ရေးဆွဲထားတဲ့ အစီအစဉ်များရှိကြရပါတယ်။ ဒီအစီအစဉ်များဟာ ကလေးများရဲ့ ဘာသာစကားကျွမ်းကျင်မှု လေးရပ်ကို ဖွံ့ဖြိုးစေ အောင် လေ့ကျင့်ပေးနိုင်တဲ့ အစီအစဉ်များ ဖြစ်ပါတယ်။

အနာအကြား ကျွမ်းကျင်မှုနဲ့ အပြောအဆို ကျွမ်းကျင်မှုဟာ ယှဉ်ပြိုင်ဖွံ့ဖြိုးရမယ့် ကျွမ်းကျင်မှုနှစ်ရပ် ဖြစ်ပါတယ်။ ဒီကျွမ်းကျင်မှု

နှစ်ရပ်အပေါ် မူတည်ပြီး အဖတ်ကျွမ်းကျင်မှုနဲ့ အရေးကျွမ်းကျင်မှု ဖွံ့ဖြိုးလာရပါတယ်။

အဖတ်ကျွမ်းကျင်မှုမှာလဲ အရွယ်အလိုက်၊ အဆင့်အလိုက် ဖတ်နည်းမှန်မှန် ဖတ်တတ်အောင်၊ စာဖတ်နှုန်း မြန်သင့်သလောက် မြန်အောင် အစီအစဉ်တကျရှိဖို့ လိုပါတယ်။

အရေးကျွမ်းကျင်မှုမှာတော့ အဆွဲအငင် မှန်ကန်အောင်၊ လက်ရေးပီသညီညာအောင်၊ စာလုံးပေါင်းသတ်ပုံ မှန်ကန်အောင်၊ ဝါကျဖွဲ့နိုင်အောင် အဆင့်ဆင့် လေ့ကျင့်ပေးဖို့ ရှိပါတယ်။

ကလေးရဲ့စိတ်ခံစားမှုကို ပြုပြင်ပေးနိုင်တဲ့ ရသစာပေ သဘောရှိတဲ့ စာပေများကိုပဲ ကလေးများ စတင်ဖတ်ရှုနိုင်ဖို့ စီစဉ်ပေးရပါမယ်။ ကလေးရဲ့ ဉာဏ်ရည်ထက်မြက်မှုနဲ့ အတွေးအခေါ် ဖွံ့ဖြိုးမှုတို့ဟာ ကလေးရဲ့ ဘာသာစကားဖွံ့ဖြိုးမှုမှာ အတော်မူတည်နေပါတယ်။ ဒါကြောင့် အိမ်မှာဖြစ်စေ၊ မူကြိုကျောင်းရဲ့ ဥယျာဉ်တွင်းမှာဖြစ်စေ၊ မူလတန်းကျောင်း ပရဝုဏ်အတွင်းမှာဖြစ်စေ၊ ကလေးရဲ့ ဘာသာစကားဖွံ့ဖြိုးမှုများရရှိဖို့ စနစ်တကျ လေ့ကျင့်နိုင်အောင် စီစဉ်ပေးဖို့လိုကြောင်း ဆွေးနွေးလိုပါတယ်။

(မူကြိုကျောင်းများမွမ်းမံသင်တန်း၌ ဆွေးနွေးချက်)

❑

## မြန်မာစကားမပြောသော
## တိုင်းရင်းသားကလေးများအတွက် မြန်မာစာသင်ကြားမှု

**မြန်မာဘာသာစကား၏ ယနေ့အနေအထား**

မြန်မာဘာသာစကားသည် ကျွန်ုပ်တို့ပြည်ထောင်စုတဝှန်းတွင် ဆက်သွယ်မှုနှင့် ပို့ချမှုမဏ္ဍိုင်ကြီးများ ဖြစ်နေပါသည်။ ဆက်သွယ်မှုမဏ္ဍိုင် ဖြစ်သည့်အလျောက် ပြည်ထောင်စုသားများသည် ပြည်သူ့စီမံခန့်ခွဲရေးရာ ကိစ္စရပ်များ၊ အခမ်းအနားများ၊ အစည်းအဝေးများတွင် မြန်မာဘာသာစကားဖြင့် နှီးနှောပြောဆိုခြင်း၊ မှတ်တမ်းတင်ခြင်းတို့၌ အသုံးချရပါသည်။

ပို့ချမှုမဏ္ဍိုင် ဖြစ်သည့်အလျောက် အခြေခံပညာရေး သူငယ်တန်းမှသည် အထက်တန်း ပညာရပ်များအထိ မြန်မာဘာသာစကားဖြင့် ပြုစုပို့ချခြင်း၊ စစ်ဆေးခြင်းများ ပြုရပါသည်။ သို့ဖြင့် မြန်မာဘာသာစကားသည် ပြည်ထောင်စုသားများ၏ ချစ်ကြည်ရင်းနှီးရေး၊ အသိပညာ ကြွယ်ဝဖွံ့ဖြိုးရေး၊ ကုန်ထုတ်လုပ်ငန်းများ၌ အားသစ်ကျွမ်းကျင်မှုသစ်များ လေ့ကျင့်ရရှိရေးအတွက် အရေးပါသော ယာဉ်ရထားသဖွယ် ပါဝင်တည်ရှိနေပါသည်။

ကျွန်ုပ်တို့၏ အခြေခံပညာရေး မူလတန်းဆင့်၌ မြန်မာဘာသာစကား သင်ကြားမှုကိစ္စရပ်ကို ဆွေးနွေးရပါလျှင် -

(က) မြန်မာစကားကို နေ့စဉ်အိမ်သုံးဘာသာစကားအဖြစ် ပြောဆိုသုံးနှုန်းနေသော ကလေးများအတွက် မြန်မာစာသင်ကြားခြင်းကိစ္စ (Teaching of Burmese For Burmese Speaking Children) နှင့်

(ခ) မြန်မာစကားကို နေ့စဉ်အိမ်သုံးဘာသာစကားအဖြစ် ပြောဆိုသုံးနှုန်းခြင်းမရှိသော ကလေးများအတွက် မြန်မာစာသင်ကြားခြင်းကိစ္စ (Teaching of Burmese for Non-Burmese Speaking Children)

ဟူ၍ နှစ်ပိုင်းနှစ်ရပ် ခွဲခြားဆွေးနွေးရမည် ဖြစ်ပါသည်။ ပထမကိစ္စရပ်မှာ ဆွေးနွေးမှုများခဲ့ပြီဖြစ်၍ ဒုတိယကိစ္စရပ်ကိုသာ ဤဆောင်းပါး၌ အကျယ်တဝင့် ဆွေးနွေးရန် ရည်စူးပါသည်။

မိမိ၏ မိခင်ဘာသာစကား (Mother Tongue) ကို အိမ်ပတ်ဝန်းကျင်၌ ပြောဆိုခဲ့ပြီး၊ စာသင်ကျောင်း၌ ကျောင်းသင် ဘာသာစကားတရပ် ထပ်မံသင်ကြားရသော နှစ်ဘာသာသုံးနှုန်း (Bilingual) သည် ကလေးများအတွက် ဘာသာစကားသင်ပြမှုသည် စနစ်ကျသော သင်ပြမှုဖြစ်မှသာ ထိရောက်အောင်မြင်နိုင်ပါသည်။

ပြည်ထောင်စုအတွင်း တောင်ပေါ်ဒေသအချို့ နယ်များ၌ မြန်မာဘာသာစကားကို အိမ်သုံးဘာသာစကားအဖြစ် နေ့စဉ်ပြောဆိုခြင်းမရှိကြချေ။ မြန်မာဘာသာစကားသည် သူတို့အတွက် ဒုတိယဘာသာစကား (Second Language) ဖြစ်နေပေရာ သာမန်သင်ပြနည်းများဖြင့် သင်ကြားပေးရာ၌ တတ်မြောက်မှုတွင် နှောက်နှေးမှု မထိရောက်မှုများကို ရင်ဆိုင်ကြရတတ်ပါသည်။

ဤသို့သော တိုင်းရင်းသားကလေးများအား ယခုလက်ရှိ ဖတ်စာအုပ်ကိုပင် အသုံးပြု၍ သင်ပြပေးရာတွင် ဆရာ၊ ဆရာမများက

စနစ်ကျသော ချဉ်းကပ်မှုများဖြင့် အားထုတ်သင်ကြားနိုင်ပါမှ ယင်းတိုင်းရင်းသားကလေးများသည် မြန်မာဘာသာစကားကို မြန်မြန်တတ်လာမည်။ မြဲမြဲတတ်သွားမည်။ မှန်မှန်တတ်ခဲ့မည်ဟု ဆိုချင်ပါတော့သည်။

## စနစ်ကျသော ချဉ်းကပ်မှုများ

စနစ်ကျသော ချဉ်းကပ်မှုဆိုရာ၌ ထူးထွေသည့်အံ့ရာသော နည်းလမ်းများ မဟုတ်ဘဲ ထိရောက်မှုကို ရှေ့ရှုသည့် လွယ်ကူပြတ်သားသော နည်းလမ်းများသာဖြစ်ပါသည်။ ရည်ရွယ်ချက်၌လည်း ပြတ်သားသော နည်းလမ်းများဖြစ်ပါသည်။ ဤသို့သော ချဉ်းကပ်မှုကို အောက်ပါအတိုင်း အဆင့် ၄ ဆင့်ခွဲခြား တင်ပြလိုပါသည်။

အဆင့် ၁။ စာဖတ်စာရေး အသင့်ဖြစ်ရန် လေ့ကျင့်ခြင်း။
အဆင့် ၂။ အပြောစကား လေ့ကျင့်ခြင်း။
အဆင့် ၃။ သင်ကြားခြင်းနှင့် စစ်ဆေးခြင်း။
အဆင့် ၄။ သင်ကြားမှု အထောက်အကူများ သုံးစွဲခြင်း။

အဆိုပါ အဆင့်လေးဆင့် ခွဲခြားထားမှုနှင့်ပတ်သက်၍ အသေးစိတ် ဆွေးနွေးပါမည်။

### ၁။ စာဖတ်စာရေး အသင့်ဖြစ်ရန် လေ့ကျင့်ခြင်း

ဒုတိယဘာသာစကားရပ်ကို ကျောင်းသုံးဘာသာစကားအဖြစ် ထပ်မံသင်ယူရသော ကလေးများအတွက် အသင့်ဖြစ်စေရန် ပြင်ဆင်လေ့ကျင့်ချိန်တရပ်ကို မုချစီစဉ်ပေးထားရမည် ဖြစ်ပါသည်။ ထိုပြင်ဆင်ချိန်ကာလ၌ စာဖတ်ခြင်း စာရေးခြင်းကို လုံးဝမသင်ပြမီ ကလေးတို့အတွက် လိုအပ်သော ပြင်ဆင်မှုများကို စီမံဖန်တီးပေး

ရမည်ဖြစ်ပါသည်။ လိုအပ်သော ပြင်ဆင်မှုများမှာ စာဖတ်စာရေး ကျွမ်းကျင်မှုအတွက် အခြေခံကောင်းများ၊ ကိုယ်ဖွံ့ဖြိုးမှုနှင့် စိတ်ဖွံ့ဖြိုးမှုများကို ပြုစုပျိုးထောင်ပေးခြင်းဖြစ်ပါသည်။ အခြေခံကောင်းများကို သင့်တင့်လုံလောက်သော အတိုင်းအတာရှိသည့် ပြင်ဆင်ချိန်ကာလ၌ ပြည့်ဝစွာ ရရှိစေရမည်ဖြစ်ပါသည်။

ဤစာဖတ် စာရေးအသင့်ဖြစ်မှုအတွက် လေ့ကျင့်ရာ၌ ကလေးတို့သည် မြန်မာဘာသာစကားဆိုင်ရာ အကြားအနာကျွမ်းကျင်မှု (Listening Skill) နှင့် အပြောအဆိုကျွမ်းကျင်မှု (Speaking Skill) တို့ကို အသက်အရွယ်အလိုက် အထိုက်အလျောက်ရရှိစေခြင်း၊

အရွယ်အစား အတိုင်းအတာ လက္ခဏာပုံပန်းတို့၏ မတူညီမှု၊ တူညီမှုကို ခွဲခြားသိရှိခြင်း၊

မြန်မာဘာသာစကားမှ မတူညီသော အသံများကို ခွဲခြားသိရှိထားခြင်း၊ လက်ချောင်းကလေးများ သန်မာလာစေခြင်း၊

ထိုမှတဆင့် မိမိသင်ယူရမည့် ဘာသာစကား၏ အသံများ၊ လက္ခဏာများ၊ အသုံးအနှုန်းများကို ကြားဘူး မြင်ဘူး ရင်းနှီးဘူးသော ထိတွေ့မှုများ အထိုက်အလျောက် ရရှိစေခြင်းတို့ကို ဦးတည်၍ လေ့ကျင့်ကြရမည်ဖြစ်ပေသည်။

ဤပြင်ဆင်ချိန်ကာလကို အနည်းဆုံး တပါတ်မျှရယူကာ အကျိုးရှိစွာ ဆောင်ရွက်သင့်ပါသည်။ လက်တွေ့လေ့ကျင့်နိုင်သော အစီအစဉ်များမှာ . . .

(က) **အရွယ်အစား ခွဲသိထား ။** ။ အရွယ်တူသော အဝိုင်း လေးထောင့်ကပ်ပြားများ၊ သစ်ရွက်များ၊ ကျောက်စရစ်တုံးများကို အသုံးပြု၍ အရွယ်တူများကို ရွေးထုတ်၍ တစုစီတပုံစီ ခွဲခြားစေရန် ဖြစ်ပါသည်။

(ခ) **နာမည်တံဆိပ်၊ ရင်မှာချိတ်။** ။ အတန်းထဲရှိ ကလေးများ၏ အမည်များကို ကပ်ပြားပေါ်တွင် ရေး၍ ကလေးများ၏ ရင်ပတ်ပေါ်တွင် ချိတ်ဆွဲပေးထားပါ။

ကလေးသည် မြန်မာလိုရေးထားသော သူ၏ နာမည်ကို သူ့ဖာသာသူ ဖတ်ကြည့်ပါမည်။ ဘာအက္ခရာမှမတတ်သေးမီ သူ့နာမည်ကို သူဖတ်၊ သူငယ်ချင်းများ၏ နာမည်ကိုဖတ်ဖြင့် ကလေးသည် စိတ်တက်ကြွအားရထက်သန်နေပါလိမ့်မည်။

အက္ခရာများကို မသိမီပင် လက္ခဏာ အမှတ်အသားများကိုသိကာ ဖွံ့ဖြိုးလာခြင်း ဖြစ်ပါသည်။ ကလေးသည် တပါတ်အတွင်း ကိုယ့်အမည် သူ့အမည် ခွဲခြား ရွေးချယ်နိုင်သည်အထိ တတ်မြောက်လာပါမည်။ ကျောင်းဖွင့်စနေ့တွင် စ၍ တပ်ပေးသင့်ပါသည်။

(ဂ) **လေထဲစာရေး ဝိုင်းဝိုင်းလေး။** ။ အောက်ပါကဗျာတို့ကို ရွတ်၍ လေထဲ၌ ဝလုံးကို လက်ဖြင့်ရေးမှုမျိုးအား လေ့ကျင့်ပေးနိုင်ပါသည်။

ဝလုံး ဝလုံး ဖိုးဝလုံး
ဝဝ လုံးလုံး ဝဝလုံး
ဝလုံး ဝလုံး ဘယ်လိုရေး
ဟောဒီလိုရေး။

(ဃ) **မတူအက္ခရာ ထောက်ပြပါ။** ။ အောက်ပါအတိုင်း ကျောက်သင်ပုန်းပေါ်တွင် အက္ခရာများကို စီကာစဉ်ကာ ရေးပါ။ စာလုံးအတန်းတတန်းစီရှိ မတူသော အက္ခရာများကို ထောက်ပြခိုင်းပါ။

လ လ လ က လ

ဝ ဝ ဝ စ ဝ

တ တ တ ထ တ

ယ ယ ယ ယ က

(င) **သီချင်းကဗျာ ပျော်စရာ။** ။ ကလေးကဗျာများထဲမှ သင့်လျော်မည့် ကဗျာသီချင်းများကို ရွေးထုတ်၍ ရွတ်ဆိုလေ့ကျင့်ပေးနိုင်ပါသည်။

(စ) **ရုပ်ပုံကိုရေး အမည်ပေး။** ။ လွယ်ကူသော ပုံဆွဲနည်းဖြင့် ကျောက်သင်ပုန်းပေါ်၌ ဆရာက ငါး၊ အသီး၊ ထီး၊ ကား၊ လူ၊ ပန်း၊ လွယ်အိတ်၊ နေ၊ စသည်တို့ကို ပုံဆွဲပြပါ။ ထိုအရာများကို မြန်မာလိုခေါ်ပြပါ။ ကလေးများ မှတ်ထားပြီး ကူဆွဲပါစေ။

အရာဝတ္ထုနှင့် အမည်ကို တွဲသိသွားအောင် ကလေးများကိုယ်တိုင် ရေးဆွဲစေ၍ ကစားသောနည်းဖြင့် လေ့ကျင့်ပေးရပါသည်။

(ဆ) **ဆရာခြစ်ရာ ရေးခြစ်ပါ။** ။ ကျောင်းသင်ပုန်းကြီးပေါ်၌ ဆရာက မျဉ်းဖြောင့်၊ မျဉ်းကွေး၊ မျဉ်းကောက်၊ မျဉ်းလဲ၊ စက်ဝိုင်း စသည်ဖြင့် ရေးဆွဲပြပါ။ ခြစ်ပြပါ။ ကလေးများကို အတုယူ၍ ရေးခြစ်ခွင့်ပေးပါ။

(ဇ) **စာသင်ခန်းတွင် ခင်းကျင်းပြင်။** ။ စာသင်ခန်းတွင် ကလေးတို့သည် နေ့စဉ် သိမြင်တွေ့ထိနေသော ပန်းပင်များ၊ ပန်းပွင့်များ၊ အရွက်များ၊ ကျောက်ခဲများ၊ ငှက်အတောင်အလက်များ၊ ရုပ်ပုံကားချပ်များကို သေသပ်လှပစွာ ခင်းကျင်းပြင်ဆင်ထားရှိသင့်ပါသည်။

အခေါ်အဝေါ်များကို မြန်မာလိုသင်ပေးထားရပါမည်။ ပစ္စည်းများကို ကလေးတို့ကိုယ်တိုင် ရှာဖွေယူလာခွင့်လည်း ပေးသင့်ပါသည်။

## ၂။ အပြောစကားလေ့ကျင့်ခြင်း

အပြောစကား လေ့ကျင့်ခြင်းသည် ဘာသာစကားတရပ်ကို သင်ယူရာ၌ အထိရောက်ဆုံးသော အခြေခံအုတ်မြစ်ချခြင်းပင် ဖြစ်ပါသည်။

ဘာသာစကားတရပ်၏ အသံဖွဲ့စည်းပုံ၊ အသုံးအနှုန်းဖွဲ့စည်းပုံတို့သည် ရေးသားသောစာ၌ သိသာထင်ရှားစွာ ပါဝင်နေခြင်း မရှိပဲ ပြောဆိုသုံးနှုန်းရာ၌ ပို၍ သိသာထင်ရှားစွာ ပါဝင်နေသည်ဖြစ်ရာ ဘာသာစကားတရပ်ကိုကြား၍ နားလည်ခြင်းနှင့် ပြောဆိုတတ်ခြင်းသည် အရေးပါ အရာရောက်လှပါသည်။

မြန်မာဘာသာစကား မပြောသော ကလေးများအား မြန်မာစကားသင်ကြားရာ၌ ကလေးတို့ ပျော်ရွှင်စွာ အတုယူနိုင်ခွင့် အတတ်နိုင်ဆုံး ဖန်တီးပေးရပါမည်။ ကလေးများ ပါဝင်လာအောင် စည်းရုံးဖိတ်ခေါ်မှုမျိုး ဖြစ်စေသင့်ပါသည်။

ကလေးများက အတုယူပြောဆိုရာ၌ အသံမပြီသပါက ဝေဖန်ခြင်း၊ ကဲ့ရဲ့ခြင်း လုံးဝမပြုလုပ်သင့်ပါ။ စကားပြောမပြီသ၍ "ပြန်ဆိုပါ" ဟူသော ခိုင်းစေမှုမျိုးကို လုံးဝရှောင်ကြဉ်သင့်ပါသည်။ ကလေးတို့ရှေ့၌ မြန်မာစကားဖြင့် အတတ်နိုင်ဆုံး ဆက်ဆံ ပြောဆိုသင့်ပါသည်။ လေ့ကျင့်ရန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

### က။ လိုက်နာစေခြင်း

ထပါ။ ထိုင်ပါ။ လာပါ။ သွားပါ။

စာအုပ်ဖွင့်ပါ။ စာအုပ်ပိတ်ပါ။ စာအုပ်ကို

စားပွဲပေါ်ထားပါ။

ခ။ အပြန်အလှန်ပြောခြင်း

(က) ဒါဘာလဲ

(ခ) ဒါ. . . . ပါ။

(က) ဒါစာအုပ်လား။ ခဲတန်လား။

(ခ) ခဲတန်ပါ။

(က) မင်းနာမည်ဘာလဲ။

(ခ) ကျွန်တော့်နာမည် . . . ပါ။

(က) အမေဘယ်သွားသလဲ။

(ခ) အမေ . . . သွားပါတယ်။

(က) ဆရာ့လက်ထဲ ဘာရှိသလဲ။

(ခ) ဆရာ့လက်ထဲ . . . ရှိပါတယ်။

ဂ။ ရာသီဥတုဆိုင်ရာပြောခြင်း

(စာသင်ခန်း ပြင်ပရာသီဥတု ကြည့်၍ ပြောခြင်းမျိုး ဖြစ်ပါသည်။)

(က) ဒီနေ့မိုးရွာသလား၊ နေပူသလား။

(ခ) နေပူပါတယ် (သို့မဟုတ်) မိုးရွာပါတယ်။

ဃ။ အရောင်အသွေး

(က) ဒီပန်းပွင့် ဘာရောင်လဲ။

(ခ) ဖြူပါတယ်။

င။ **အရွယ်အစား**

(က) ဒီကြီးနဲ့ ဟိုကြီး ဘယ်ကြီးက ပို၍ရှည်သလဲ။

(ခ) ဒီကြီးက ပိုရှည်ပါတယ်။

ဤကဲ့သို့ အပြန်အလှန်ပြောခြင်းအပြင် ကလေးတို့ မငြီးငွေ့အောင် ပြဇာတ်ဟန် ခင်းကျင်းမှုမျိုးဖြင့်လည်း လေ့ကျင့်နိုင်ပါသည်။ ပြဇာတ်ဟန်ဖြင့် လေ့ကျင့်ရာ၌ မျက်နှာဖုံးများလိုပါသည်။

မျက်နှာဖုံးမှာလည်း ရာမဇာတ်ထဲက မျက်နှာဖုံးမျိုးမဟုတ်ပဲ ရရာစက္ကူ ကပ်ပြားများကို အပေါက်ငယ်များဖောက်၍ ဖြူနီကြောင်ကျားချယ်ကာ ကလေးများ၏ စိတ်ဝင်စားမှုကို ရယူသင့်ပါသည်။ အမြီးအတွက်လည်း နွယ်ကြိုးရှိလျှင် လုံလောက်ပါသည်။ ဆရာ့ရှေ့၌ ပြောဆိုကစားယင်း လေ့ကျင့်ရုံသာမက ကစားကွင်းတွင်လည်း အချင်းချင်း ကစားယင်း စကားပြောကြပါစေ။

က။ **မျောက်နှင့်ဆင်**

(က) ရှေ့ကဘယ်သူလဲ။

(ခ) ကျွန်တော်က ဆင်ပါ။

(က) ဆင်ဘယ်မှာနေသလဲ။

(ခ) ဆင်တောမှာ နေပါတယ်။

(က) လာလာသွားကြစို့။

(ခ) ဟုတ်ကဲ့ ဟုတ်ကဲ့။

ခ။ **အဖိုးအိုနှင့်ကလေး**

(က) အဖိုးကိုရေပေးပါ။

(ခ) ရော့ ရော့ ယူပါ။

(က) အေး အေး ကျေးဇူးတင်ပါတယ်။
(ခ) ဟုတ်ကဲ့ခင်ဗျား ဟုတ်ကဲ့။

ဂ။ ကြွက်နှင့်ကြောင်
(က) ရှေ့က ကြွက်လေးပါလား။
(ခ) ဟုတ်ပါတယ်၊ ကြွက်လေးပါ။
(က) ကြွက်လေး နေကောင်းသလား။
(ခ) ကောင်းပါတယ် ကိုကြောင်ကြီး။

ဤကဲ့သို့ ပြဇာတ်ဟန်များကို တီထွင်၍ ကလေးတို့ပြောဆို လေ့ကျင့်စေကာ မြန်မာစကား အကြားအနာ စွမ်းရည်၊ အပြော အဆိုစွမ်းရည်များ သွက်လက် ထက်မြက်လာစေသင့်ပါသည်။

## ၃။ သင်ကြားခြင်းနှင့် စစ်ဆေးခြင်း

သင်ကြားရာ၌ သတ်မှတ်ထားသော သင်ကြားနည်းများအတိုင်း သင်ကြားပေးသင့်ပါသည်။ မြန်မာစကားမပြောသော ကလေးများ အတွက် အထိရောက်ဆုံးနည်းမှာ ကကြီး ခ-ခွေး ဂ-ငယ်ဟု နာမည် ကိုပါဆိုသောနည်း၊ ကကြီးရေးချကာ စသည်ဖြင့် စာလုံးပေါင်း သောနည်းကို မသုံးသင့်ပဲ က၊ ခ၊ ဂ၊ င၊ စ၊ စသည်ဖြင့် အသံထွက် နည်းဖြင့်သာ သင်ကြားပေးသင့်ပါသည်။

စစ်ဆေးရာ၌ အကြားနှင့် အပြောကျွမ်းကျင်မှု၊ အဖတ်ကျွမ်း ကျင်မှု၊ အရေးကျွမ်းကျင်မှုတို့ကို ခြုံငုံမိအောင် စစ်ဆေးသင့်ပါသည်။

သို့ဖြစ်၍ သင်ကြားရာ၌ အကြား၊ အပြော၊ အဖတ်နှင့် အရေး ကျွမ်းကျင်မှုလေးရပ်ကို ဦးတည်၍ သင်ကြားလေ့ကျင့်ကာ စစ်ဆေး ရာ၌လည်း အဆိုပါ ကျွမ်းကျင်မှုလေးရပ် အခြေအနေကိုသာ စစ် ဆေးရမည်ဖြစ်ပါသည်။

## ၄။ သင်ကြားမှုအထောက်အကူများ သုံးစွဲခြင်း။

သင်ကြားမှု၌ စွဲမြဲထိရောက်အောင် သင်ကြားမှုအထောက်အကူပစ္စည်းများကို အသုံးပြုရပါမည်။ သင်ကြားမှုအထောက်အကူဆိုရာ၌ ပညာရေးသုတေသနက ပေးပို့နေသော ကားချပ်မျိုးကိုချည်း မဆိုလိုပဲ မိမိအိမ်တွင်းဖြစ် ထောက်ကူပစ္စည်းများ (Home made Teaching Aids) ကို မိမိဒေသရှိ ရရာပစ္စည်းဖြင့် တီထွင်ပြုလုပ်ပေးသင့်ပါသည်။

ရုပ်ပုံကားချပ် (Charts)၊ လျှပ်တပျက်ကပ်ပြာ (Flash Card)၊ အက္ခရာစက်ဝိုင်း (Vocabulary Wheel) တို့ကို ရရှိပါက သင့်မြတ်ပါသည်။ သုံးနိုင်ပါက ကောင်းပါသည်။ အကယ်၍ တောင်ဖျားတောင်ကြား၌ ဤအရာများ မသုံးနိုင် လက်လှမ်းမမီနိုင်ပါကလည်း ကလေးများအတွက် အကျိုးမမဲ့နိုင်အောင် အောက်ပါနည်းသုံးနည်းဖြင့် ကလေးများအတွက် ဆောင်ရွက်ပေးနိုင်ပါသည်။

### (က) တကယ့်ပစ္စည်းများ

ဖတ်စာအုပ်ထဲ၌ပါသော နာမ်များအနက် အတန်းတွင်းသို့ တကယ်ယူ၍ရသည့် ဆား၊ ဝါး၊ စပါး၊ အသီး၊ ပန်း စသည်တို့ကို တကယ့်ပစ္စည်း အစစ်အမှန်အတိုင်း ပြသ၍ အသုံးချရပါမည်။

လက်ဝါးထဲတွင် ထည့်ပြ၍ရသောဆားကို ပုံဆွဲပြနေလျှင် အလုပ်မဖြစ်နိုင်ပြီ။ တောအနှံ့ တောင်အနှံ့ ပေါက်နေသော ဝါးကို ပြချင်၍ ပုံနှိပ်ပေးနေရလျှင်လည်း ဟန်မကျသေးပြီ။

### (ခ) အမူအရာ

ကြိယာများသည် လုပ်ဆောင်မှု၊ လှုပ်ရှားမှုတရပ်၊ အမူအရာတရပ်ကို ပြသပါသည်။ အဆိုပါ ကြိယာများကို ပုံဆွဲ၍ပြလျှင် မဆီးနိုင်။ ရှင်းပြ၍လည်း တော်တော်ပင် မလွယ်လျှင် အမူအရာနှင့် ပြလိုက်ရပါမည်။

ပြုံးသည်၊ ခုန်သည်၊ ကသည်၊ ပြေးသည်၊ မဲ့သည်၊ စသော ကြိယာတို့ကို တကယ့်အမူအရာနှင့် ပြသမှသာ ထိရောက်ပါမည်။

## (ဂ) ရုပ်ပုံကားချပ်

လက်လှမ်းမှီသော စာစောင်များ၊ ကားချပ်များကို အဆင်ပြေသလို ဖြတ်တောက်စုစည်း၍ လိုအပ်သလို အသုံးချရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာဘာသာစကားမပြောသော ကလေးများသည် သူငယ်တန်း၌ မြန်မာဘာသာစကားကို မြန်မြန် မြဲမြဲမှန်မှန် သင်ယူနိုင်စေရေးအတွက် စနစ်ကျသော ချဉ်းကပ်မှုလေးရပ်နှင့် သင်ကြားပေးကြပါက ပိုမိုထိရောက် အောင်မြင်မှုများ ရရှိမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသတည်း။

ပညာတန်ဆောင်မဂ္ဂဇင်း၊
၁၉၇၂၊ အောက်တိုဘာ။

❑

## စည်းကမ်းနှင့် စာရိတ္တဖွံ့ဖြိုးမှု ပြုစုလေ့ကျင့်ရေး

ကျောင်းသားလူငယ်များအား စည်းကမ်းလိုက်နာသော နိုင်ငံသားများဖြစ်စေရန် စာရိတ္တကောင်းမွန်ဖွံ့ဖြိုးသော နိုင်ငံသားများ ဖြစ်လာစေရန် ပညာရေးကဏ္ဍက တာဝန်ယူ လေ့ကျင့်ပြုပြင်ပေးရခြင်းမှာ နက်နဲသိမ်မွေ့လှပေသည်။

စည်းကမ်းလိုက်နာမှုအတွက် ကျောင်းသားစည်းကမ်း ၂၀ ကို ချမှတ်ထားပြီး အဆိုပါအချက် ၂၀ အား အခြေပြု၍ ကျောင်းသားလူငယ်များ၏ စည်းကမ်းထိန်းသိမ်းရေးကို ပြုစုလေ့ကျင့်ပျိုးထောင်ပေးပေသည်။

စည်းကမ်းချိုးဖောက်သော ကျောင်းသားဟု ဆရာက ယူဆပါက ယင်းကျောင်းသားကိုယ်တိုင်က မိမိ၏ ချိုးဖောက်မှုနှင့်ပတ်သက်၍ ဆန်းစစ်ဝေဖန် တာဝန်ခံစေလေသည်။ ချိုးဖောက်သူ ကျောင်းသားက မဝေဖန်နိုင်ခဲ့သော် အတန်းသားချင်းက ဝေဖန်ပေးကြရလေသည်။

အဆိုပါ ကျောင်းသားများ၏ စည်းကမ်းအချက် ၂၀-မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ နိုင်ငံတော်၏အကျိုးကို သည်ပိုးနိုင်ပြီး ယဉ်ကျေး၍ အသိပညာမြင့်မားသော နိုင်ငံသားများဖြစ်လာစေရေး အတွက် အပတ်တကုတ် လေ့လာဆည်းပူးရန်။

၂။ သေသပ်စွာ ပညာသင်ယူ၍ ကျောင်းခေါ်ချိန် မပျက် ကွက်ပဲ ကျောင်းတက်နောက်မကျရန်။

၃။ ကျောင်းအုပ်နှင့် ဆရာ-ဆရာမများ၏ ညွှန်ကြားမှုများ ကို စောဒကမတက်ပဲ နာခံရန်။

၄။ ကျောင်းသို့လာရာ၌ လိုအပ်သော စာအုပ်စာတန်းနှင့် ကျောင်းသုံးကရိယာများကို ယူဆောင်လာ၍ အတန်း တွင်းသို့ ဆရာမရောက်လာခင် အစစအရာရာ အဆင် သင့်ဖြစ်ရှိစေရန်။

၅။ ကျောင်းသို့ သန့်ရှင်းစွာနှင့် သပ်ယပ်စွာ ဝတ်ဆင်၍ လာရန်။

၆။ အတန်းတွင်းသို့ မိမိနေရာကို သန့်ရှင်းသေသပ်စွာ ထိန်း သိမ်းရန်။

၇။ ကျောင်းတက်ခေါင်းလောင်းထိုးပြီးလျှင် အတန်းတွင်း၌ နေရာယူ၍ စာသင်ချိန်အတွင်း၌ စာသင်ခန်းမှ ထွက် သည်ဖြစ်စေ၊ စာသင်ခန်းသို့ ဝင်သည်ဖြစ်စေ ဆရာ့ထံ မှ ခွင့်ပြုချက်ကို တောင်းခံရန်။

၈။ စာသင်ချိန်၌ မတ်မတ်ထိုင်၍ ဆရာ၏ရှင်းလင်းချက် များနှင့် ကျောင်းသားများ၏ ဖြေဆို ဆွေးနွေးမှုများကို စိတ်ပါဝင်စားစွာ နားထောင်ရန်၊ စာသင်ချိန်၌ စကား စမြည်ပြောဆိုမှုကို ရှောင်ကြဉ်ရန်။

၉။ အတန်းတွင်းသို့ ကျောင်းအုပ်နှင့် ဆရာ၊ ဆရာမများ ဝင်လာသည်ဖြစ်စေ၊ ၎င်းတို့သည် အခန်းမှ ထွက်သွားသည်ဖြစ်စေ၊ မတ်တတ်ရပ်ရန်။

၁၀။ မိမိ၏အိမ်စာများကို တိကျစွာလုပ်၍ မိဘများကိုပါ ပြသရန်နှင့် အိမ်စာလုပ်ရာ၌ မိမိ၏စွမ်းရည်ဖြင့်သာလုပ်ရန်။

၁၁။ ဆရာက ကျောင်းခေါ်ချိန် အမည်ခေါ်ရာ၌ မတ်တတ်ရပ်၍ လေးစားစွာထူးရန်နှင့် ဆရာကခွင့်ပြုမှ ပြန်ထိုင်ရန်၊ ဆရာအား မေးခွန်းမေးလိုပါက လက်ကိုမြှောက်ပြခွင့်တောင်းရန်။

၁၂။ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများကို လေးစားစွာဆက်ဆံရန်၊ တွေ့ဆုံပါက လေးစားစွာ ဦးညွတ်နှုတ်ဆက်ခြင်းပြုရန်၊ ယောကျာ်းလေးများက ဦးထုပ်ချွတ်၍ နှုတ်ဆက်ရန်။

၁၃။ မိမိထက်ကြီးသူအား လေးစားယဉ်ကျေးစွာ ဆက်ဆံရန်၊ ကျောင်း၌ဖြစ်စေ၊ လမ်း၌ဖြစ်စေ၊ အများပြည်သူတို့နှင့် သက်ဆိုင်သော နေရာများ၌ဖြစ်စေ၊ ယဉ်ကျေးဖော်ရွေသိမ်မွေ့စွာ ပြောဆိုဆက်ဆံတတ်ရန်။

၁၄။ ရိုင်းပြသောစကားများကို မသုံးနှုန်းရန်၊ ဆေးလိပ်မသောက်ရန်နှင့် လောင်းကစားခြင်းများကို မပြုရန်။

၁၅။ ကျောင်းပိုင်ပစ္စည်းများကို စောင့်ရှောက်ရန်၊ မိမိပိုင်ပစ္စည်းများနှင့်တကွ မိမိ၏ သူငယ်ချင်းများ၏ ပစ္စည်းများကို ဂရုစိုက်စောင့်ရှောက်ရန်။

၁၆။ အိုမင်းသူများ၊ ကလေးများ၊ နာမကျန်းသူများ၊ အားနည်းသူများအား ဂရုပြု၍ ဦးစားပေး ဆက်ဆံရန်၊ လမ်း၌တွေ့ပါက လမ်းဖယ်ပေး၍ ဘတ်စ်ကားပေါ်၌

တွေ့ပါက နေရာပေးရန်၊ အစစအရာရာ အတတ်နိုင်ဆုံး ကူညီရန်။

၁၇။ အမိအဖတို့၏စကားကို လိုက်နာ၍ မောင်ငယ် ညီမငယ်များကို ကူညီထိန်းသိမ်းပေးရန်။

၁၈။ မိမိ၏အခန်းတွင်း၌ အဝတ်အစား၊ အိပ်ရာ စသည်တို့ အားလုံးကို စနစ်ကျ၍ သန့်ရှင်းသေသပ်စွာ ထားရှိရန်။

၁၉။ မိမိ၏ အရည်အချင်းမှတ်တမ်းစာအုပ်ကို မိမိနှင့်အတူ အမြဲထားရှိ၍ မည်သူ့ကိုမှ လက်လွှဲပေးထားခြင်းမရှိပဲ ကျောင်းအုပ်နှင့် ဆရာက တောင်းခံမှသာ ပေးအပ်ရန်။

၂၀။ ကျောင်း၏ဂုဏ်ကိုလည်းကောင်း၊ အတန်း၏ဂုဏ်ကိုလည်းကောင်း၊ အသိစိတ်ဖြင့် ထိန်းသိမ်းမြှင့်တင်ရန်။

ဖော်ပြခဲ့သော စည်းကမ်းများဖြင့် ကျောင်းသားများ၏ ဖွံ့ဖြိုးမှုများအတွက် အထောက်အကူပြုရန် ရည်ရွယ်၍ လေ့ကျင့်ပေးခြင်းဖြစ်သည်။ ဤ စည်းကမ်းထိန်းသိမ်းမှုများမှတဆင့် စာရိတ္တကောင်းမွန်မှုကိုပါ ဦးတည်၍ တပါတည်း လေ့ကျင့်ပေးခြင်း ဖြစ်ပေသည်။

စာရိတ္တဖွံ့ဖြိုးမှုကို လေ့ကျင့်ပေးသော စာရိတ္တပညာရေးကို ဆိုဗီယက်ပညာရေး၌ အထူးဦးစားပေး ဆောင်ရွက်သည်။

ဆိုဗီယက်လူမှုအဖွဲ့အစည်းအတွက် ကောင်းမွန်စွာ ပါဝင်နိုင်မည့် နိုင်ငံသားကောင်းများဖြစ်အောင် လေ့ကျင့်ပေးရာ၌ စာရိတ္တပညာရေးသည် လွန်စွာအရေးပါလှပေသည်။ စာရိတ္တ ပညာရေး၏ အဓိကရည်မှန်းချက်မှာ ပါတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် လူ့ဘောင်သစ်ကို တည်ဆောက်ရာနှင့် အများကောင်းကျိုးကို ရွက်ဆောင်ကြရာ၌ မိမိ၏ အစွမ်းရှိသမျှကို အတတ်နိုင်ဆုံးအားထုတ်နိုင်၍ လုပ်ငန်းခွင်တွင်လည်း ပြည့်ဝစွာ ပျော်မွေ့နိုင်သော နိုင်ငံသားများ ဖြစ်အောင် လေ့ကျင့်ပြုစုရန်ဟူ၍ ဖြစ်ပေသည်။

စာရိတ္တပညာရေးကို ဆောင်ရွက်ရာ၌ ကျောင်းများသည် လူငယ်အဖွဲ့အစည်းများ၊ မိဘအသင်းအဖွဲ့အစည်းများ၊ အခြားသောသက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းကြရပေသည်။ ဤသို့ပူးပေါင်းပြီးလျှင် ကွန်မြူနစ် စာရိတ္တပြုစုလေ့ကျင့်ရေးကို ဆောင်ရွက်ကြခြင်းဖြစ်သည်။

ဆရာအတတ်သင်သိပ္ပံကျောင်းများ၌ စာရိတ္တပညာရေးကိုပါ ထည့်သွင်းပို့ချပေးသည်။ ဆရာအတတ်သင် သင်တန်းများသည် ဘာသာရပ်ကို နိုင်နင်းသော ဘာသာရပ်အတွက် ဆရာများကိုသာ ထုတ်လုပ်ရန်မဟုတ်ပဲ ကလေးတို့အားပြုစုနိုင်သော ကလေးတို့အတွက် ဆရာများကိုပါ မွေးထုတ်ရန် ဖြစ်သည်ဟု ပြဋ္ဌာန်းထားသည်။

ကျောင်းများ၌ လေ့ကျင့်ရန် စာရိတ္တပညာရေးဆိုင်ရာ လမ်းညွှန်မှုများကို ဖြန့်ဝေထားခြင်း၊ စာရိတ္တပညာရေး လေ့ကျင့်ရာ၌ တွေ့ကြုံရသော ပြဿနာများကို သုတေသနပြု၍ အဖြေရှာဖော်ထုတ်ခြင်း၊ စာရိတ္တပညာရေးနှင့်ပတ်သက်၍ ဆွေးနွေးပွဲများ၊ သင်တန်းများ ကျင်းပခြင်းတို့ကို ဆောင်ရွက်ပေးပေသည်။

မူလတန်းသင် ကလေးများအား စာရိတ္တပညာပေးရာ၌ အောက်ပါအရည်အသွေးများ မွေးမြူရရှိသွားစေရန် ရည်ရွယ်ထားပေသည်။

၁။ မကောင်းမှု ကောင်းမှုနှင့်ပတ်သက်၍ အခြေခံသဘောကို နားလည်ခြင်း။

၂။ အမိနိုင်ငံတော်ကို ချစ်မြတ်နိုးခြင်း။

၃။ ကြိုးစားအားထုတ်ခြင်းနှင့် အသုံးအစွဲတွင် စနစ်ရှိခြင်း။

၄။ ရိုးသားခြင်း၊ မှန်ကန်ခြင်း၊ ပြေပြစ်ချောမွေ့ခြင်းနှင့် ကြင်နာခြင်း။

၅။ ရဲဘော်ရဲဘက်စိတ်ရှိခြင်းနှင့် ခင်မင်တတ်ခြင်း။
၆။ စည်းကမ်းလိုက်နာခြင်း။
၇။ လေ့လာဆည်းပူးလိုစိတ်ရှိခြင်းနှင့် ဖြောင့်မှန်ခြင်း။
၈။ ကျောင်း၌ဖြစ်စေ၊ အိမ်၌ဖြစ်စေ၊ လမ်း၌ဖြစ်စေ အများပြည်သူတို့နှင့် သက်ဆိုင်သော မည်သည့်နေရာ၌ဖြစ်စေ ယဉ်ကျေးခြင်း။

အဆိုပါ အရည်အသွေးရှစ်ရပ်သည် ကျယ်ဝန်း နက်နဲလှပေသည်။

ဥပမာ -

- အမိနိုင်ငံတော်ကို ချစ်မြတ်နိုးခြင်းဟူသော စိတ်ဓာတ်၌ အများအကျိုးကို ဆောင်ရွက်ပေးနေသော လူကြီးများ၏ အလုပ်ကို ရိုသေရန်၊
- ကျောင်းစာသင်ခန်းအတွင်း၌ အောင်မြင်မှုရရှိခြင်းဖြင့် လူကြီးမိဖများအား ဝမ်းသာကျေနပ်မှုကိုပေးနိုင်စေရန်၊
- မိမိကျောင်းနှင့် ဆရာတို့ကို လေးစားရန်နှင့် ချစ်မြတ်နိုးရန်၊
- မိမိ၏ ဇာတိဒေသကို ချစ်မြတ်နိုးရန်၊
- ကောင်းမွန်စွာ ပညာသင်ယူရန်၊
- အမိနိုင်ငံ၏ ဂုဏ်ယူဖွယ်ရာ အတိတ်သမိုင်းနှင့် ဂုဏ်ယူဖွယ်ရာ မျက်မှောက်ကာလကို စိတ်ဝင်စားရန်၊
- ခေါင်းဆောင်ကြီးများကို လေးစားမြတ်နိုးရန်၊
- ပါတီ၏ကျေးဇူးကိုလည်း နားလည်စောင့်သိရန်၊
- နိုင်ငံတော်အစိုးရနှင့် ကျေးဇူးကိုလည်း နားလည်စောင့်သိရန်၊
- နိုင်ငံတကာ ကလေးများနှင့် ရင်းနှီးချစ်ကြည်လိုသော ဆန္ဒရှိရန်၊
- စစ်ကို ဖန်တီးသူများအား မုန်းတီးရန်၊

- ပါတီ၏ လူငယ်အဖွဲ့ဝင်ဖြစ်အောင် ကြိုးစားလိုစိတ်ရှိရန်၊

စသည်တို့ ပါဝင်စေသည်။ လေ့ကျင့်ပြုစုရမည့် အရည်အသွေးတိုင်း၌ အဓိပ္ပာယ်အားဖြင့် နက်နဲကျယ်ဝန်းခြင်း ရှိပေသည်။

မူလတန်းအဆင့် ကလေးများအား ဖော်ပြခဲ့သော အရည်အသွေးများရရှိစေရန် လေ့ကျင့်ရာ၌ အစီအစဉ်များ၊ နည်းလမ်း များ ချမှတ်ရာတွင် လုပ်ငန်းများဆောင်ရွက်ခြင်းကို အဓိကထားပေသည်။

ကျောင်းစာသင်နှစ်အတွင်း၌ ချမှတ်ထားသော လုပ်ငန်းများကို လှုပ်ရှားမှုအမျိုးမျိုးဖြင့် ဆောင်ရွက်ပေသည်။

မူလတန်းလွန်၍ ပညာရေးအဆင့် ပြောင်းလဲခဲ့သောအခါတွင်လည်း စာရိတ္တပညာရေးကို ဆက်လက်၍ လေ့ကျင့်ပေးပေသည်။ အသက်အရွယ်နှင့် အတန်းကိုလိုက်၍ ပိုမိုမြင့်မားသော ရည်ရွယ်ချက်များဖြင့် လေ့ကျင့်ပေးပေသည်။ မူလတန်းလွန်မြောက်သွားသောအခါ၌ -

၁။ မျိုးချစ်စိတ်ရှိခြင်းနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှိခြင်း၊

၂။ လူမှုတာဝန်များကို နားလည်ကျေပွန်ခြင်း၊

၃။ စည်းကမ်းလိုက်နာခြင်း၊ ဖွဲ့ရှိခြင်း၊

၄။ သူငယ်ချင်း အချင်းချင်း သစ္စာရှိ၍ ရဲဘော် ရဲဘက်စိတ်ထားပြည့်ဝခြင်း၊

၅။ လူသားအချင်းချင်း ဆက်ဆံရာ၌ လေးစားမှုနှင့် ကောင်းသော သဘောထား ထားရှိခြင်း၊

၆။ မှန်ကန်ခြင်း၊ ရိုးသားခြင်းနှင့် ပြေပြစ်ခြင်း၊

၇။ အလုပ်နှင့် စာပေလေ့လာသင်ယူမှုအပေါ်၌ တာဝန်ကျေပွန်ခြင်း၊

စသော အရည်အသွေးများရရှိအောင် ဆက်လက်၍ ပြုစုရန် သတ်မှတ်ထားပြန်ပါသည်။

မူလတန်းနှင့် အလယ်တန်း အဆင့်မျိုးကို လွန်မြောက်ပြီးသော အခါ စာရိတ္တပညာရေး၏ ပြုစုပျိုးထောင်မှုသဘောသည် ပို၍ နက်နဲလာပေသည်။ လူငယ်များသည် နိုင်ငံတော်၏ နိုင်ငံသားကောင်းများ၊ လုပ်သားကောင်းများ ဖြစ်လာ၍ လူကြီးများအနေဖြင့် တာဝန်ယူကြရာ၌ အဆင်သင့်ဖြစ်စေရန် အလေးပေး လေ့ကျင့်ခြင်း ဖြစ်လာသည်။

ဤအဆင့်၌ စာရိတ္တ ပညာရေးသည် နိုင်ငံစိတ်ဓာတ်မြင့်မားရေး၊ လူမှုရေးသဘောတရားများကို နားလည်ခံယူရေး စုပေါင်းအဖွဲ့အစည်း၌ တာဝန်ယူနိုင်ရေး ပါတီအစိုးရနှင့် အမိနိုင်ငံတော်ကို သစ္စာစောင့်သိရေး၊ နိုင်ငံရေး သဘောတရားနှင့် ခံယူချက်အဆင့်မြင့်မားအောင် လေ့လာရေး စသည်တို့ကို ထည့်သွင်း သတ်မှတ်ထားရှိပေသည်။

ဤစိတ်ဓာတ်များ၊ အလေ့အကျင့်များ ရရှိစေရေးအတွက် စကားရည်လုခြင်း၊ ဆွေးနွေးခြင်း၊ ဟောပြောခြင်းများ ကျင်းပပေးရုံသာမကပဲ လက်တွေ့လုပ်ငန်းများ ရွက်ဆောင်ခြင်း၊ အချင်းချင်း ဝေဖန်ခြင်းတို့ကိုပါ ဆောင်ရွက်ပေးပေသည်။

ဤသို့ လုပ်ငန်းများကို အဆင့်လိုက် ထားရှိခြင်းဖြင့် နိုင်ငံတော်၏ လူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးသော နိုင်ငံသားကောင်းများ ဖြစ်လာစေရန် လေ့ကျင့်ပြုစုလျက် ရှိပေသည်။

(၁၉၇၂ ခုနှစ်တွင် Nigel Grant ရေးသားပြီး Penguin Books Ltd မှ ထုတ်ဝေသော Soviet Education စာအုပ် Discipline and Moral Education အခန်းကို ထုတ်နုတ်ပြန်ဆိုပါသည်။)

သုတပဒေသာစာစောင်

၁၉၇၇၊ ဂျူလိုင်လထုတ်

❑

# လူငယ်နှင့် ဘက်စုံဖွံ့ဖြိုးမှု

လူငယ်သည် ဘက်စုံဖွံ့ဖြိုးရပေမည်။ ဘက်စုံဖွံ့ဖြိုးမှုဆိုသည်မှာ စာသင်ခန်းထဲက ကျောင်းစာများကို . . .

* ကြောင်ပုဇွန်စား ကျွတ်ကျွတ်ဝါးမျှ တတ်ခြင်း၊
* ဂုဏ်ထူးများကို တသီတတန်းဖြင့် စာမေးပွဲအောင်ခြင်း

ဟူသော အဓိပ္ပာယ်မျှဖြင့် မပြည့်စုံချေ။

ဘက်စုံဖွံ့ဖြိုးမှုဆိုသည်မှာ ဆိုရှယ်လစ်စနစ် တည်ဆောက်ရာနှင့် စောင့်ရှောက်ရာတွင် ပါဝင်နိုင်သော နိုင်ငံသားကောင်း တဦးဖြစ်မြောက်ရေးအတွက် ကောင်းမြတ်သည့် "အရည်အသွေးများ၊ ခံယူချက်များ၊ ကျွမ်းကျင်မှုများ" ဖွံ့ဖြိုးမှုကို ဆိုလိုပေသည်။

သို့ဖြစ်၍ လူငယ်တို့သည် "ကာယ" အားဖြင့်လည်းကောင်း၊ "ဉာဏ" အားဖြင့်လည်းကောင်း၊ "စိတ်ဓာတ်" အားဖြင့်လည်းကောင်း၊ "စာရိတ္တ" အားဖြင့်လည်းကောင်း "ရသခံစားမှု" အားဖြင့်လည်းကောင်း ဘက်စုံဖွံ့ဖြိုးရေးအတွက် အရည်အသွေးများ၊ ခံယူချက်များ၊ ကျွမ်းကျင်မှုများကို ပြည့်ဝစွာ ရရှိအောင် ကြိုးပမ်းဖြည့်လောင်းပေးရမည်ဖြစ်ပေသည်။

## ကာယဖွံ့ဖြိုးမှု

လူငယ်တို့သည် ကာယအားဖြင့် ကြံ့ခိုင်ကျန်းမာရန် လိုအပ်ပေသည်။ ဤကျန်းမာကြံ့ခိုင်သော လူငယ်ဘဝဖြစ်မြောက်ရေးအတွက်၊ အရပ်ရပ်မှ အခြေအနေပေးအပ်သလို လူငယ်များကိုယ်တိုင်ကလည်း ကျန်းမာကြံ့ခိုင်သော ဘဝရရှိအောင် အစဉ်အားထုတ်လေ့ကျင့်ရန် ရှိပေသည်။

ကျန်းမာကြံ့ခိုင်မှုသည် မိမိဘဝ သာယာဖြောင့်ဖြူးမှု၊ ပညာလေ့လာသင်ကြားမှုနှင့် နိုင်ငံတာဝန်ထမ်းဆောင်မှုတို့၌ အခြေခံတရပ်အဖြစ် လိုအပ်ချက်ဖြစ်ပေသည်။

## ဉာဏဖွံ့ဖြိုးမှု

ဉာဏအားဖြင့် ဖွံ့ဖြိုးမှုမှာ အ-သုံးလုံး အခြေခံမှသည် အထက်တန်းပညာ၊ ဝိဇ္ဇာသိပ္ပံဘာသာ၊ အတတ်ပညာ အသိပညာများကို ကြိုးစားအားထုတ်၍ လေ့လာဆည်းပူးနိုင်ခြင်းဖြစ်သည်။

ဆိုရှယ်လစ်နိုင်ငံတော်၌ နိုင်ငံသားအားလုံးသည် အတတ်ပညာရှင်၊ သို့မဟုတ် အသိပညာရှင်များအဖြစ် ရပ်တည်ကြရမည်ဖြစ်သည်။ သို့အတွက် ပညာလေ့လာဆည်းပူးလိုမှုနှင့် ပညာရယူနိုင်မှုအတွက် ဉာဏအားဖြင့်လည်း ဖွံ့ဖြိုးမြင့်မားစေရေးအတွက် ရှေ့ရှုကြရမည်ဖြစ်ပါသည်။

## စိတ်ဓာတ်ဖွံ့ဖြိုးမှု

စိတ်ဓာတ်အားဖြင့် ဖွံ့ဖြိုးမှုမှာ ပင်ကိုယ်စိတ်အား ကျန်းမာကြံ့ခိုင်ခြင်းနှင့် ဆက်စပ်ပေသည်။ စိတ်ဓာတ် ကျန်းမာကြံ့ခိုင်မှုမှာ စာရိတ္တဖွံ့ဖြိုးမြင့်မားရေးနှင့် နီးနွယ်လျက် ရှိပေသည်။ စာရိတ္တဖွံ့ဖြိုးမှုသည် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးမှု၌ များစွာအရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိသည်။

## စာရိတ္တဖွံ့ဖြိုးမှု

စာရိတ္တဆိုင်ရာ ဖွံ့ဖြိုးမှု၌ လူငယ်တို့သည်

၁။ မိမိနိုင်ငံကို ချစ်မြတ်နိုးခြင်း၊
၂။ အကောင်းနှင့်အဆိုးကို ခွဲခြား၍ ပိုင်းဖြတ်တတ်ခြင်း၊
၃။ အလုပ်၏ဂုဏ်ကို မြတ်နိုးတန်ဖိုးထားခြင်း၊
၄။ မဖြစ်မနေ ဆောင်ရွက်တတ်သော လုံ့လဝိရိယ စိုက်ထုတ်တတ်ခြင်း၊
၅။ အများအကျိုးကို ဦးစားပေး ဆောင်ရွက်တတ်ခြင်း၊
၆။ မိမိကိုယ်ကျိုးကို စွန့်ခွာတတ်ခြင်း၊
၇။ အညီအညွတ် ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အထများရရှိခြင်း၊
၈။ စည်းကမ်းဟူသမျှကို လိုက်နာရိုသေတတ်ခြင်း၊
၉။ အတတ်ပညာဖွေရှာဆည်းပူးရန် ထက်သန်ခြင်း၊
၁၀။ မှန်ကန်မှု၊ ရိုးသားမှု၊ ထောက်ထားစာနာမှုတို့ဖြင့် ဆက်ဆံဆောင်ရွက်တတ်ခြင်း၊
၁၁။ မိတ်ဆွေပီသခြင်း၊
၁၂။ ပြည်သူပိုင်ပစ္စည်းများကို ရိုသေလေးစားတတ်ခြင်း၊
၁၃။ ယဉ်ကျေးသိမ်မွေ့သော ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ကို ရရှိခြင်း၊

စသည့် ကောင်းမြတ်သော အလေ့အထကောင်းများ၊ စိတ်ထားကောင်းများကို ကျင့်ဆောင်ကြရပေမည်ဖြစ်သည်။ သို့ဖြင့်၍ လူငယ်များ၏ စာရိတ္တမြင့်မားရေးကိုလည်း အထူးဂရုပြု၍ ဖော်ထုတ်လေ့ကျင့်နေရမည်ဖြစ်ပေသည်။

## ရသခံစားမှုဖွံ့ဖြိုးမှု

ထို့ပြင် လူငယ်တဦးသည် ကာယအားဖြင့် ကြံ့ခိုင်၍ ဉာဏအားဖြင့် ဖွံ့ဖြိုးတိုးတက်ကာ၊ စာရိတ္တနှင့် စိတ်ဓာတ်များ မြင့်မားနေရုံဖြင့်လည်း ဘက်စုံဖွံ့ဖြိုးမှုကို ပြည့်ဝစွာ မရရှိသေးချေ။ အဆိုပါ လူငယ်သည် ရသခံစားမှုကိုပါရရှိအောင် လေ့ကျင့်ရဦးမည်ဖြစ်သည့်အလျောက်၊ သဘာဝ ရေ၊ မြေ၊ တော၊ တောင်များကို မြတ်နိုး၍ တန်ဖိုးထားကာ စောင့်ရှောက်ခြင်း၊ အနုပညာတီထွင်မှုများဖြစ်သော အမျိုးသားစာပေ၊ ဂီတ၊ အဆိုအက၊ ပန်းချီပန်းပု စသည်တို့ကို ခံစားနိုင်၍ မြတ်နိုးလျက်၊ ထိန်းသိမ်းနိုင်ခြင်းတို့အတွက် ရသခံစားတတ်သော နှလုံးသားကိုလည်း ပိုင်ဆိုင်ရဦးမည် ဖြစ်ပေသည်။

ဘက်စုံဖွံ့ဖြိုးသော လူငယ်များ၏ ဘဝရရှိအောင် ဖန်တည်းထားသော အခြေအနေအရပ်ရပ်တို့ကို လက်ဝယ်ပိုင်ပိုင် ရရှိအောင် လူငယ်တို့က အသုံးချကြရန် လိုပေသည်။ ယနေ့ဆောင်ရွက်နေသော ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများ၊ လူရည်ချွန်စီမံကိန်းများ၊ လုပ်အားပေးစီမံကိန်းများသည် ဘက်စုံဖွံ့ဖြိုးသော လူငယ်များပေါ်ထွန်းအောင် လေ့ကျင့်ပြုစုနေခြင်းဖြစ်ပေသည်။

အဆိုပါ လေ့ကျင့်ပြုစုပေးမှုတို့ကို အပြည့်အဝ ခံယူပြီးလျှင် လူငယ်တို့သည် တောက်ပစိန်းလန်းသော အားသစ်များဖြင့် ဖြည့်လောင်းပြင်ဆင်နေကြရမည်သာ ဖြစ်ပေသတည်း။

**ပျဉ်းမနားမောင်နီသင်း**

လူငယ်ဂျာနယ်၊ ၁၉၇၇၊ မေလ။



# ပျဉ်းမနားမောင်နီသင်း

အမည်ရင်းမှာ ဦးတင်ဝင်းဖြစ်သည်။ ဦးသာအုံးနှင့် ဒေါ်စောရင် တို့မှ ပျဉ်းမနားမြို့၌ (၂၈.၆.၁၉၄၇)တွင် မွေးဖွားခဲ့သည်။ ဆရာမကြီး ဒေါ်ရီရီမြင့် (B.Ed) ၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သည်။ ရန်ကုန်မြို့၌ (၂.၆.၂၀၁၇)တွင် ကွယ်လွန်ခဲ့ပါသည်။

ရန်ကုန်ပညာရေးတက္ကသိုလ်မှ (B.Ed) နှင့် (M.Ed)ဘွဲ့များ ရခဲ့ပြီးမြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့၌ ၁၉၇၁ခုနှစ်မှစ၍ တာဝန် ထမ်းဆောင်ခဲ့ပြီး လ/ထ ညွှန်ကြားရေးမှူးရာထူးဖြင့် သက်ပြည့် အငြိမ်းစားယူခဲ့ပါသည်။

မြန်မာနိုင်ငံစာတတ်မြောက်ရေးဗဟိုကော်မတီဝင် အခြေခံ ပညာကျောင်းသုံးစာအုပ်ကော်မတီ(မြန်မာစာ)အဖွဲ့ဝင်ဖြစ်ပြီး ဂျပန်၊ တရုတ်၊ ထိုင်းနိုင်ငံများ၌ ကျင်းပခဲ့သော 'ပညာရေးနှင့်ယဉ်ကျေးမှု ဆွေးနွေးပွဲ'များသို့ မြန်မာပြည်ကိုယ်စားလှယ်အဖြစ် တက်ရောက် ဆွေးနွေးခဲ့သော ပညာရေးပညာရှင်တစ်ဦး ဖြစ်ပါသည်။

၁၉၆၄ ခုနှစ်တွင် 'ကောက်ရိတ်ချိန်' စာမူဖြင့် အမျိုးသားစာပေဆု

၁၉၆၅ ခုနှစ်တွင် 'ရတနာဦး' စာမူဖြင့် အမျိုးသားစာပေဆု

၂၀၀၁ ခုနှစ်တွင် 'မြစပယ်နှင့်အခြားပုံပြင်များ' စာမူဖြင့် အမျိုးသားစာပေဆု

၂၀၁၁ ခုနှစ်တွင် 'ငှက်ကလေး၏ တေးချိုချိုကဗျာများ' စာမူဖြင့် အမျိုးသားစာပေဆု

စုစုပေါင်း(၄)ကြိမ်တိုင်တိုင် ရရှိခဲ့သော အမျိုးသားစာပေဆုရှင် ဖြစ်ပါသည်။

Design: Saw Wanna(Z